
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး **ဒို့အရေး**
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး **ဒို့အရေး**
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး

**ဒို့အရေး**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ပေါက်ရေးသည်ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောင်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄)ရက်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

# မဂ္ဂဇင်းဝတ္ထုရှည်များ(၄)

www.burmeseclassic.com

www.burmeseclassic.com

**မဂ္ဂဇင်းဝတ္ထုရှည်များ(၄)**
ပထမအကြိမ်၊ ၂၀၀၂ ခုနှစ် စက်တင်ဘာလ၊ အုပ်ရေ ၁၀၀၀

**အဖုံးနှင့် အတွင်းပန်းချီ   စံတိုး**
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၇၅၁/၂၀၀၂ (၈)နှင့် စာမူခွင့်ပြုချက်အမှတ်
၅၉၅/ ၂၀၀၂(၆)တို့အရ ဦးတင်ရှိန် (၀၃၇၆၃) စန်းရောင်ရှိန်စာပေ၊
၄/၁၇၇၊ မေခလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပ ထုတ်ဝေ၍
မျက်နှာဖုံးနှင့် အတွင်းစာသားကို ဒေါ်ခင်ခင်ဝင်း(၀၂၆၇၀)၊
ကလျာအော့ဖ်ဆက်၊ ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏကပုံနှိပ်သည်။

**တန်ဖိုး ၃၅၀ ကျပ်**

**ပါရမီစာပေ**
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail: paramibk@myanmar.com.mm

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | |
|---|---|
| ၁။ ဦးရှုန်ဆားနိုးလာပြီ | ၄ |
| ၂။ မိငယ်သိတဲ့ကိုကိုမောင် | ၃၄ |
| ၃။ အောင်ဇေရမ်းပုံပြင် | ၇၀ |
| ၄။ ကော်ဖီသောက်သူများ | ၈၈ |
| ၅။ ကြောက်လို့ရယ်ဟုတ်ပါဘူး | ၁၁၀ |


www.burmeseclassic.com

www.burmeseclassic.com

ဦးရွှန်သွားရှိသောပြီ



www.burmeseclassic.com

www.burmeseclassic.com

‘ကိုညိမ်းမောင် ကိုညိမ်းမောင်’

ဝေးလံသောအရပ်မှ လွင့်ပါးသောအသံကို ကြားရသည်။ အမှောင်ကမ္ဘာကိုဖြတ်၍ တကျော်ကျော် အော်ခေါ်နေဟန်ရှိသော အသံသည် နီးလာလိုက် ဝေးသွားလိုက် ဖြစ်နေပါသည်။

‘နိုးပလားဗျ၊ ကိုညိမ်းမောင်’

တိုးတိုးသဲ့သဲ့သာ ကြားနေရသောအသံသည် တဖြည်းဖြည်း ပီသလာသည်။ ကျွန်တော့်ဦးခေါင်းထဲတွင် ရီဝေမှုန်မှိုင်းနေပြီး အသိဉာဏ်များသည်လည်း ကစဉ့်ကလျား ဖြစ်နေပါသည်။ ကျွန်တော် မည်သူနည်း။ မည်သည့်နေရာသို့ ရောက်နေသနည်း။

‘ဗျို့ ကိုညိမ်းမောင်၊ ထ လေဗျာ၊ ကျွန်တော်တို့နှစ်ယောက် ခုနစ်ဆယ့်ခုနစ် ခုနှစ်ကို ရောက်နေကြပြီလေ’

ကျွန်တော့်မျက်စိကို အုပ်မိုးထားသော မျက်ခွံများသည် လေးလံလှသည်။ ထိုမျက်ခွံများကိုပင့်တင်ရန် ကျွန်တော်သည် ခဲခဲယဉ်းယဉ်း ကြိုးစားရပါသည်။

‘ထဗျာ ထ၊ ခင်ဗျားအိပ်နေတာ ကြာလှပြီ၊ ခုထိ အိပ်ရေးမဝသေးဘူးလား’

ကျွန်တော့်ကို အပေါ်မှဆီး၍ ငုံ့ကြည့်နေသူတစ်ဦးကို ခပ်ဝါး

www.burmeseclassic.com

www.burmeseclassic.com


ဝါး တွေ့ရသည်။ ကျွန်တော်သည် သူ့ကို ရီဝေစွာ ကြည့်နေမိပါသည်၊ သူ မည်သူနည်း။

'ဟော့လူ ကျွန်တော့်ကိုတောင် မမှတ်မိတော့ဘူးလားဗျ'

သူ၏နဖူးသည် ကျယ်ဝန်းပြန့်ပြူးသည်၊ မေးရိုးကားပြီး စိတ်ဓာတ် ကြံ့ခိုင်ဟန်ရှိကာ နှာတံပေါ်လွင်သည်၊ စူးရှ ထက်မြက်သော မျက်လုံးအစုံနှင့် ကျွန်တော့်ကို စိုက်ကြည့်ကာ ပြုံးရယ်နေသည်။

သူ့ကို ကျွန်တော့်ရင်ထဲမှ သိပါသည်။ ဦးနှောက်က မမှတ်မိသော်လည်း တရင်းတနှီး ခင်မင်သူဖြစ်ကြောင်းကိုကား အလိုလို သိနေပါသည်။

'စဉ်းစားဗျ စဉ်းစား'

သူက အားပေးဟန်နှင့် ပြောသည်၊ တဖြည်းဖြည်း စုစည်းလာနေသော ကျွန်တော်၏အသိဉာဏ်လှိုင်းတို့သည် အချင်းချင်း ရိုက်ခတ်မိသွားသလို ဝင်းခနဲလက်သွားသည်။

'ကိုရှန်ဆား...'

'ဟုတ်ပါ့ဗျာ'

ကျွန်တော်က ဝမ်းသာအားရ အော်လိုက်သော်လည်း အသံတိုးတိုးသာ ထွက်လာပါသည်၊ သူသည် လက်ဖဝါးနှစ်ဖက်ကို အချင်းချင်း ပွတ်သပ်ရင်း နှစ်ခြိုက်စွာ ပြုံးနေပါသည်။

'ခင်ဗျားအသိဉာဏ်တွေ မစုစည်းမိသေးဘူးလား ကိုညိမ်းမောင်၊ ခင်ဗျားရဲ့မျက်လုံးတွေက ရီဝေဝေ ဖြစ်နေတုန်းပဲ'

ဦးရှန်ဆား၏နောက်ဘက်တွင်ရပ်နေသောအဘိုးကြီးက ပြောသည်၊ သူ့တစ်ခေါင်းလုံး ရှိရှိသမျှဆံပင်တို့သည် ငွေရောင် ယှက်သန်းကာ ဖွေးဖွေးဖြူနေပါသည်၊ ဇရာ၏အရိပ်အယောင်သန်းကာ အိကျနေသော မျက်ခွံများအောက်ရှိ မျက်လုံးများကမူ ထက်မြက် မာကျောသော

www.burmeseclassic.com

www.burmeseclassic.com


အသွင်ကို ဆောင်နေသည်၊ သူသည် ကျွန်တော့်ကို အထက်ပြန် အောက်ပြန် ကြည့်ရင်း ကြင်နာစွာ ပြုံးပြသည်။

'နှစ်အစိတ်လုံးလုံးအိပ်နေတာ မညောင်းသေးဘူးလား ကိုညိမ်းမောင်'

'နှစ်အစိတ်...'

ကျွန်တော်က ခပ်ကြောင်ကြောင်ရေရွတ်လိုက်မိသည်၊ ထိုစဉ်တွင် ဦးရှန်ဆားက ကျွန်တော့်လက်များကိုဆွဲကာ ထူမ လိုက်သည်၊ ကျွန်တော်သည် သူ့လက်ကိုအားပြုရင်း အိပ်ရာမှထရန် ကြိုးစားရသည်၊ အကြောအခြင်များသည် မာကျောကာ တောင့်တင်းနေပြီး တစ်ကိုယ်လုံး လေးလံနေသလို ခံစားရသည်။

ယခုမှပင် ကျွန်တော်မြင်ပါတော့သည်၊ ခေါင်းဖြူအဘိုးကြီး၏ ဘေးတွင် လူရွယ်တစ်ဦးကို တွေ့ရသည်၊ သူသည် ကျွန်တော့်ကို အလွန် စိတ်ဝင်စားနေဟန်ရှိသည်၊ ကျွန်တော်၏လှုပ်ရှားမှုကို မျက်ခြည်မပြတ် စူးစူးစိုက်စိုက်ကြည့်နေသည်၊ သူ၏ ဆံပင်များသည် နဂိုက ဖြောင့်တန်းသော်လည်း ယခုတော့လှိုင်းတွန့်လိုကောက်နေပါသည်၊ ထို့ပြင် သူသည် တစ်ခါမှ မဝတ်ဖူးသော ဘောင်းဘီအောက်နား ကားကားကြီးဖြင့် ကော်လာ အကြီးကြီးတပ်ထားသော ရှပ်အကျႌကို ဝတ်ထားသည်၊ သို့ပါသော်လည်း ကျွန်တော့်ကိုလှည့်စား၍မရပါ၊ သူ့ကိုတော့ ကျွန်တော် ကောင်းစွာ မှတ်မိပါသည်၊ သူသည် ကျွန်တော်တို့နှင့် အလွန်ရင်းနှီးခင်မင်သော သိပ္ပံပညာရှင်ကြီး ပရော်ဖက်ဆာ ဆန်းကျယ်ဖြစ်ပါသည်။

'ဦးဆန်းကျယ်...'

ကျွန်တော်က သူ့ဆီလက်ကို ဆန့်တန်းကာ ဝမ်းပန်းတသာ နှုတ်ဆက်လိုက်ပါသည်၊ တစ်စုံတစ်ခု မှားယွင်းသွားဟန်တူသည်၊ သူတို့ သုံးဦးသည် ကျွန်တော့်ကိုကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်မောကြလေသည်။

www.burmeseclassic.com

'ဦးဆန်းကျယ်က ကျုပ်ပါ ကိုညိမ်းမောင်ရဲ့၊ သူက ကျုပ်သား လေး တာတူးလေ၊ ခင်ဗျားစအိပ်တုန်းက သူ ငါးနှစ်သားပဲ ရှိသေးတယ်'

ခေါင်းဖြူအဘိုးကြီးက ရှေ့သို့ တိုးလာကာ ခပ်ပြုံးပြုံး ပြော သည်၊ တဖြည်းဖြည်းစုစည်းရှင်းလင်းလာနေသော ကျွန်တော်၏ အသိ ဉာဏ်ကလေးများသည် ပြန်လည်ရှုပ်ထွေးကုန်သည်၊ သူ ဘာတွေ ပြော နေသနည်း။

'ဒီမှာ ကိုညိမ်းမောင်၊ ခင်ဗျားနဲ့ ကျွန်တော်တို့နှစ်ယောက် ဦး ဆန်းကျယ်ရဲ့ အာယုဗလ ဆေးပင်ပျောက်တာကို စုံစမ်း ထောက်လှမ်း ပေးခဲ့တာကို မှတ်မိတယ် မဟုတ်လား'

ဦးရှန်ဆားသည် ငိုင်တွေတွေဖြစ်နေသော ကျွန်တော်၏ပခုံးကို ဖျတ်ခနဲပုတ်ကာ စကားစသည်၊ ကြာကြာ မစဉ်းစားရပါ၊ ကျွန်တော် သတိရပါသည်၊ ဦးဆန်းကျယ်သည် ဟိမဝန္တာတောင်တန်းအထိ ခြေ ကုန်ဆန့်ပြီး ထိုအာယုဗလဆေးမြစ်ကို ရှာထားခဲ့ခြင်းဖြစ်သည်၊ ဆေး မြစ်ကို အပင်ပျိုး၍ ရှင်သန်လာသောအခါကျမှ ခိုးယူခြင်းခံခဲ့ရရှာသည်၊ ထိုဆေးပင်ကလေး လူမသမာလက်ထဲသို့ရောက်မသွားရေးအတွက် ဦး ရှန်ဆားနှင့်ကျွန်တော်သည် သက်စွန့်ကြိုးပမ်းကြိုးစားခဲ့ကြရပါသည်၊ ကျွန်တော်သည် ကျွန်တော်၏ခြေထောက်ကို ဖျတ်ခနဲ ငုံ့ကြည့်လိုက်မိ သည်၊ ထိုစဉ်က လူဆိုးများနှင့် ယှဉ်ပြိုင်သတ်ပုတ်ရင်း ကျွန်တော့် ခြေ ဖမိုးတွင် ဓားချက်ထိခဲ့ပါသည်၊ ဟုတ်ပါသည်၊ ဓားဒဏ်ရာ အမာရွတ်ကို ခြေဖမိုးပေါ်တွင် တွေ့ရသည်။

'ဆေးပင်ပြန်ရတော့ ဦးဆန်းကျယ်က ကျေးဇူးတင်လွန်းလို့ ဆိုပြီး ဆေးလေး သုံးလုံးပေးခဲ့တယ်လေ၊ အဲဒီဆေးလုံးလေးတွေကို ကျွန် တော်တို့နှစ်ယောက် တစ်လုံးစီ သောက်ခဲ့ကြတယ်'

ဟုတ်ပါသည်၊ ကျွန်တော် ကောင်းစွာ သတိရပါပြီ၊ ပရော်ဖက်

www.burmeseclassic.com

www.burmeseclassic.com


ဆာ ဆန်းကျယ်သည် ကျွန်တော်တို့အား ဆေးလုံးနီနီလေး သုံးလုံးပေးခဲ့သည်၊ အမှတ်မဲ့ကြည့်လျှင် သာမန်ဆေးလုံးဟုထင်ရသော်လည်း အလွန်ထူးခြားသော အာနိသင် ရှိကြောင်း ရှင်းပြခဲ့ပါသည်၊ ယင်းဆေးကို သောက်ချလိုက်ပါက သောက်သူသည် နှစ်ဆယ့်ငါးနှစ်လုံးလုံး အိပ်မောကျသွားမည်ဟု သူက ဆိုသည်၊ ထိုသို့ နှစ်ခြိုက်စွာ အိပ်မောကျနေသောနှစ်ကာလများတွင်လည်း အိုခြင်း၊ နာခြင်းနှင့်သေခြင်းတရားများကိုဟန့်တားထားနိုင်လိမ့်မည်ဟု ရဲရဲဝံ့ဝံ့ အာမခံချက်ပေးသည်။

ကျွန်တော်နှင့် ဦးရှန်ဆားတို့သည် နှစ်ဦးသား အထပ်ထပ်တိုင်ပင်ပြီးမှ ဆေးလုံးလေးများကို သောက်ရန် ဆုံးဖြတ်ခဲ့ကြသည်၊ အနှောင့်အယှက်ကင်းကင်း အိပ်ပျော်နိုင်စေရန်အတွက် ပရော်ဖက်ဆာကြီး၏ အကူအညီကိုပင် ရယူခဲ့ရသည်။ ပရော်ဖက်ဆာကြီးသည် သူ၏မြေတိုက်ခန်းကို ကျွန်တော်တို့နှစ်ဦးအတွက် အသုံးပြုရန် သဘောတူခဲ့ပါသည်၊ ကျွန်တော်တို့ အိပ်ပျော်နေစဉ် ရေဘေး၊ မီးဘေးသာမကခြင်၊ ယင်၊ မှက်က အစပြု၍ ကင်းနှင့် မြွေအဆုံး ပိုးမွှားများ မကိုက်ခဲရန်လည်း ဂရုပြု စောင့်ရှောက်မည်ဖြစ်ကြောင်းလည်း ဝန်ခံကတိပြုခဲ့သည်။

'ကဲ မှတ်မိပြီလား ကိုညိမ်းမောင်၊ ခင်ဗျားတို့နှစ်ယောက်လုံးနှစ်ပေါင်းများစွာ အနှောင့်အယှက်ကင်းကင်းနဲ့ အိပ်ပျော်နေခဲ့ကြတယ်လေ၊ ဆေးကို အတူတူသောက်ခဲ့ကြပေမယ့် ဟောဒီက ကိုရှန်ဆားကတစ်ရက်စောပြီး နိုးလာတာ တစ်ခုပဲ ပြောစရာ ရှိတယ်၊ ဒါကလည်းစိတ်တန်ခိုးနဲ့ ဆိုင်မယ်ထင်ပါရဲ့၊ ဟောဒီလူ ကိုရှန်ဆားက ခင်ဗျားထက်ပိုပြီး စိတ်အင်အားကြီးတာကိုတော့ ခင်ဗျားလည်း သိမှာပေါ့ဗျာ'

ခေါင်းဖြူအဘိုးကြီးသည် ကျေနပ်နှစ်သိမ့်စွာ ပြောသည်၊ ကျွန်တော့်ရင်သည် တဒိန်းဒိန်းခုန်လာပြီး ဦးရှန်ဆားကို အံ့သြခြင်းကြီးစွာနှင့်လှမ်း၍ကြည့်လိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com


'ကြည့်စမ်းပါဦး ကိုညိမ်းမောင်၊ နှစ်ဆယ့်ငါးနှစ်ဆိုတာ နည်းတဲ့ နှစ်တွေလား၊ ဒီလောက်တောင် ရှည်လျားတဲ့အချိန်တွေကို ကျွန်တော်တို့တစ်တွေ မအို၊ မနာ၊ မသေဘဲ ကျော်ဖြတ်ခဲ့ကြပြီလေ၊ လောကဓာတ်ပညာဟာ ဘယ်လောက်ဆန်းသလဲ ဗျာတို့'

'သေချာရဲ့လား ကိုရှန်ဆားရယ်'

ကျွန်တော်က မယုံမရဲနှင့် ချောက်ချောက်ချားချား မေးလိုက်မိသည်၊ ဘောင်းဘီခြေပွနားကြီးဝတ်ထားသော လူရွယ်က ရယ်သော်လည်း ခေါင်းဖြူအဘိုးကြီးက စိတ်တိုသွားဟန်တူပါသည်၊ သူ့ခေါင်းမှ ဆံပင်ဖြူများကို လက်နှစ်ဖက်နှင့်ဆွဲကာ ထောင်ပြသည်။

'သေချာတယ်၊ မသေချာတယ် ဟောဒီမှာကြည့်ဗျာ၊ ဒီဆံပင်တွေက ခင်ဗျားမအိပ်ခင်တုန်းက ဖြူသေးလို့လား'

'ခင်...ခင်ဗျား ဦးဆန်းကျယ် အစစ်နော်'

'ဟုတ်ပ့ါဗျား အစစ်ပါဗျ၊ ရေမရောပါဘူး'

သူ့ကိုယ်သူ ဦးဆန်းကျယ်ဟု အခိုင်အမာပြောနေသည့် ထိုခေါင်းဖြူကြီးကို ကျွန်တော်သည် ဇဝေဇဝါနှင့် ငေးကြည့်နေမိပါသည်၊ မယုံရဲ ယုံရဲနှင့် ရင်ထဲတွင် အပြင်းအထန် လှုပ်ရှားနေပါသည်။

'ဒါဖြင့် အဲ ဒါဖြင့်ရင်...'

'ကဲ ဆို ဘာမေးဦးမလဲ'

'အခု အခု ဘယ်နှခုနှစ်လဲ'

'မှတ်ထား ၁၉၇၇'

'၁၉၇၇ တဲ့လား၊ ဘုရား ဘုရား'

ကျွန်တော့်တစ်ကိုယ်လုံး အံ့သြခြင်း၊ တုန်လှုပ်ခြင်း၊ ဝမ်းမြောက်ခြင်းတို့ ဖုံးလွှမ်းသွားပါသည်၊ တုန်တုန်ယင်ယင် ဖြစ်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com


အောင်မြင်ခဲ့ပေပြီ။

ကျွန်တော်တို့နှစ်ဦး စွန့်စားမှုပြုခဲ့ကြခြင်းသည် အမှန် တကယ်ပင် ဖြစ်ခဲ့ပေပြီ။

'အနောက်တိုင်းပုံပြင်ထဲမှာတော့ ရစ်(ပ)ဗန်ဝင်းကဲ ဆိုတဲ့လူဟာ ဒီလိုပဲ အကြာကြီးအိပ်မောကျသွားတာ ဖတ်ဖူးတယ် ဖေဖေ၊ ဒါပေမယ့် သူ နိုးလာတဲ့အခါကျတော့ အဘိုးကြီးဖြစ်နေပြီ'

တစ်ချိန်လုံးငြိမ်နေသော လူရွယ်က ဝင်ပြောသည်၊ ထို့နောက် ချောက်ချောက်ချားချားဖြစ်နေသော ကျွန်တော့်ကို ဖေးမကာ ခုတင်ပေါ်မှ ဆင်းစေပါသည်။

ကျွန်တော့်အကြောအခြင်များသည် အသုံးမပြုသည်မှာ ကြာလှပြီဖြစ်သဖြင့် လေးလံတောင့်တင်းနေပါသည်၊ လမ်းလျှောက်၍ ရသော်လည်း ပုံပန်းမကျဘဲ ဆတ်တောက် ဆတ်တောက်ဖြစ်နေပါသည်။

'နိုးစမို့ပါ ကိစ္စမရှိပါဘူး၊ ခဏနေရင် ကောင်းသွားမှာပါ၊ ကိုရှန်ဆားကို ကြည့်ပါလား' ပရော်ဖက်ဆာ ခေါင်းဖြူကြီးက အားပေး စကား ပြောသည်။

ကျွန်တော့်ထက် တစ်ရက်စော၍ နိုးနှင့်နေသော ဦးရှန်ဆားသည်လည်း လက်များကိုလွှဲကာ ခပ်သွက်သွက် လမ်းလျှောက် ကြည့်နေသည်၊ ကျွန်တော်ကဲ့သို့ အချိုးမကျမဖြစ်ဘဲ နုပျိုရွှင်လန်းပြီး ဖျတ်လတ်နေပါသည်၊ သူသည် ၁၉၇၇ ခုနှစ်၏ လေပြည်အေးကို တစ်ဝကြီး ရှူရှိုက်ကာ ကျေနပ်စွာ ပြောသည်။

'ကိုညိမ်းမောင်ရေ ပုံပြင်ထဲကလူထက် ကျွန်တော်တို့က သာတာပေါ့၊ မအိပ်ခင်က အရွယ်အတိုင်းပဲလေ ဟန်မကျလားဗျာ'

ဟုတ်ပါသည်၊ အလွန်ပင် ဟန်ကျပါသည်။

ပုံပြင်ထဲကလူထက် ကျွန်တော်တို့က သာပါသည်။

www.burmeseclassic.com

www.burmeseclassic.com


နှစ်ပေါင်းအစိတ်လုံးလုံးကို မအို၊ မနာ၊ မသေဘဲ အနှောင့်အယှက်ကင်းစွာ ဖြတ်ကျော်ခဲ့ကြပါပြီ၊ အသစ်တစ်ဖန် ပြန်လည် နိုးကြားလာခဲ့ကြပါပြီ။

'ကိုညိမ်းမောင်ရေ၊ အသည်းဝါရောဂါတွေ ဖြစ်နေတယ်တဲ့၊ ယင်နားစာကို ရှောင်ပါတဲ့ဗျ၊ သတိထားနော'

ဦးရှန်ဆားက သတင်းစာဖတ်ရင်း ပြောသည်၊ သူသည် သတင်းစာကို သူအလျင် ဦးအောင်ဖတ်ရမှ ကျေနပ်သောသူ ဖြစ်သည်၊ ထို့ကြောင့် သူဖတ်ပြီး ဖယ်လိုက်သော သတင်းစာကိုမှ ကျွန်တော်က ကောက်၍ ဖတ်ရပါသည်။

'အမှုသည်တော့ မြန်မြန်လာမှ ဖြစ်တော့မယ် ကိုညိမ်းမောင်၊ အမှုရှားတော့ မနေတတ်ဘူးဗျ'

ဦးရှန်ဆားက နေရာမှထရင်း ပြောသည်၊ ကျွန်တော်လည်း သူ့လိုပင် အမှုသည်ကို မြန်မြန်လာစေချင်ပါသည်၊ အမှုရှား၍ မနေတတ်သောကြောင့်တော့ မဟုတ်ပါ၊ ငွေလိုသောကြောင့် ဖြစ်ပါသည်။

'ဟော ပြောရင်း ဆိုရင်း မိန်းကလေးတစ်ယောက်တော့ လာနေပြီ ကိုညိမ်းမောင်ရေ'

ဦးရှန်ဆားသည် ပြတင်းပေါက်မှ ကဲ၍ကြည့်ရင်း ပြောလေသည်၊ မကြာမီ တဖျတ်ဖျတ် လှမ်းတက်လာသော ခြေသံကို ကြားရသည်၊ ထို့နောက် တံခါးခေါက်သံကို ကြားရသည်၊ ကျွန်တော်သည် တံခါးဆီသို့ ခပ်သွက်သွက်သွားကာ ဖွင့်ပေးလိုက် ပါသည်။

'ဦးရှန်ဆားဆိုတာ ဘယ်သူလဲဗျ'

မိန်းကလေးက အသံသြသြကြီးဖြင့်ပြောသောအခါ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com


ရတ်တရက်လန့်သွားပါသည်၊ သူ့ကို အလန့်တကြား မော်ကြည့်မိသော အခါမှ သူ့လည်ပင်းရှိ ကြီးစွာသောစလုတ်ကြီးကိုသတိပြုမိသည်၊ ထို့ အတွက်ကြောင့် သူ့ရင်ပတ်သည် ပြားနေခြင်း ဖြစ်ရပေမည်၊ သူသည် မိန်းကလေးမဖြစ်နိုင်၊ ယောက်ျားစင်စစ် ဧကန်ဖြစ်ရပါမည်။

'ဦးရှန်ဆားဆိုတာ ကျုပ်ပါ၊ သူက ကျုပ်ရဲ့မိတ်ဆွေ ကိုညိမ်း မောင်ပါ'

ဦးရှန်ဆားသည်လည်း ကျွန်တော်တို့ကဲ့သို့ပင် လန့်သွားဟန် ရှိသည်၊ သို့သော် သူသည် ချက်ချင်းက္လန္တွေဆည်ကာ ဟန်မပျက် ဖြေ လိုက်နိုင်သည်။

'ခင်ဗျားစုံထောက်နော်'

'ဟုတ်ပါ့ဗျာ'

ကျွန်တော်က မိန်းမဟု ထင်လိုက်မိသော်လည်း စင်စစ်အား ဖြင့် ယောက်ျားဖြစ်နေသော ထိုသတ္တဝါလေးသည် ဦးရှန်ဆားကို ခြေဆုံး ခေါင်းဆုံး ကြည့်လေသည်။

'ကျွန်တော့်ဒယ်ဒီက ဘာပေါက်တယ်မသိဘူး၊ အမှုတစ်ခု အပ် ချင်တယ်ဆိုပြီး ခင်ဗျားကို ခေါ်ခိုင်းလိုက်တယ်'

'အမှုသည်ဆိုတာ စုံထောက်ဆီကိုသာ လာရရိုးထုံးစံရှိတာ ဒီကမိတ်ဆွေလေး သိမယ်ထင်ပါရဲ့'

ဦးရှန်ဆားက ခပ်တင်းတင်းပြောလိုက်၍ ကျွန်တော် ကျေနပ် သွားပါသည်၊ သူလည်း ကျွန်တော်ကဲ့သို့ပင် ထိုသတ္တဝါလေးကို ကြည့် နေရင်း ကသိကအောက် ဝေဒနာကို ခံစားရဟန်တူပါသည်။

'ဒါက ဒါကတော့ ဒီလိုရှိတယ်လေ၊ ဒီလိုပါ ကျွန်တော့် ဒယ်ဒီ က အိပ်ရာထဲ လဲနေတဲ့ လူမမာပါ'

'ဩော် ဒီလိုလား'

www.burmeseclassic.com

www.burmeseclassic.com


'နောက်ပြီး ဒယ်ဒီက ကျွန်တော့်ကိုလည်း သိပ်ကြည်တာ မဟုတ်ဘူး၊ ကျွန်တော်ပြောလည်း အကောင်းထင်တာ မဟုတ်ဘူး၊ အခု လည်း ရာခိုင်းတယ်၊ အများကြီးပါ၊ စုံထောက်တွေအများကြီးရှိပါတယ်၊ အလွတ်စုံထောက်တွေ ဒုနဲ့ဒေး၊ ကျွန်တော် လူတော်တွေကို ထောက်ပြ တယ်၊ အဘိုးကြီးက အကောင်းမထင်ဘူး၊ အဘိုးကြီးဆိုတော့လည်း ခေတ်နဲ့ အံမဝင်ဘူး၊ အောက်နေပြီ၊ နဲဗားမိုင်းလေ၊ ကိစ္စမရှိပါဘူး၊ သူက ဒီနာမည်ကြားကတည်းက ဦးရှန်ဆားမှ ဦးရှန်ဆားဆိုတော့လည်း ကျွန် တော်က ဦးရှန်ဆားကိုပဲ လာခေါ်ရတော့တာပေါ့၊ ဟုတ်ဘူးလား'

သူသည် သူ၏ကောက်လိမ်နေသော ဆံပင်ပွပွကြီးကို လက် နှင့် သပ်တင်ရင်း မကျေမနပ်ပြောသည်၊ သူ၏လက်သန်း နှင့် လက်သူ ကြွယ်ရှိ လက်သည်းများသည် လက်မဝက်ခန့်ရှည်နေကာ အနီရောင် ဆိုးထားသည်ကို တွေ့ရသည်။

ကျွန်တော့်မှာတော့ ခုထိ အံ့သြစိတ် မကုန်သေးပါ။ ဆံပင်ရှည် နှင့်၊ သနပ်ခါးနှင့်၊ လက်သည်းနီနှင့်၊ အင်္ကျီကျားနှင့် တန်ဆာဆင်အပ် သော ၁၉၇၇ ခုနှစ်၏သားပျို ထိုသူတစ်ဦးကို ငေး၍ ကြည့်နေမိပါ သည်။

'လိပ်စာပေးခဲ့လေ၊ ကျုပ် ညနေပိုင်းလာခဲ့ပါ့မယ်'

'တစ်ခါတည်း လိုက်လာနိုင်ရင်တော့ ဒယ်ဒီက ပိုကြည်မှာပဲ'

'ဝမ်းနည်းပါတယ် မိတ်ဆွေလေး၊ မလိုက်နိုင်ပါဘူး'

ဦးရှန်ဆားက ခပ်တင်းတင်းပင်ပြောသည်၊ တစ်ခါတည်း လိုက်သွားလျှင် ပို၍အဆင်ပြေမည် ဖြစ်သော်လည်း ဦးရှန်ဆားက လိုက် လိုဟန်မရှိချေ၊ သူ့ပြောဟန်ဆိုဟန် လေသံများကို ကျွန်တော်ကဲ့သို့ပင် ဦးရှန်ဆားသည်လည်း နှစ်သက်မည် မဟုတ် သည်မှာ သေချာပါသည်။

'ဒီလိုဆို အိမ်နံပါတ်(...) အင်းလျားလမ်း'

www.burmeseclassic.com

www.burmeseclassic.com


'ကောင်းပြီလေ၊ ဦးခင်ဇော်ကို ပြောလိုက်ပါ၊ ကျုပ် ညနေ ငါးနာရီ အရောက်လာခဲ့ပါ့မယ်လို့ ဟုတ်လား ရစ်ချတ်'

သူ့အမည်ကိုသာမက သူ့ဖခင်အမည်ကိုပါ တန်း၍ ပြောလိုက်သဖြင့် ထိုသတ္တဝါလေးသည် တအံ့တသြဖြစ်သွားပုံ ရသည်၊ ဦးရှန်ဆားနှင့် ပေါင်းလာသည်မှာ ကြာမြင့်လှပြီဖြစ်၍ ကျွန်တော်ကတော့ သိလိုက်ပါသည်။ သူ ကိုင်ထားသော သားရေအိတ် အမည်းလေးတွင် ရစ်ချတ် ခင်ဇော်ဟူသော အမည်ပြားလေး ကပ်ထားသည်၊ ထိုအခါ သူ့အမည်သည် ရစ်ချတ်ဖြစ်ပြီး သူ့ဖခင်သည် ဦးခင်ဇော်ဖြစ်ကြောင်း ဇေဒင်မေးရန်မလိုဘဲ သိနိုင်ပါသည်။

'ဟာ ဘယ်ဆိုးလို့လဲ၊ ဒါကြောင့်လည်း ဒယ်ဒီက ပြောတာကိုး၊ ဒီစုံထောက် တော်မှာပါတဲ့'

အကြောင်းရင်းကိုမရိပ်မိသော သတ္တဝါလေးက ပါးစပ်ပြဲသွားကာ တအံ့တသြချီးကျူးလိုက်သည်၊ ဦးရှန်ဆားက မပြုံးမရယ်နှင့် ခေါင်းကို မသိမသာညိတ်ကာ ထပ်၍ပြောသည်။

'ညနေ ငါးနာရီ ဟုတ်လား၊ အဲဒီတော့ တွေ့ကြတာပေါ့'

သူပြန်ထွက်သွားသောအခါ ဦးရှန်ဆားသည် သက်ပြင်း တစ်ချက် ချလိုက်သည်၊ ကျွန်တော်ကလည်း အားကျမခံ သူ့ထက်ကြီးသော သက်ပြင်းကို ဟင်းခနဲ ချလိုက်ပါသည်။

'စုံထောက်ကတော့ ဘယ်လိုနေမယ်မသိဘူး၊ စုံထောက်ရဲ့ ချစ်မိတ်ဆွေကြီး ကျွန်တော်တော့ ဦးနှောက်ခြောက်သွားပြီဗျို့'

'ဘာလို့တုံးဗျာ'

ဦးရှန်ဆားက ဆေးတံခဲရင်း တည်တည်ကြီးမေးပါသည်။

'လမ်းမှာ လူတစ်ယောက်တွေ့လို့မှ ယောကျ်ားမိန်းမ ရုတ်တရက် ဘယ်လိုခွဲရမလဲ ကိုရှန်ဆားရဲ့'

www.burmeseclassic.com

www.burmeseclassic.com


'လွယ်ပါတယ်ဗျ'

'ဆိုစမ်းပါဦး'

'အသာလေး အနားကပ်သွားပြီး သူ့ဖင်ကို ခပ်နာနာ ဆိတ်ကြည့်လိုက်ပေါ့'

'အဲဗျာ...'

'မိန်းကလေးဆိုရင် ခင်ဗျားကိုလှည့်ပြီး ပါးချလိမ့်မယ်၊ အဲ... ယောကျာ်းလေးဆိုရင်တော့ ဆွဲထိုးလိမ့်မယ်ဗျ'

ဦးရုန်ဆားက အမှန်ဆုံးစကားကိုပြောကာ ပြုံးနေသည်။ အမူတစ်ခု လက်ခံရရှိပြီဖြစ်သဖြင့် သူ့အသွင်သည် ရွှင်လန်း တက်ကြွနေပါသည်။

'အမှုရှားနေတုန်းမို့သာ လက်ခံလိုက်ရတယ်၊ အမှုကတော့ စိတ်ဝင်စားလောက်စရာ ဟုတ်ပါ့မလား မသိပါဘူးဗျာ၊ ညနေ ခင်ဗျား လိုက်မလား ကိုညိမ်းမောင်'

'လိုက်ရတာပေါ့ဗျာ၊ ကျွန်တော်လည်း ရေးစရာလေး ဘာလေး ရတာပေါ့'

စာတိုပေစ ရေးလိုသောကြောင့်သာ လိုက်လာရသော်လည်း ဘတ်(စ)ကားမှတ်တိုင်မရောက်မီပင် ကျွန်တော် ပြန်လှည့်ချင်စိတ် ပေါက်လာ သည်။

ကျွန်တော်မအိပ်ခင်ကာလက လန်ခြား၊ မြင်းရထားနှင့် ဆိုက်ကားတို့သာ အများဆုံးကြီးစိုးသော လမ်းငယ်အသွယ်သွယ်တို့တွင် ပုံစံအမျိုးမျိုးသော အရောင်အမျိုးမျိုးသော ကားကြီး ကားငယ် ကားလတ် ကားသေးကလေးများသည် တဝီဝီ ပြေးနေကြသည်။ ကျွန်တော့် ဘေးမှ ဖြတ်၍ ဝီခနဲ ဝေါခနဲ ဖြတ်ပြေးသွားသော ကားများကိုကြည့်ရင်း ကျွန်တော့်နှလုံးသားလေးသည် တဒိတ်ဒိတ်ခုန်ပေါက်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com


'ဘုရား ဘုရား၊ ကိုရှန်ဆားရယ် မြန်လိုက်တာ လေယာဉ်ပျံတွေ များလား ဗျာတို့'

'မြေပေါ်မှာပြေးနေတာ လေယာဉ်ပျံဖြစ်နိုင်ပါ့မလား ကိုညိမ်းမောင်ရဲ့'

'များလိုက်တာ အရောင်တွေကိုစုံလို့ လှသဗျာ'

'ကျုပ်တို့ပြည်ကြီး ဒီလောက်တိုးတက်နေတာ ဝမ်းသာစရာကောင်းတယ်ဗျ'

'ဟုတ်ပါ့ဗျာ'

ဤမျှနှစ်ကာလအတွင်းတွင် ကျွန်တော်တို့လူမျိုးများသည် မော်တော်ကားကို ဤမျှတွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်သည်မှာ ဂုဏ်ယူအားတက်စရာကြီးပင်၊ ကျွန်တော်သည် လမ်းဘေး၌ရပ်ရင်း လှသော မြန်သော ကားကလေးများကို ငေးနေမိပါသည်။

'ကဲ ငေးမနေနဲ့ ကိုညိမ်းမောင် လာ ဟိုဘက်လမ်း ကူးကြမယ်'

ကျွန်တော်ငေးမောကြည့်၍ ကောင်းဆဲတွင် ဦးရှန်ဆားက လမ်းတစ်ဖက်သို့ ကူးရန်ဟန်ပြင်သည်။

'ဟာ ကျွန်တော် မကူးရဲဘူးဗျ'

'လာပါဗျ ခင်ဗျားကလဲ'

'ကြည့်ပါဦး ဒီလောက်တောင် တဝီးဝီးပြေးနေတဲ့ ကားတွေကြားထဲက ကျွန်တော်ဘယ်လိုကူးရမလဲ၊ ဗျို့ ကိုရှန်ဆား၊ အို ဒီလိုမလုပ်နဲ့လေ ကားဆိုတာ တိုက်ရင်သေတတ်တယ်၊ ဟိုး ကြောက်စရာကြီး'

ကျွန်တော်က ကတုန်ကယင်ပြောနေစဉ် ဦးရှန်ဆားက စိတ်မရှည်သလို ကျွန်တော့်လက်ကောက်ဝတ်ကို တင်းတင်းဆုပ်ကိုင်လိုက်သည်၊ ထို့နောက် ဆွဲခေါ်သွားသောကြောင့် ကျွန်တော်လည်း ကန့်လန့်ကန့်လန့် ပါလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com


'ခင်ဗျားကလည်း တောသားကျနေတာပဲ ဟိုမှာမတွေ့လား၊ မီးနီနေတာ၊ ကားတွေရပ်နေတုန်း ခပ်သွက်သွက် ဖြတ်ရတယ်ဗျ'

ဦးရှန်ဆားက မျက်မှောင်ကုတ်၍ ပြောပါသည်၊ သူ စိတ်တို လျှင်လည်း တိုပါစေတော့၊ ကျွန်တော့်ကို သတ္တိနည်းသည်ဟု အပြစ်တင် လိုကလည်းတင်ပါစေတော့၊ ကျွန်တော့်ခမျာမှာ လမ်းသည်ဘက်မှ ဟို ဘက်ကူးရသည်ကို စွန့်စားခန်းကြီးတစ်ခုလို ရင်ဖိုမိသည်ကား အမှန်ပါ ပင်၊ ပရော်ဖက်ဆာဆန်းကျယ်၏ အာယုဗလဆေးပင်ကို ပြန်လည် အရ ယူရေးအတွက် လူဆိုးများနှင့်တိုက်ခိုက်ခဲ့ရစဉ်ကပင် ထိုမျှလောက် ရင် မခုန်ခဲ့ရသည်ကို အမှတ်ရမိပါသေးသည်။

ထိုစဉ်တွင် ကျွန်တော်တို့ဘေးမှ ကပ်၍ဖြတ်သွားသော ကား ပြာလေးတစ်စင်းကို ရုတ်တရက် အာရုံစူးစိုက်မိသည်၊ ကားအတွင်းမှ တေးသံစုံ ထွက်နေသောကြောင့် ဖြစ်သည်၊ ကားမောင်းသူသည် ယောက်ျားမိန်းမခွဲခြားရန်ခက်သော ခုနစ်ဆယ့်ခုနစ်ခု၏သားပျိုကလေး ပင် ဖြစ်ပါသည်၊ ကားထဲတွင်သီချင်းဆိုနေသူကိုလည်းကောင်း၊ ဆိုင်း တီးနေသူကိုလည်းကောင်း မတွေ့ရပါ။ ဧကန္တ ဓာတ်စက်ထည့်ထား သည် ထင်သည်။ သို့သော် ဓာတ်စက်ကိုလည်း မတွေ့ရပါ။ မြူးကြွ သော ကုလားဆိုင်းနှင့်အတူ အသံကုန်ဟစ်လိုက်သော မြန်မာ့အသံကွဲ ကြီးကို ကြားလိုက်ရ၍ လန့်ပြီးခုန်လိုက်မိပါသည်။

'ဖရဲသီးချိုတာ...နင်သိလား...၊
နင့်ကို ငါချစ်တာ နင်သိလား...၊
ဟို...ဟိုး...ဟေး...ဟေး
ငရုတ်သီးစပ်တာ...သိရဲ့လား...၊
ငရုတ်သီးစပ်တော့ ချစ်တာပေါ့...
ဟိုး...ဟေး...ဟေး...မယုံရင် စားကြည့်...၊

www.burmeseclassic.com

www.burmeseclassic.com


တကယ့်ကိုစပ်၊ အသည်းထိအောင်စပ် အား...ဟား'

ဂီတသံဖမ်းစားလိုက်၍ ဦးရှန်ဆားသည်လည်း ကျွန်တော့်လို ပင် မှင်တက်မိသွားပါသည်၊ လမ်းလယ်ခေါင်တွင် တုန့်ခနဲ ရပ်လိုက် ရင်း ကုလားဆိုင်းနောက်ခံ ကုလားအလိုက်နှင့် အားရပါးရ သီဆိုနေ သော ကွဲသော ပြဲသော ပြာသော အသံကြောင်ကြီးကို မျက်လုံး အပြူး သားနှင့် နားသောတဆင်နေပါသည်။

'ဘုရားရေ ကိုရှန်ဆား အဲဒါဘာသီချင်းလဲ'

'မြန်မာစကားတွေ ကြားလိုက်မိတယ်ထင်တာပဲ'

ဦးရှန်ဆားက ဇဝေဇဝါပြောသည်။

'အေးဗျ၊ ငရုတ်သီးစပ်တော့ ချစ်တာပေါ့...တဲ့၊ အမလေး...ဗျ'

ကျွန်တော်၏နောက်ဘက်မှကားသည် ပေါ်ခနဲ ဟွန်းနှိပ်လိုက် ပြီး စက်ရှိန်မြှင့်လိုက်သည်၊ မီးနီသည် စက္ကန့်ပိုင်းအတွင်း စိမ်းတော့မည်။

'ဟေ့လူ ဟေ့လူ မြန်မြန်ကူး၊ မီးစိမ်းတော့မယ်'

ဦးရှန်ဆားနှင့်ကျွန်တော်သည် တစ်ဦးလက်ကိုတစ်ဦး တင်း တင်း ဆုပ်ရင်း ဒရောသောပါးဖြတ်ပြေးကြရသည်၊ ကံကောင်း ထောက် မ သဖြင့် ဘေးမသီရန်မခဘဲ လမ်းတစ်ဖက်သို့ ချောချောမောမော ရောက်သွားပါသည်၊ သို့သော်လည်း အနားမှ ကပ်၍ ဖြတ်သွားသော ကားဝါဝါလေးထဲမှ ခေါင်းတစ်လုံးပြူထွက်လာပြီး မကျေမနပ် အော် သွားပါသည်။

'တောက တက်လာတဲ့ ပုဂ္ဂိုလ်ကျော်ကြီးတွေနော်၊ ပညာတွေ သိပ်လိုချင်နေပြီ ထင်တယ်၊ ဟင်း တစ်ပုံတစ်ပင်ကြီး ပေးလိုက်ရမလား'

'ကိုရှန်ဆားရေ၊ သူဘာတွေပြောသွားတာလဲဗျ'

အသေအချာ အစအဆုံး ကြားလိုက်ရသော်လည်း သူ ဘာကို ဆိုလိုသနည်း၊ ကျွန်တော် ကောင်းစွာ နားမလည်ပါ၊ ကျွန်တော်တို့၏

www.burmeseclassic.com

www.burmeseclassic.com


အသက် တစ်ဝက်လောက်သာ ရှိမည်ဖြစ်သော သူကောင်းသားလေးက ကျွန်တော်တို့ကို မည်ကဲ့သို့သော ပညာအမျိုးအစားတွေ တစ်ပုံတစ်ပင်ကြီး ပေးမည်နည်း၊ ကျွန်တော် မစဉ်းစားတတ်ပါ။

'ငိုင်မနေနဲ့ ကိုညိမ်းမောင်၊ နှစ်ပေါင်းအစိတ်ဆိုတာ နည်းတာမှ မဟုတ်တာ၊ ဒီကြားထဲမှာ ဒီလို ကွာဟချက်တွေက အများကြီး ရှိနေမှာပဲ၊ လာဗျာ သွက်သွက်ကလေး၊ တော်ကြာ ချိန်းထားတာ နောက်ကျနေဦးမယ်'

ဦးရှန်ဆားသည် ကားမှတ်တိုင်သို့ ဦးတည်ကာ ခြေလှမ်းကျဲကြီးနှင့် လျှောက်သွားသည်၊ သူသည် အချိန်ကို တိကျလေးစားသူ ဖြစ်ပါသည်၊ ချိန်းလျှင် ချိန်းထားသည့်အချိန်အတိုင်း တစ်မိနစ်ပင် အစွန်းမခံဘဲ ရောက်လိုသူဖြစ်ပါသည်။

ကားမှတ်တိုင်တွင် ကျွန်တော်တို့ထက်အလျင်ဦးစွာ ရောက်နှင့်နေသော လူများစွာကို တွေ့ရသည်၊ သူတို့သည် လည်ကို ဆန့်၍ ကားလာမည့်ဘက်ကို တညီတညာတည်း မျှော်ကြည့်နေကြပါသည်၊ ကြာကြာ မစောင့်ရပါ၊ ကျွန်တော်အပါအဝင် ကားမှတ်တိုင်ရှိ လူအားလုံး အမျှော်ကြီး မျှော်နေသော ဘတ်(စ)ကားကြီး တလိမ့်လိမ့်လာနေသည်ကို မကြာမီပင် လှမ်း၍တွေ့လိုက်ရသည်။

'ဘယ်လို တက်ရမလဲ ကိုရှန်ဆားရေ၊ ကျပ်နေတယ်ဗျ'

ကားကြီး၏အတွင်းထဲ၌သာမက ရှေ့ပေါက် နောက်ပေါက်တွင် ခိုဆွဲကာ လိုက်ပါလာသူများပင်လျှင် လျှံပြီးအန်ထွက်နေဟန်ရှိပါသည်။

'ဒီလိုဘဲ တက်ရမှာပဲဗျ တိုး တိုးထား၊ တော်ကြာ နောက်ကျနေဦးမယ်'

ဦးရှန်ဆား၏အသံကို ကြားရသောအခါ ကျွန်တော်သည်

www.burmeseclassic.com

www.burmeseclassic.com


ပါးစပ် အဟောင်းသား ငေးမနေအားတော့ဘဲ ကားပေါ်ရောက် ရေးကို အပြင်းအထန် အားထုတ်ရပါတော့သည်။ ကျွန်တော့်ခြေဖျားကို တစ်စုံတစ်ဦးက တက်နင်းလိုက်သည်ကိုလည်း ဂရုမစိုက်နိုင်ပါ၊ ကျွန်တော်က တရုတ်မကြီးတစ်ယောက်၏နံကြားကို တံတောင်နှင့် ဆောင့်လိုက်မိသည်ကိုလည်း မတောင်းပန်အားပါ၊ လူအုပ်ကြားထဲတွင် တံတောင်ကိုလည်းသုံးသည်၊ ဒူးနှင့်လည်းတိုက်သည်၊ လက်ဝါးနှင့်လည်းတွန်းသည်၊ ချွေးနံ့ကိုလည်း ရှူမိသည်၊ ကော်ဖီမှုန့်နံ့ကိုလည်း ရှိုက်မိသည်၊ ပုပ်အဲ့အဲ့ငါးပုပ်ခြောက်နံ့ကိုလည်း ရလိုက်သည်၊ သို့သော်...သို့သော် ကျွန်တော်တို့ နှစ်ဦးလုံး ကားပေါ်ရောက်အောင် မတိုးနိုင် မတက်နိုင်ပါ၊ ပလက်ဖောင်းပေါ်တွင် သာခွေယိုင်လျက် ကျန်ခဲ့ပါသည်။

'ဗျိုး...ကိုညိမ်းမောင် ဒီလိုပုံတော့ဖြင့် မဖြစ်ဘူးထင်တယ်၊ တက္ကစီငှားကြစို့ရဲ့'

ဦးရှန်ဆားက ချိန်းဆိုထားသောအချိန်တွင် အမီမရောက်နိုင်မည်ကို စိုးရိမ်လာဟန်ရှိသည်။ ကျွန်တော် သူ့ကို ဘာမှ ပြန်မပြောနိုင်သေးပါ။ တိုးတက်ရေးကြိုးပမ်းရင်း အမောကြီးမောသွားသဖြင့် ပါးစပ်ကို ဟကာ အသက်ပြင်းပြင်း ရှူနေရပါသည်။

ကျွန်တော့်ရှေ့တွင် ကျွန်တော်တို့ကဲ့သို့ပင် ဘတ်(စ)ကားစောင့်နေဟန်ရှိသောမိန်းကလေးတစ်ဦးကို တွေ့ရသည်။ သူ ဝတ်ထားသောအင်္ကျီသည် ကောက်ညှင်းထုပ်သဖွယ် အထစ်ထစ် ဖြစ်နေပါသည်။ ခါးအထက်ပိုင်းတွင် တစ်ထစ်၊ လက်မောင်းရင်းတွင် တစ်ထစ်၊ လက်မောင်းတွင် တစ်ထစ်၊ တံတောင်ဆစ်တွင် တစ်ထစ်၊ လက်အဖျားနားရောက်သောအခါတွင်ကား ပွ၍ အကျယ်ကြီးဖြစ်သွားပါသည်။ ခေတ်အလိုက် ဆင်ယင်ထုံးဖွဲ့မှုများသည် ထာဝစဉ်ပင် ပြောင်းလဲနေမည် ဖြစ်ပါသည်။ ကျွန်တော် အပြစ်မပြောဝံ့ပါ။ သို့သော် သူ့ကိုကြည့်ရသည်မှာ

www.burmeseclassic.com

www.burmeseclassic.com


မျက်စိထဲတွင်ခိုးလိုးခုလုဖြစ်နေသည်ကိုကားဝန်ခံရပါမည်။ ထိုစဉ်တွင် မိန်းကလေးသည် မျက်တောင်တစ်ချက်နှစ်ချက်ခတ်လိုက်သည်။ ရုတ်တရက်မို့ ကျွန်တော်လန့်သွားပြန်ပါသည်။ သူ၏ မျက်လုံးနှင့် မျက်ခုံးကြား မျက်ခွံမို့မို့ နေရာကျဉ်းကျဉ်းလေးဝယ် အပြာရောင် အစိမ်းရောင်နှင့် အဖြူရောင် ခရမ်းရောင်များပါမကျန် သက်တံ့သဖွယ် ပြိုးပြိုးပြက်ပြက် လက်နေပါသည်။

'ဟင်း...'

ကျွန်တော်သည် သက်ပြင်းတစ်ချက်ချလိုက်မိသည်။ နဖူးပြင်တွင် စီရရီသီးနေသော ချွေးများကိုသုတ်ရန် တိုက်ပုံအင်္ကျီ အိတ်တွင်းမှ လက်ကိုင်ပုဝါကို ထုတ်ယူလိုက်ပါသည်။

'ဟော...ဗျာ'

လက်ကိုင်ပုဝါကိုမစမ်းမိဘဲ ကျွန်တော်၏လက်သည် အောက်ဘက်သို့ တိုးလျှိုပေါက်ကျသွားပါသည်။ ကျွန်တော် အိပ်ရာမှ နိုးပြီး မကြာခင်ကမှ ချုပ်ထားသော တိုက်ပုံအင်္ကျီကလေးသည် ဟက်တက်ပြဲလျက် ရှိချေပြီ။

'ဘလိတ်ဓားနဲ့ ခွဲသွားတာပဲဗျ၊ ခုန တိုးတက်ရေးလုပ်တုန်းက ထင်ပါရဲ့'

ဦးရှန်ဆားက ခပ်တိုးတိုးပြောသည်၊ ကျွန်တော့်အိတ်ထဲတွင် ငွေငါးဆယ်ထည့်လာခဲ့ပါသည်၊ ခုတော့ မောင်မင်းကြီးသား ခါးပိုက်နှိုက်ကို ပူဇော်ပသလိုက်ရချေပြီ။

'ဒီလောက်ပဲ ပါသွားတာ တော်သေးတာပေါ့ဗျာ...'

ဦးရှန်ဆားက ဖြေသိမ့်သလိုပြောပါသည်၊ သူက ဖြေသိမ့်သော်လည်း ကျွန်တော်၏မျက်နှာသည် ရှုံ့မဲ့မဲ့ဖြစ်နေသည် ထင်ပါသည်၊ ကောက်ညှင်းထုပ်မယ်ကလေးသည် လှမ်းကြည့်ပြီး မသိမသာ ပြုံးနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com


သူကပြုံးသောအခါ ကျွန်တော့်မျက်နှာသည် ပို၍မဲ့သွားပါသည်၊ ထို့ကြောင့် ဒေါသဖြစ်ဖြစ်နှင့် တအားကုန်းအော် လိုက်သည်။

'ဟေး...တက္ကစီ...အားသလား...'

မည်သို့ပင်ဆိုစေ ကျွန်တော်တို့သည် အင်းလျားလမ်းရှိ ဦးခင်ဇော်၏ နေအိမ်သို့ ညနေငါးနာရီ အရောက်လာနိုင်ခဲ့ကြပါသည်။ ကျွန်တော်တို့နှစ်ဦးကို ထိုနေရာသို့ဆောင်ကြဉ်းပို့ဆောင်ပေးသော သုံးဘီးဆရာကိုကား အသပြာတစ်ဆယ် ပသ လိုက်ကြရပါသည်။

ဦးခင်ဇော်သည် ကျွန်တော်တို့ကို ဧည့်ခန်းမှာထွက်၍ မတွေ့နိုင်ပါ၊ ထို့ကြောင့် သူ၏အိပ်ခန်းအတွင်းသို့ ဝင်ခဲ့ကြရသည်။

'ဦးရှန်ဆား ဆိုတာလား'

ကြေးခုတင်ကြီးပေါ်ရှိ အဘိုးကြီးက လေသံတိုးတိုးနှင့် ပြောသည်၊ ထို့နောက် ကျွန်တော်တို့ကို သူ၏ခုတင်ဘေးရှိ ကနုတ်ပန်းခက်များ ထွင်းထုထားသော ရှေးဟောင်းကုလားထိုင်ကြီးများပေါ်တွင်ထိုင်ရန် လက်ပြသည်။

သူသည် အတန်ကြာအောင် စကားမပြောသေးဘဲ ဦးရှန်ဆားနှင့်ကျွန်တော့်ကို အကဲခတ်သလို ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။ ထို့နောက်မှ ကျေနပ်သွားသလို ခေါင်းတစ်ချက်ညိတ်လိုက်လေသည်။

'သဘောကျလိုက်လေကွယ်၊ ဒီလို မြန်မာပီပီ ခန့်ထည်တဲ့ လူမျိုးကို ကျုပ်မတွေ့ရတာ ကြာလှပေါ့၊ ရှေ့နား နည်းနည်း တိုးပါလား မောင်ရယ်၊ ကျုပ်က မျက်စိနည်းနည်း မှုန်လို့ပါ'

ဦးရှန်ဆားသည် အတန်ငယ် ရှေ့သို့ တိုးလိုက်သောအခါ အဘိုးကြီးသည် ကုန်း၍ကြည့်ရင်း ခေါင်းတဆတ်ဆတ် ညိတ်ပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


'အင်း ဆံပင်လည်း တိုတယ် သနပ်ခါးလည်း မလိမ်းဘူး၊ ပေါင်ဒါလည်း မရိုက်ဘူး၊ ရှပ်အင်္ကျီ ထဘီဆင်ကျပ်ကျပ်ကြီးလည်း မဝတ်ဘူး၊ တိုက်ပုံနဲ့ ပုဆိုးနဲ့၊ ကောင်းလိုက်လေကွယ် ကြက်သရေ အပြည့်ပါပဲ၊ ဒါကြောင့် ဒီနာမည်ကြားကတည်းက ဒီလိုလူပါပဲလို့ မှန်းမိတာ ကျုပ်မှန်သွားတာပေါ့၊ အင်း ဦးရှန်ဆား၊ ဦးရှန်ဆား၊ မောင့်အလုပ်က အလွတ်စုံထောက်နော်'

'ဟုတ်ပါတယ်'

'အလွတ်စုံထောက်တွေအများကြီးထဲ မောင့်လိုလူကို ရွေးခေါ်မိတဲ့ ကျုပ်ရဲ့ကုသိုလ်ကံလေးက အတော်ကောင်းနေတယ် ထင်ပါရဲ့၊ ကျုပ်သားတော်မောင် တင့်မောင်က မောင့်ကို ခေါ်စေချင်တာမဟုတ်ဘူး၊ အဲ သူက ကျုပ်ရဲ့တတိယဇနီးက မွေးတဲ့သား၊ တင့်မောင်ဆိုတာက ကျုပ်စိတ်ကြိုက်ပေးထားတဲ့နာမည်၊ သူ့ဟာသူ ဘိုနာမည်ပေးထားတာကတော့ ရစ်ချတ်တဲ့၊ တစ်ခါ မြန်မာနာမည်ကတော့ တင့်မောင်မောင်ထွေးမြတ်တဲ့ အဟက် အဟက်၊ သူ ခေါ်လာတဲ့ အလွတ်စုံထောက်တွေကိုလည်း ကျုပ်က ကြည့်လို့မရဘူး ဟတ်ဟား၊ ကြည့်လို့မရဆို ဆံပင်ဖျားကနေ ခြေဖျားအထိပဲ၊ ဘယ့်နှယ်ဗျာ လူကြီးရှေ့လာတာ စွပ်ကျယ်အပေါက်ပေါက် ချိုင်းပြတ်နဲ့တဲ့ဗျာတို့ရယ်၊ ချိုင်းမွေးတွေက အပြုံလိုက်ထွက်လို့ဗျ၊ လည်ပင်းမှာတော့ ရွှေဆွဲကြိုးကြီးနဲ့ ခလောက်လိုဟာကြီးချိတ်လို့...ဟက်...ဟက်...ဟား...အဟွတ်...အဟွတ်...'

အဘိုးကြီးသည် စကားကို အားရပါးရပြောရင်း ချောင်းဆိုးလာသည်၊ ဘေးတွင် အသင့်ရှိနေသော သူနာပြုဆရာမလေးက ကျောကို အသာဖိပေးပြီး ရေတစ်ခွက်ကမ်းပေးလေသည်၊ အဘိုးကြီးသည် ရေကို ခပ်ဖြည်းဖြည်းသောက်ကာ ခေတ္တ အပန်းဖြေနေသည်။

'တိုတိုပြောကြပါစို့ မောင်ရယ်၊ ကျုပ်က ကျုပ်သားအပါအဝင်

www.burmeseclassic.com

www.burmeseclassic.com


ဒီခေတ်လူငယ်တွေ ဘာဖြစ်လို့ သရဲလိုလို မျောက်လိုလိုနဲ့ ဆံပင်ရှည်ကြီးတွေ တဖားဖား ထားကြသလဲ သိချင်တယ်'

'ဒါကတော့ ရှင်းနေတာပဲဦးရယ်၊ ဒါကို သူတို့ကြိုက်လို့ပေါ့'

ဦးရှန်ဆားက ပြုံးကာ ခပ်အေးအေး အဖြေပေးသည်၊ အဘိုးကြီးသည် ဦးရှန်ဆားကို စိုက်၍ ကြည့်ရင်း ခေါင်းကို ဖြည်းလေးစွာ ညိတ်လိုက်သည်။

'ဟုတ်ပါပြီဗျာ သူတို့ကြိုက်လို့၊ ဒီလိုဆိုရင် ဘာကြောင့် ကြိုက်ရတယ်ဆိုတာကလေးရော သိဖို့မလိုပေဘူးလား'

'ဒါကတော့ ခေတ်ပဲ၊ ရှေးတုန်းကလည်း ဆံရှည်တွေ ထားကြတာပဲ မဟုတ်လား ဦးရဲ့'

'ဒါပေါ့ဗျာ ဗန္ဓုလတို့ တပင်ရွှေထီးတို့ အကုန်လုံး ဆံပင်ရှည်တွေပါ၊ ကျုပ်သိတာပေါ့၊ ဒါပေမယ့် မောင်ရယ် သူတို့က ဆံပင်ရှည်ပေမယ့် သျှောင်ထုံးထားတယ်ကွဲ့၊ အခုလို ဖားလျားကြီးချထားတာ မဟုတ်ပါဘူး'

အဘိုးကြီးသည် အကြောပြိုင်းပြိုင်းထနေသော သူ၏ လက်ချောင်း ပိန်ပိန်လေးများကို ဆုပ်ချည် ဖြန့်ချည် ပြုလုပ်နေပါသည်။

'ကျုပ်တို့တိုင်းပြည်ဟာ အပူပိုင်းဇုံထဲမှာ တစ်ဝက်မက ရောက်နေတဲ့ တိုင်းပြည်ပါဗျ၊ ဒီလောက် ပူတဲ့အိုက်တဲ့ တိုင်းပြည်မှာ မပူနိုင် မအိုက်နိုင် ဆံပင်ရှည်ကြီးတွေကို တဖွားဖွား တဖားဖားထားကြတာ အကြောင်းရှိရမယ်၊ ဘာဖြစ်လို့ ဒီလောက်တောင် ဒုက္ခခံပြီး ကြိုက်ကြရသလဲ၊ ကျုပ်သိချင်တာ အဲဒါပဲဗျ'

အဘိုးကြီးသည် ဒေါနှင့် မောနှင့် ပြောရင်း မောလာသဖြင့် ခေတ္တ နားနေလိုက်သည်၊ ကျွန်တော်သည် အသက်ပြင်းပြင်း ရှူကာ အမောဖြေနေသော ထိုအဘိုးကြီးကို ငေးကြည့်နေမိပါသည်၊ ဦးရှန်ဆား

www.burmeseclassic.com

www.burmeseclassic.com


သည်လည်း တစ်စုံတစ်ရာကို တွေးတောနေဟန်နှင့် ငြိမ်သက်နေသည်။

'မောင်ရင်က အဲဒီအကြောင်းကို ထောက်လှမ်းနိုင်ပါ့မလား၊ ဒီဆံပင်ဖားလျားရောဂါဟာ ကပ်ရောဂါတစ်ခုပဲ ဗျာရဲ့၊ အနာသိမှ ဆေးရှိမယ်'

'ဟုတ်ပါတယ်ဦး'

'ကြိုးစားပေးပါမောင်ရယ်'

'ကောင်းပါပြီ ခင်ဗျာ'

ဦးရှန်ဆားက ခေါင်းညိတ်သည်၊ ကျွန်တော်ကမူ သူ့အစားရင်မောနေမိပါသည်၊ ဤအမှုသည် လွယ်မယောင်နှင့် အတော်ခက်မည့်အမှု ဖြစ်သည်။

ကျွန်တော်တို့အိပ်ခန်းထဲမှ ထွက်လာသောအခါ ရစ်ချတ် ခင်ဇော်ခေါ် တင့်မောင်မောင်ထွေးမြတ်ကို ဧည့်ခန်းတွင် တွေ့ရသည်။ အဘိုးကြီး၏အိပ်ခန်းသည် ရှေးဟောင်းပစ္စည်းများနှင့် တန်ဆာဆင်အပ်သော်လည်း ဧည့်ခန်းကိုကား ခေတ်နှင့် အညီ မွမ်းမံပြင်ဆင်ထားသည်။ တင့်မောင်မောင်ထွေးမြတ်သည် အနက်ရောင်ဆိုဖာအိအိကြီးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်နေသည်။ သူ့တစ်ကိုယ်လုံး ဆိုဖာထဲသို့ မြုပ်ဝင်နေဟန်ရှိပြီး ဆံပင်ဖွားဖွားနှင့်ဦးခေါင်းကိုသာ ထင်ထင်လင်းလင်း တွေ့ရသည်။ သူသည် ခဲထားသော စီးကရက်ကို နှုတ်ခမ်းမှ မဖြုတ်ဘဲ မပွင့်တပွင့် လှမ်းမေးသည်။

'အဘိုးကြီးက ဘာတွေ အာလူးဖုတ်လိုက်သလဲဗျ'

ကျွန်တော်သည် ရုတ်တရက် စိတ်တိုသွားသည်၊ နေမကောင်းသဖြင့် အိပ်ရာတွင်း၌လဲနေသော အဘိုးအိုသည် မည်ကဲ့သို့ အာလူးဖုတ်နိုင်မည်နည်း။

'အာလူးဖုတ်ရအောင် ခင်ဗျားက သူ့အိပ်ရာထဲမှာ မီးဖိုထည့်ပေးထားလို့လား'

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က ခပ်ဆတ်ဆတ်ပြောလိုက်သောအခါ သူသည် ကျွန်တော့်ကို အူကြောင်ကြောင်နှင့် လှမ်းကြည့်သည်၊ သူ့ကို စမြင်ကတည်းက ကျွန်တော် ကံဆိုးခဲ့သည်၊ ပထမဆုံး မျက်စိရော နားပါ နောက်ခဲ့ရသည်၊ ထို့နောက် သူ့အဖေဆီသို့ လာရင်း ငွေငါးဆယ် ဆုံးရှုံမက တိုက်ပုံအင်္ကျီ အသစ်စက်စက်ကလေးလည်း ပြဲခဲ့ရသည်၊ ထို ကောင်းကျိုးမပေးသော လူငမျောက်ကလေးကို ကျွန်တော့်စိတ်ထဲတွင် ချဉ်စူးစူးဖြစ်နေပါသည်။

'အဟက်...ဟက်...နောင်ကြီးကလည်း နောက်တတ်သားပဲ'

သူသည် ခဲထားသောစီးကရက်ကို ညာလက်နှင့် ဆွဲဖြုတ်လိုက်သည်၊ ထို့နောက် သူ့ဆံပင်ပွပွကြီးကို ဘယ်လက်နှင့် မထိတထိလေး ခပ်ဖွဖွ သပ်လိုက်ရင်း ရယ်သည်။

'ဒီလောက်မြန်မြန် ထွက်လာလိမ့်မယ်တောင်မထင်ဘူး၊ ဒယ်ဒီက အာလူးသိပ်များတာ'

လာပြန်ချေပြီ၊ ပြောပြန်ချေပြီ၊ အာလူးကိစ္စ၊ သူ့စကားအဓိပ္ပာယ်သည် ကျွန်တော်ထင်သလို အာလူးအစစ်ကို မီးထဲ ထည့်ဖုတ်ခြင်းတော့ ဟုတ်ဟန်မတူပါ။

ကျွန်တော်သည် ဦးရှန်ဆားကို အကူအညီတောင်းသလို လှမ်း၍ ကြည့်လိုက်မိသည်၊ ကျွန်တော်နှင့်သူသည် အတူတူပင် ဖြစ်ပါသည်။ ကျွန်တော်နားမလည်လျှင် သူလည်း နားလည်ဖို့မလွယ်၊ သို့သော် သူသည် သူနားမလည်သည်ကို ကျွန်တော်ကဲ့သို့ လူသိခံမည့်သူ မဟုတ်ချေ။ နှစ်ဆယ်ရာစု နှောင်းပိုင်း၏စကားသစ် စကားဆန်းများကို အမီလိုက်နိုင်ရန် ကြိုးပမ်းနေဟန်နှင့် ငြိမ်နေပါသည်။

'နိုးကြားလာမှတော့ ကြိုးစားပေဦး ကိုရှန်ဆားရေ့'

ကျွန်တော်သည် စိတ်ထဲမှနေ၍ တစ်ဦးတည်း ပြောလိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| သုံးဘီးခ စုစုပေါင်း | ၂၀–၀၀ |
| သကြားတစ်ပိဿာ | ၂၅–၀၀ |
| နို့ဆီ ၂ လုံး | ၂၇–၀၀ |
| ကော်ဖီမှုန့်ပေါင်တစ်စိတ် | ၁၃–၀၀ |

ကျွန်တော်သည် ယခုရက်ပိုင်းအတွင်း ကုန်ကျခဲ့သည်များကို တွက်ချက်နေစဉ် ဦးရန်ဆား အခန်းထဲသို့ ဝင်လာသည်။ သူသည် ဦးခင်ဇော်၏အမှုကို လက်ခံပြီးသည့်နောက်ပိုင်း၌ မြို့ထဲတွင် လမ်းများများ လျှောက်ရင်း လူအများကို လေ့လာနေတော့သည်။ ကျွန်တော်ကမူ ကားတိုက်မည်ကို ကြောက်သောကြောင့် လိုက်မသွားတော့ပါ။ 'ဗိုလ်ကျောက်ခဲ' ဝတ္ထုကို နေ့ရော ညပါ အားသွန်ခွန်စိုက် ရေးနေခဲ့ပါသည်။

'ဒါထက် ဆာဒူးဆိုတာ တွေ့ဖူးလား ကိုညိမ်းမောင်'

'တွေ့ဘူးတာပေါ့ဗျာ၊ စာအုပ်တွေထဲလည်း မြင်ဖူးတယ်၊ ပန်းဆိုးတန်းတစ်ဝိုက်မှာတောင် ရှိသေးဗျ'

'ဟုတ်တာပေါ့ ကိုညိမ်းမောင်ရ ခင်ဗျား မှတ်ဉာဏ် ကောင်းသားပဲ'

ဦးရန်ဆားသည် ကျွန်တော့်အနီးသို့လျှောက်လာပြီး ရေးလက်စ စာရင်းကို ငုံ့၍ကြည့်သည်။ ကျွန်တော်က သူ့ကိုမော်မကြည့်ဘဲ စဉ်းစား၍ ရသမျှကို ဆက်၍ရေးနေမိသည်။

| | |
|---|---|
| ထောပတ်ငှက်ပျောသီးလေးလုံး | ၁ ၀၀ |
| ဖီးကြမ်းငှက်ပျောသီးတစ်ဖီး | ၃ ၇၅ |
| ဘီစကွတ်တစ်ပေါင် | ၁၀ ၅၀ |

'ဖီးကြမ်းငှက်ပျောကလည်း တစ်ဖီးကို လေးကျပ်မတ်တင်း တောင်လားဗျာ၊ များလှချေကလား'

www.burmeseclassic.com

www.burmeseclassic.com


'ဒါတောင် မနည်းဆစ်ရတာဗျ'

'အေးလေ ထားပါတော့၊ ပြောလက်စ ဆက်ပြောရဦးမယ်၊ အဲဒီ ဆာဒူးတွေက ဆံပင်ရှည်ကြီးတွေနဲ့ဗျ'

'ဟုတ်တယ် ဒါနဲ့ ကိုရှန်ဆား၊ ဟိုတစ်နေ့က ထမင်းချိုင့် ဟင်း မကောင်းလို့ ဗယာကျော် ဝယ်စားတာ ဘယ်လောက်ဖိုးလဲဗျ'

'နှစ်ကျပ်ခွဲ'

'မနေ့တုန်းက ဝက်ခေါက်ကင်ကတော့ ခြောက်ကျပ်ဖိုးနော်'

'ဟုတ်ပါ့ဗျာ'

'အင်း ဟိုတစ်နေ့က သံပရာရည်နှစ်ခွက် သောက်တာက နှစ်ကျပ်၊ စာရေးဖို့ ဗလာစာအုပ်ဝယ်တာက တစ်ဆယ်၊ အဲ ကိုရှန်ဆား၊ ဆိုလေဗျာ ခင်ဗျားစကား ဆုံးအောင်ပြောပါဦး'

'လောရန်ကော ခင်ဗျားကလဲ'

'မြန်မြန်သိချင်လို့ပေါ့ဗျာ'

ကျွန်တော်သည် ရေးလက်စစာရင်းကို ခေတ္တရပ်လိုက်ပြီး ဦးရှန်ဆားကို မော်ကြည့်လိုက်သည်။ ဆက်လက်ရေးမှတ် နေပါက ဦး ရှန်ဆား စိတ်ရှည်တော့မည် မဟုတ်ချေ။

'အဲဒီ ဆာဒူးဆိုတာဟာ တရားကျင့်ပြီး တယ်စွမ်းဆိုပဲ၊ ကိုး ကွယ်တဲ့ လူတွေလည်း အများကြီးဗျ'

'ဟုတ်လား ကျွန်တော်တို့လည်း ကိုယ်ပျောက်ဓာတ်လုံး သွား တောင်းရရင်ကောင်းမယ်'

'တော်စမ်းပါဗျာ၊ သွားတောင်းရအောင် သူက ကုလားပြည်မှာ ဗျ၊ ကိုးကွယ်တဲ့မြန်မာတွေက နည်းပါတယ်၊ အဲလေ... ထားပါတော့၊ ဒါက အရေးမကြီးပါဘူး၊ အရေးကြီးတာက သူ့ဆံပင်ဗျ'

'သူ့ဆံပင်'

www.burmeseclassic.com

www.burmeseclassic.com


'ဒါပေါ့ သူ့ဆံပင်ကို ဘယ်လိုဆံပင်ထင်သလဲ'

'ဆံပင်အရှည်ကြီးကို သျှောင်ထုံးထားမှာပေါ့'

'ဟုတ်ပေါင်ဗျာ'

'ဩော် သိပြီ ကတုံး'

'ဘယ်ဟုတ်ရမလဲ အခုခေတ်တွေ့နေရတဲ့ ကောက်ကောက် ကွေးကွေး ရှည်ရှည်ကားကား ဆံပင်မျိုးလေ၊ ဟောဒီမှာ ကြည့်ဗျ'

ဦးရန်ဆားက ကျွန်တော့်ကို ဓာတ်ပုံတစ်ပုံပြသည်၊ ဓာတ်ပုံထဲမှ ဆံပင်ရှည်ရှည်ကားကားကြီးနှင့် ကုလားဆာဒူးသည် ကျွန်တော့်ကို ကြည့်နေသကဲ့သို့ တွေ့ရပါသည်။

'ဒီလိုဆို ဒီလိုဆို ဦးခင်ဇော်ပြောတဲ့ ဆံပင်ရှည်ရဲ့ အရင်းခံဟာ သူ သူ ပေါ့'

ကျွန်တော်က သူ့ဟာသူ ရှိနေသောဆာဒူးကို ချက်ချင်း တရားခံ အဖြစ် စွပ်စွဲလိုက်သည်။

'ဒီလိုဘယ်ဟုတ်မလဲ ကိုညိမ်းမောင်ရဲ့၊ ကျုပ်တို့တိုင်းပြည်မှာ ဆံပင်ရှည်ဖားလျားရောဂါထတာ အတော်ကြာပြီပဲ၊ ဒါပေမယ့် အခု တွေ့နေရတဲ့ တချို့လူငယ်တွေကတော့ သူ့ဆံပင်ပုံကို အတုယူကြဟန် တူတယ်ဗျ၊ အင်း ခက်တော့ ခက်သားပဲ၊ ဘဲဥမှာ အစမရှိဘူးဗျ'

'ဟုတ်တာပေါ့ ဩော် ဒါနဲ့ ကိုရန်ဆားရေ၊ လမ်းထိပ် သမဝါယမမှာ ဆပ်ပြာရနေပြီတဲ့၊ ဒီတစ်ခေါက်အပြင်ထွက်ရင် ကုန်ဝယ် စာအုပ်ကလေးဆွဲသွားပြီး တစ်ခါတည်း ဝယ်ခဲ့စမ်းပါဗျာ'

'ကောင်းပါပြီခင်ဗျာ'

ဆံပင်ကိစ္စတွင် ဆပ်ပြာကိစ္စဝင်ပြောသော ကျွန်တော့်ကို ဦးရန်ဆားတစ်ယောက် စိတ်ခုသွားဟန်တူပါသည်၊ မသိမသာ မျက်မှောင်ကုတ်ရင်း ဘာမှမပြောဘဲငြိမ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


သူကတော့သိမည်မဟုတ်ပါ၊ သူ့အမှုဖြစ်သော ဆံရှည် ဖားလျား ကိစ္စထဲတွင် လူရောစိတ်ပါ နစ်မြုပ်နေပါသည်။ ကျွန်တော်ကတော့ အိမ်ထဲတွင်ကုပ်၍ ဝတ္ထုရေးနေသူမို့ ထမင်းချိုင့်လာပို့သော အဒေါ်ကြီးနှင့်မကြာခဏစကားလက်ဆုံကျမိသည်၊ ထို့ကြောင့် ဆန်ကိစ္စ၊ ဆီကိစ္စ၊ ဆပ်ပြာကိစ္စများကို သိနေရပါသည်။ အင်္ဂါနံချင်းပင် တူသော်လည်း ကျွန်တော်သည် ဆန် ဆီ ဆား ဆပ်ပြာ ဆေး စသည်များကို ဦးရှန်ဆား၏ဆံရှည်ဟူသော အင်္ဂါနံထက် ပို၍ အာရုံစူးစိုက်နေမိပါသည်။ ထိုသည်များကို ဦးရှန်ဆားက ကျေနပ်နိုင်ဟန်မတူပါ။

'ဩော် ကိုညိမ်းမောင် ကိုညိမ်းမောင်၊ ခင်ဗျားဟာ အရင်လိုမဟုတ်တော့ဘူး၊ အတော်ပြောင်းလဲနေပြီ'

သူက စိတ်မကောင်းသလိုညည်းလေသည်၊ ကျွန်တော်ကလည်း သက်ပြင်းချရင်း အားကျမခံပြန်၍ညည်းလိုက်ပါသည်။

'ဩော် ကိုရှန်ဆား ကိုရှန်ဆား ခင်ဗျားဘာမှမသိရှာဘူး'

ကျွန်တော်သည်ပြောင်းလဲလာသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ဦးရှန်ဆားသည် ကျွန်တော့်ထက် တစ်ရက်စော၍ နိုးကြားခဲ့သော်လည်း စတင်၍ ပြောင်းလဲလာသူမှာကားကျွန်တော်ဖြစ်သည်။ သူကတော့ယခင်အတိုင်းပင် အလုပ်တစ်ခု အာရုံ တစ်ခုအပေါ်တွင် စိတ်အာရုံကို စူးစိုက်ထားမြဲဖြစ်ပါသည်။

များမကြာမီ ကျွန်တော်တို့တွင် ငွေရေးကြေးရေး အကျပ်အတည်း တွေ့လာတော့မည်ဖြစ်သည်၊ ဦးရှန်ဆား၏ ဆံရှည် အမှုကြီးကလည်း ငွေမရသေးပါ။ ကျွန်တော်ရေးထားသော စာတိုပေစများကိုလည်း ပုံနှိပ်ထုတ်ဝေခြင်းမပြုရသေးပါ။

www.burmeseclassic.com

www.burmeseclassic.com


ယနေ့တော့ 'တောပုန်းကြီး ဗိုလ်ကျောက်ခဲ' ဝတ္ထုကို အဆုံးသတ်ပြီး ဖြစ်ပါသည်။ ထို့ကြောင့် စာမူကို လွယ်အိတ်ထဲသို့ ထည့်ကာ ထွက်ခဲ့သည်။ 'ဗိုလ်ကျောက်ခဲ'သည် ကျွန်တော်တို့အား ငွေရေး ကြေးရေး ပြေလည်စေလိမ့်မည်ဟု မျှော်လင့်အားထားမိပါသည်။

'ကျွန်တော်တို့တိုက်က ငွေရေးကြေးရေးမပြေလည်သေးလို့ စာအုပ်သစ်တွေ မထုတ်နိုင်သေးပါဘူးဗျာ'

ပထမဆုံးပုံနှိပ်တိုက်က ပြောသည်၊ ကျွန်တော့်စာမူကိုပင် ကြည့်ရှုခြင်းမရှိပါချေ။

'နာမည်ကလည်း 'တောပုန်းကြီး ဗိုလ်ကျောက်ခဲ' တဲ့၊ ဟီ–ဟိ'

ဒုတိယပုံနှိပ်တိုက်ကမူ ကျွန်တော်၏စာမူကို ယူ၍ကြည့်သည်၊ ထို့နောက် အထက်ပါအတိုင်း ပြုံးစိစိနှင့် မှတ်ချက်ချသည်။

'ခင်ဗျားတောပုန်းကြီးက ဂျူဒိုတွေ ကရာတေးတွေ သုံးရဲ့လား'

'ဂျူဒို'

ကျွန်တော့် ဗိုလ်ကျောက်ခဲသည် တောသားကြီးဖြစ်ပါသည်။ ဟိုတုန်းကခေတ် လူခွန်ကောက်ရင်း မတရားနှိပ်စက်သော အလိုတော်ရိ တစ်ဦးအား ပြန်လည်ခုခံရာမှလက်လွန်ကာ ထွက်ပြေးပြီး တောပုန်းဘဝ ပြောင်းသွားရသူဖြစ်သည်။ ဂျူဒိုကို ခမျာ တတ်ဖို့ နေနေသာသာ ကြားပင် မကြားဖူးရှာပါ၊ သို့သော် မြောက်ကျောင်းဆရာတော် သင်ပေးထားသော သိုင်းကိုကား အနည်း ငယ်တတ်ပါသည်။

'ဟင့်အင်း ဂျူဒိုတော့ မတတ်ဘူး၊ သိုင်းတော့ နည်းနည်း တတ်တယ်'

'ဟုတ်ပြီ ဟုတ်ပြီ လေသိုင်းတွေ အကြောပိတ်သိုင်းတွေ သုံးတတ်တယ်ပေါ့၊ အတွင်းအားလည်း ရှိတယ်ပေါ့ ဟုတ်လား'

'အတွင်းအားဆိုတာ ဘာလဲ၊ အတွင်းပစ္စည်း ပြောတာလား၊

www.burmeseclassic.com

www.burmeseclassic.com


တောသားပဲဗျ ဘာပစ္စည်းရှိမှာလဲ၊ ထင်းခွဲတဲ့ ဓားမအပဲ့ကြီး တစ်ခုပဲ ရှိတယ်'

'ဟူး'

သူသည် ကျွန်တော့်ကိုကြည့်ရင်း အတော်စိတ်ညစ်သွားပုံရသည်၊ သူ့ပါးစပ်အတွင်းမှ လေများကို မှုတ်ထုတ်ရင်း ခေါင်းကုတ်လိုက်သည်၊ သို့သော် နောက်ဆုံးတစ်ခွန်းတော့ မေးရှာသေးသည်။

'လူဆယ်ယောက်နဲ့ တစ်ယောက် ဖိုက်တင်ခန်းလေးများ မပါဘူးလား'

'ပါတယ်ခင်ဗျ'

'သူ သူ နိုင်တယ်မဟုတ်လား'

'ရှုံးတယ်ဗျ'

'အို ဆိုးတာပဲ'

'အလိုတော်ရီ ပုလိပ်သားဆယ်ယောက်က ဗိုလ်ကျောက်ခဲ တစ်ယောက်တည်းကို ဝိုင်းပြီး ညှပ်ပူးညှပ်ပိတ်ဖမ်းတယ်လေ၊ ဆယ်ယောက်နဲ့ တစ်ယောက် ဘယ်နိုင်ပါ့မလဲဗျာ၊ ကျွန်တော်တို့ ဗိုလ်ကျောက်ခဲသာ အစွမ်းရှိသမျှ ခုခံရင်း'

'အင်း သိပ်ဆိုးတာပဲ'

ကျွန်တော်က စိတ်အားထက်သန်စွာပြောပြနေစဉ် သူသည် သူ့လက်ထဲမှ ကျွန်တော့စာမူကို ပြန်၍လှမ်းပေးသည်။ ထို့နောက် ဘာမှ ဆက်မပြောဘဲ မျက်နှာလွှဲသွားပါတော့သည်။ ထို့ကြောင့် ကျွန်တော်သည် တတိယပုံနှိပ်တိုက်သို့ ရောက်ခဲ့ရပြန်ပါသည်။

'အဟိ နာမည်ကြီးကလည်း အနော်ရထာမင်းကြီး ပုဆိုး ကွင်းသိုင်းနဲ့ ပေသီးပစ်ကစားနေတုန်းက နာမည်မျိုးကြီးကို:'

ပုံနှိပ်တိုက်ပိုင်ရှင် လူဝကြီးက မှတ်ချက်ချပါသည်။

www.burmeseclassic.com

www.burmeseclassic.com


'ဒီထက်ခေတ်ဆန်ဆန် နာမည်လေးများ စဉ်းစားလို့ မရဘူးလား ဥပမာ 'ကျောက်ခဲမှာလည်း အသည်းနဲ့' ဆိုရင် ဟုတ်သေး'

ကျွန်တော်က ဘာမှပြန်မပြောဘဲ သူ၏ဗိုက်ရွှဲကြီးကိုသာ ငေး၍ ကြည့်နေမိပါသည်။

'ပွေ့ခန်း၊ ဖက်ခန်း၊ နမ်းခန်းလေးတွေပါရဲ့လား'

'မပါဘူးဗျ'

ကျွန်တော်ရုတ်တရက် စိတ်ထွက်လာပါသည်၊ ထို့ကြောင့် ခပ် ပြတ်ပြတ်ဖြေလိုက်မိသည်။

'ကောင်လေးနဲ့ ကောင်မလေး ချစ်တဲ့ကြိုက်တဲ့၊ နှစ်သက် စွဲလမ်းကြတဲ့ အကြောင်းများကောကွယ်'

'ဘာဆိုဘာမှ မပါဘူးဗျ'

'အင်း ခက်တာပဲ၊ လူဆိုတာ အချစ်နဲ့ ကင်းနိုင်တာမှ မဟုတ်တာ၊ ဒီအကြောင်းမပါရင်တော့ လူကြိုက်မှာ မဟုတ်ဘူး'

ကျွန်တော်သည် သူ့လက်ထဲမှစာမူကို ဆတ်ခနဲပြန်ဆွဲယူကာ လှည့်ထွက်လာခဲ့သည်၊ ဒေါသလည်း ထွက်စပြုလာပါပြီ။

'အင်းလေ စာမူကို ထားချင်ရင်တော့ ထားခဲ့ပေါ့'

စတုတ္ထမြောက် ပုံနှိပ်တိုက်မှ အမျိုးသမီးကြီးက ပြောသည်၊ ကျေးဇူးတင်စွာနှင့် ဝမ်းသာမည် ကြံကာရှိသေးသည်၊ သူက ကန့်သတ်ချက်များကို ဆက်၍ပြောပြသည်။

'ပထမဆုံးတော့ ဝတ္ထုနာမည်ကို ပြောင်းရလိမ့်မယ်၊ နောက်ပြီးတော့ ရေးတဲ့သူရဲ့နာမည်ကိုပါ ပြောင်းရမယ်နော်'

ကျွန်တော် တအံ့တသြဖြစ်သွားပါသည်၊ ရေးသောသူ ကျွန်တော်၏အမည်ကို ဘာကြောင့်များ ပြောင်းလိုပါလိမ့်ဟု စဉ်းစားသော်လည်း ချက်ချင်းအဖြေမပေါ်ပါ။

www.burmeseclassic.com

www.burmeseclassic.com


'ရှင့်ကိုတော့ ရေးခ၊ အဲ စာမူခ နှစ်ရာပေးမှာပါ'

'ဒါပေမယ့် အဲ ဒါပေမယ့်'

'ရှင့်ကို ငွေပေးပြီးပြီဆိုရင် ဒီစာမူကို ကျွန်မ ဘယ်သူ့နာမည်နဲ့ ပုံနှိပ်နှိပ်ပေ့ါ ဟုတ်ဘူးလား'

ကျွန်တော်သည် ပါးစပ်အဟောင်းသား ဖြစ်သွားသည်၊ခေါင်းထဲမှ ဦးနှောက်အစိုင်အခဲသည် ပလုံစီထကာ ဆူပွက်လာသလို ခံစားရသည်၊ တစ်လနီးပါး အချိန်ယူကာ အပတ်တကုတ် ကြိုးစား ပမ်းစား ရေးထားရသော ဝတ္ထုစာမူကြီးကို ကြည့်ရင်း မျက်လုံးများပင် ပြာဝေလာပါသည်။

ကျွန်တော်သည် သူ့ကို စားတော့ဝါးတော့မလို ကြည့်ရင်း နေရာမှ ဝုန်းခနဲ ထလိုက်မိသည်၊ သူ့လက်ထဲမှ ကျွန်တော်၏ စာမူကို ခပ်ကြမ်းကြမ်းပြန်၍ ဆွဲယူလိုက်သည်၊ ခေါင်းထဲမှ အံ့သြစိတ်နှင့် ရင်ထဲမှ ဒေါသတို့သည် လည်ချောင်းဝတွင် ဒိုင်းခနဲ လာဆုံပြီး မီးတောက်ကြီး ဖြစ်သွားသလို ပူပူလောင်လောင် တစ်တစ်ဆို့ဆို့နှင့် အခံရခက်လှပါသည်။

'သွားဦးပေ့ါကွယ်၊ နောက်မှပြန်လာရင်တော့ နှစ်ရာတောင် ရမှာမဟုတ်ဘူး နော့'

ဆောင့်ကြီးအောင့်ကြီးနှင့် လှည့်ထွက်လာသော်လည်း နောက်ဘက်မှ ကပ်၍လိုက်လာသော ထိုအသံကို ကြားဖြစ်အောင် ကြားလိုက်ရပါသေးသည်။ နောက်ထပ် မည်သည့်တိုက်ကိုမှ မဝင်တော့ပါ၊ အံ့သြစိတ်နှင့် ဒေါသစိတ်တို့သည် ကျွန်တော်၏ ငယ်ထိပ်မှ ခြေဖျားအထိ လူးလာဆန်ခတ်ပြေးလွှားနေကြပြီဖြစ်ပါသည်။ နောက်ထပ် မိမိစာမူ ပုံနှိပ်ရေးအတွက် ထပ်၍ ဝင်မိလျှင် ဒီထက်အံ့သြစရာ ဒေါသဖြစ်စရာများနှင့် ကြုံတွေ့နေရမည်ကို စိုးရိမ်မိသည်၊ အံ့သြလွန်း၍ မတ်တပ်မှ မေ့လဲသွားမည်ကို ကြောက်ပါသည်။ ဒေါသဖြစ်ဖြစ်နှင့် ရိုက်မှု ကျူး

www.burmeseclassic.com

www.burmeseclassic.com


လွန်မိမည်ကိုကား သာ၍ကြောက်ပါသည်။ သူ့အသား နာမှာစိုးသော ကြောင့်တော့ မဟုတ်ပါ။ ရိုက်မှုနှင့် အချုပ်ခံရမည်ကို ကြောက်သော ကြောင့်ဖြစ်ပါသည်။

'ရိုက်နေကြတယ် ရိုက်နေကြတယ်'

မိန်းမကြီးတစ်ဦးသည် အော်ရင်းဟစ်ရင်း ကျွန်တော့်ဘက်သို့ တလိမ့်လိမ့်ပြေးလာသည်၊ ထိတ်လန့်တုန်လှုပ်နေသဖြင့် သူ့ မျက်လုံး သည် ပြူးပြီး သူ့ပါးစပ်သည် ပြဲနေသည်။ ကျွန်တော်က ရိုက်ဖို့ စဉ်းစား ရုံပင် ရှိသေးသည်၊ ကျွန်တော်ထက် မိုက်သောသူများက တကယ်ပင် ရိုက်ကုန်ကြပြီထင်ပါသည်။ ကျွန်တော်သည် တရုန်းရုန်းဖြစ်နေသော လမ်းထိပ်ဘက်သို့ စပ်စုလိုစိတ်နှင့် ခပ်သွက်သွက် လှမ်းလာခဲ့မိသည်။

'ဟိုက် ကိုရှန်ဆား'

ကျွန်တော်က အော်လိုက်မိသည်၊ ဟုတ်ပါသည်၊ ကျွန်တော် လုံးဝမျှော်လင့်မထားသော ဦးရှန်ဆားဖြစ်ပါသည်။ သူသည် ဆံရှည် သုံးဦး၏အလယ်တွင် ရောက်နေပါသည်။

ဦးရှန်ဆားသည် သူကိုင်နေကျ တုတ်ကောက်ကလေးကို တင်း ကျပ်စွာကိုင်ထားသည်၊ သူ့နားသို့ တဖြည်းဖြည်းကပ်လာ နေသောဆံရှည်ဖားလျားပုဂ္ဂိုလ်များကိုမျက်ခြေပြတ်မခံတဲ့သတိနှင့်ကြည့်နေသည်။

ပုဂ္ဂိုလ်တစ်ဦးသည် တုတ်ချောင်းတစ်ချောင်းကို ကိုင်ထား သည်၊ နောက်တစ်ဦးသည်ကား လက်သီးဆုပ်ထားသည်၊ နောက်ဆုံး တစ်ဦးသည်ကား ဘာကိုမျှကိုင်မထားချေ။ ရင်အုပ်ကိုဖွင့်ကာ လက် နှစ်ဖက်ကို ခါးသို့ ခပ်ကားကားချထားသည်၊ ထို့နောက် ဦးရှန်ဆား ဆီသို့ တစ်လှမ်းချင်းကပ်သွားလေသည်။

ကျွန်တော့်ရင်ထဲတွင် စိုးရိမ်စိတ်များ ပြည့်သိပ်လာသည်၊ ကျွန် တော်၏ဇာတ်လိုက်ကြီး ကိုရှန်ဆားသည် ကရာတေးတို့ ဂျူဒိုတို့ မတတ်

www.burmeseclassic.com

www.burmeseclassic.com


ထားရာပါ၊ လေသိုင်းတွေ အကြောပိတ်သိုင်းတွေကိုလည်း ဘာမှန်း သိရာမည်မဟုတ်၊ သုံးဦးကို တစ်ဦးတည်း ရင်ဆိုင်ရလျှင် ဆေးရုံတက်ရဖို့က ရာခိုင်နှုန်းရှစ်ဆယ်နီးပါး သေချာပါသည်။

'ယား'

တတိယပုဂ္ဂိုလ်သည် ဦးရန်ဆားဆီသို့ လွှားခနဲ ခုန်ဝင်ကာ သူ့ခြေထောက်များကို ဆန့်ထုတ်လိုက်သည်၊ သူ့ခြေထောက်သည် ဦးရန်ဆား၏မျက်နှာဆီသို့ တန်းဝင်သွားသော်လည်း ဦးရန်ဆားက ကိုယ် ကို ယိမ်း၍ ရှောင်လိုက်နိုင်သည်။ ဒုတိယ ပုဂ္ဂိုလ်က လက်သီးနှင့် လှမ်းထိုးလိုက်စဉ်တွင် ပထမဆုံးပုဂ္ဂိုလ်ကြီးသည်သူ့တုတ်ချောင်းကို လေထဲတွင်တဝီဝီလှည့်လိုက်ပြီးဖြောင်းခနဲရိုက်လိုက်သည်။

'ကိုရန်ဆား သတိထား'

ကျွန်တော်သည် စိုးရိမ်စိတ်နှင့် အသံကုန်ဟစ်၍ အော်လိုက်ကာ ဦးရန်ဆားဆီသို့ ခြေကားရား လက်ကားရားနှင့် ပြေးသွားမိသည်၊ ထိုစဉ်တွင် ကျွန်တော်၏နောက်စေ့ကို မာကျောသော အရာဝတ္ထု တစ်ခုက ခပ်ပြင်းပြင်း ရိုက်ခတ်လိုက်သည်ကို သိလိုက်သည်။

ကျွန်တော်၏မျက်စိထဲတွင် ကြယ်တွေ လတွေ လင်းလက်ပြီး ဝင်းဝင်းတောက်သွားသည်၊ ထိုနောက်တော့ အမှောင်ကမ္ဘာထဲသို့ ရောက်သွားပါသည်။

'ဟော သတိရပြီ'

တစ်စုံတစ်ဦး၏ အသံကိုကြားရသည်၊ ထို့နောက် ကျွန်တော်၏ ခေါက်သွေ့နေသော နှုတ်ခမ်းသားကို ရေဆွတ်ထားသော ဂွမ်းစလေးနှင့် ပွတ်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်၏ဦးခေါင်းကို တစ်စုံတစ်ဦးက တူနှင့် အဆက်မပြတ် ထုနေသလို ပြင်းပြင်းပြပြ နာကျင်နေပါသည်။ ထိုသို့နာကျင်နေသည့်အထဲမှ ဦးရှန်ဆားတစ်ယောက်ဆံရှည်ပုဂ္ဂိုလ်သုံးဦး အလည်တွင် ကျရောက်နေကြောင်း သတိရပြီး ဂူးဂူးဝါးဝါး အော်ဟစ်သတိပေးနေမိပါသည်။

'ကိုညိမ်းမောင် သတိရပြီလား ကိုညိမ်းမောင်'

ဦးရှန်ဆားသည် ကျွန်တော့်ကို စိုးရိမ်တကြီး ကြည့်ရင်း မေးနေ သည်၊ သူ့မျက်လုံးအိမ်တွင် မျက်ရည်ကြည်များ မသိ မသာ ရစ်ဝဲနေသည်ကိုတွေ့ရသောအခါကျွန်တော်သည်နာကျင်နေသည့်ကြားထဲမှ ကျေနပ်သွားမိပါသည်။

'ကိုရှန်ဆား ခင်ဗျားဘာမှမဖြစ်ဘူးနော်'

'မဖြစ်ပါဘူးကိုညိမ်းမောင်ရယ်၊ ကျွန်တော့်ကိုရိုက်တဲ့တုတ်ကို ခင်ဗျားက ပြေးပြီး ဝင်ခံလိုက်လို့ ကျွန်တော် သက်သာသွားတာပေါ့၊ ရဲတွေလည်း အချိန်မီရောက်လာပေလို့ဗျို့'

ကျွန်တော်သည် လက်ကို အသာမြှောက်ကာ ဦးခေါင်းကို စမ်း ၍ ကြည့်လိုက်သည်၊ အထပ်ထပ်ပတ်ထားသော ပတ်တီးများကို စမ်း မိသည်။

'ခင်ဗျားချိုစောင်းမှာ တစ်လက်မသာသာ ပြဲသွားတယ်ဗျ၊ သိပ် တော့မနက်ပါဘူး၊ ဒါပေမယ့် ခင်ဗျားရဲ့ဆံပင်တွေကိုတော့ ရိတ်လိုက်ရ ပြီ ကိုညိမ်းမောင်ရေ့'

ကျွန်တော်၏ငယ်ထိပ်ကို စမ်းကြည့်သောအခါ ဆံပင်များကို မတွေ့ရတော့ပါ၊ ကတုံးပြောင်လေးဖြစ်နေပါပြီ၊ ကျွန်တော်သည် ကြမ်းကြမ်းရှရှကတုံးလေးကို လက်နှင့်ပွတ်ရင်း ဖြစ်ခဲ့သမျှကို ပြန်လည် တွေးတောနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com


'မြူစွမ်ကလေး သောက်မလား ကိုညိမ်းမောင်၊ ကျွန်တော် လမ်းထိပ်ပြေးဝယ်လိုက်မယ်'

'နေပါစေဗျာ'

ခေါင်းကိုခါယမ်း၍ပြောလိုက်မိသဖြင့် ဦးခေါင်းထဲတွင် တစစ် စစ်နှင့် နာကျင်ကိုက်ခဲသွားသည်၊ သို့သော် သိချင်စိတ်ကို ဖိစီး၍ မရ သောကြောင့် လေသံသဲ့သဲ့နှင့် မေးလိုက်မိသည်။

'ခင်ဗျားက သူတို့နဲ့ ဘာလို့ရန်ဖြစ်တာလဲ ကိုရှန်ဆားရဲ့'

'ဒီလိုဗျ ဒီလို၊ အမှုကတော့ ဦးခင်ဇော်အမှု'

ဦးရှန်ဆားက ရယ်ချင်စိတ်ကို မျိုသိပ်ထားသောအသံနှင့် စကားစလေသည်။

'ဆံရှည်တွေက မရေနိုင်အောင်များ၊ ကျွန်တော်ကလည်း ဘယ်ဆံရှည်နောက်ကစပြီး လိုက်ရမယ် မသိဘဲ အချိန်သာ ကြာလာ တယ်၊ အဖြေက ပေါ်မလာဘူး မဟုတ်လား'

'အင်း ဒီတော့'

'ဒီတော့ ဟိုလိုက်ဒီလိုက်နဲ့ အဖြေကို စဉ်းစားမိတယ်၊ ဒါဟာ ဘာမှမဟုတ်ဘူး၊ လူကြည့်ခံချင်တဲ့စိတ်၊ အဆန်းထွင်ချင်တဲ့စိတ်ကြောင့် ဖြစ်လာတာတဲ့ဗျ၊ ဒါပေမယ့်လေ ဦးခင်ဇော်ကိုတော့ တရားခံ တစ်ယောက် ထိုးပြဖို့လိုတယ်ဗျ၊ ဒီရောဂါကို ဘယ်သူစခဲ့သလဲ ဆိုတာကိုတော့ ပြဖို့ လိုသေးတာကိုး၊ ဒါနဲ့ ဝါအရင့်ဆုံး ဆံရှည်ဖားလျားပုဂ္ဂိုလ်ဆီ ရောက် ခဲ့တယ်ဆိုပါတော့ဗျာ၊ အဲဒီပုဂ္ဂိုလ်ကတော့ ခင်ဗျားကို တုတ်နဲ့ ဆော် ထည့်လိုက်တဲ့ပုဂ္ဂိုလ်ပေါ့'

ပခုံးစွန်းသာသာ ကျောတစ်ဝက်လောက်ထိအောင် ကောက် ကွေး ကျနေသော သူ့ဆံကေသာဘုတ်သိုက်ကြီးကို ချက်ချင်း မြင် ယောင်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com


'သူ့ဆံရှည်ထားတာ ငါးနှစ်ကျော်ပြီတဲ့ဗျ၊ ဒီတော့ ဒီလောက် အပူအအိုက်ခံပြီး ဒီဆံပင်ကြီးကို နှစ်နဲ့ချီပြီး ထိန်းသိမ်းထားတာ တစ်ခုခု တော့ အကြောင်းရှိရမယ်လို့ တွေးမိတယ်'

ဦးရှန်ဆား၏မျက်လုံးများသည် ဝါးလုံးကွဲ ရယ်ချလိုက်တော့ မလို ရွှန်းလက်နေပါသည်။

'သူ့ဆီရောက်တော့ ဟိုဟာလေး ဒီဟာလေးပြောရင်း အကဲ ခတ်ရတာပေါ့ဗျာ၊ ဒါပေမယ့် လိုရင်းမရောက်ဘူး၊ ဒါနဲ့ ပြန်ခါနီးကျ တော့ စိတ်လည်းမရှည် စိတ်လည်းမထိန်းနိုင်တော့တာနဲ့ အမှတ်တမဲ့ ခလုတ်တိုက်ချင်ယောင်ဆောင်၊ သူ့ကိုလှမ်းဖက်ပြီး ဆံပင်ပွပွကြီးကို လက်နဲ့တွန်းကြည့်လိုက်မိတယ်ဗျ'

ဦးရှန်ဆားသည် ပြောရင်းရယ်တော့သည်၊ ကျွန်တော်က သိ ချင်ဇောနှင့် အလောတကြီးပြောလိုက်သည်။

'ဒီတော့ ဒီတော့ ဘာဖြစ်လဲ'

'ဘာတွေ့မယ်ထင်သလဲဗျာ'

'ပြောပါဗျ'

'ဟား ဟား သူ့ဆံပင်တွန်းကြည့်လိုက်တော့ သူ့ဂုတ်ပိုးမှာ ခရုသင်းကွက်တွေ တွေ့ရတာပေါ့ဗျာ၊ ဟား ဟား'

'ဟောဗျာ'

'သူက အဲဒါကို မမြင်အောင် ဆံရှည်ထားပြီး ဖုံးထားတာကိုး ဟိုး ဟိုး'

ဦးရှန်ဆားက ရယ်ပြန်သည်။

ကျွန်တော်လည်း လိုက်၍ ရယ်လိုက်မိရာ ခေါင်းထဲတွင် ထိုး၍ ကိုက်သွားသည်။

'သူ့ဆံပင်ကို တွန်းကြည့်တာ ရိပ်မိသွားတယ်ထင်ပါရဲ့ဗျာ၊

www.burmeseclassic.com

www.burmeseclassic.com


တစ်ခါတည်း စိတ်ဆိုးမာန်ဆိုးနဲ့ ရန်လုပ်တော့တာဘဲ၊ ခင်ဗျား ကယ်ပေလို့ ကိုညိမ်းမောင်ရေ့’

ဦးရှန်ဆားသည် ကျွန်တော်၏လက်ကို ဖျစ်ညှစ်ကာ ကျေးဇူးတင်စွာ ပြောသည်။

ကျေးဇူးအတင်ခံရသည်ကတော့ ကောင်းပါသည်၊ အထူးသဖြင့် ဦးရှန်ဆားလိုလူမျိုးက ကျေးဇူးတင်သည်ကို ဝမ်းမြောက် ဝမ်းသာ ခံယူလိုပါသည်၊ သို့သော် ခေါင်းကွဲရသည်ကတော့ မကောင်းပါ။

အလွန်နာပါသည်။ ခေါင်းလည်းကိုက်လှပါသည်။

‘ဒီလိုဆိုရင် ခရသင်းပျောက်ဆေးကောင်းကောင်းဖော်နိုင်ရင် ဒီရောဂါပျောက်နိုင်တာပေါ့၊ ကျေးဇူးပါပဲမောင်ရယ်၊ ကျေးဇူးပါပဲ’

ဦးခင်ဇော်က ကျေနပ်နှစ်သိမ့်စွာပြောရင်း ချက်လက်မှတ်တစ်စောင်ကို ကမ်းပေးသည်၊ လက်မှတ်ပေါ်တွင် ကျပ်ငွေတစ်ထောင်ဟု ပီပီသသရေးထားသည်ကို တွေ့လိုက်ရသည်။

‘အမှုကသိပ်ခက်ခက်ခဲခဲကြီးမဟုတ်လို့ ငွေတစ်ထောင်ဆိုတာဆိုးတော့မဆိုးပါဘူးလေ၊ ဒါပေမယ့် ခင်ဗျားခေါင်းကွဲရကျိုးတော့ မနပ်ဘူးပေါ့၊ ခေါင်းလည်းကွဲရသေး၊ ဆံပင်လည်း ဆုံးရသေးဆိုတော့၊ ငွေတစ်ထောင်ဟာ သိပ်မဟုတ်သေးဘူးဗျ’

အိမ်ပြန်ရောက်သောအခါမှ ဦးရှန်ဆားက ပြောသည်၊ ကျွန်တော် အပတ်တကုတ်ရေးသားခဲ့သော ‘တောပုန်းကြီး ဗိုလ်ကျော်ကျော်ခဲ’ ဝတ္ထုအတွက်ပင် နှစ်ရာသာရမည်ဟုသိထားခဲ့သောကျွန်တော့်မှာတော့ သူ၏ငွေတစ်ထောင်ကို နည်းသည်ဟု မပြောဝံ့ပါ၊ ကျွန်တော်နှင့်စာလျှင် သူ့အလုပ်က အများကြီး ပေါက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com


'ကိုညိမ်းမောင် ခင်ဗျားမငြင်းနဲ့နော်၊ တစ်ယောက်တစ်ဝက်ပေါ့၊ ခင်ဗျားငါးရာယူရမယ်'

ဦးရှန်ဆားက စေတနာထက်သန်စွာပြောသည်၊ ကျွန်တော်သည် ခေါင်းကိုဖြည်းလေးစွာ ခါယမ်းလိုက်မိပါသည်။

'အိမ်လခတွေ လေးလစာအကြွေးတင်နေပြီ ကိုရှန်ဆား'

'အဲ ဟုတ်ပါရဲ့ဗျာ၊ ဘယ်လောက်ပါလိမ့်'

'တစ်လ တစ်ရာ့ငါးဆယ်နဲ့ လေးလဆိုတော့ ခြောက်ရာလေဗျာ၊ နောက်ပြီး မီတာခတွေရော'

'အင်း ဟုတ်ပါရဲ့၊ ဟုတ်ပါရဲ့'

ဦးရှန်ဆားသည် ယခုမှ အိပ်ရာက လန့်နိုးလာသလို ဦးခေါင်းတညိတ်ညိတ်လုပ်နေလေသည်။

'နောက်ပြီး ခင်ဗျားကိုပြောရဦးမယ်၊ နောက်ဆိုရင် ကျွန်တော်တို့တွေ မနက်တိုင်းကော်ဖီမသောက်ကြစို့နဲ့ဗျာ'

'ဗျာ ဘာကြောင့်'

'ရေသောက်လည်း ဗိုက်ပြည့်တာပါပဲဗျာ၊ ထူးပါဘူး'

ကျွန်တော်က လေပျော့လေးနှင့် ပြောလိုက်သည်၊ ဦးရှန်ဆားသည် အံ့သြသွားသလို ကျွန်တော့်ကို စိုက်ကြည့်ပါသည်။ ကျွန်တော်၏မျက်နှာက ဆီးရွက်ခန့်များ ငယ်နေလေသည်လား မပြောတတ်ပါ၊ အံ့သြနေသော သူ့အသွင်သည် ကြင်နာသနားဟန်သို့ ပြောင်းသွားပါသည်။

'ဟုတ်တာပေါ့ဗျာ ရေလည်း ဝတာပါပဲ၊ ဟား ဟား ဒီလိုပေါ့ဗျာ၊ အဆင်မပြေတဲ့အခါ ခြိုးခြံတာ လမ်းမှန်ပါတယ်'

ဦးရှန်ဆားသည် ကျွန်တော်၏ပခုံးကို ဆုပ်ကိုင်ကာ ရွှင်ပျစွာပြောသည်၊ ကျွန်တော်၏ညှိုးချုံးနေသော စိတ်အတွင်းသို့ အားသစ်

www.burmeseclassic.com

www.burmeseclassic.com


အင်သစ်များ ထည့်ပေးလိုဟန်နှင့် ကျွန်တော့်ပခုံးနှစ်ဖက်ကို တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားသည်။

'ကိုညိမ်းမောင် ခင်ဗျားစိတ်ညစ်နေသလား'

'အင်း'

'ဘာဖြစ်လို့လဲဗျာ'

'ကျွန်တော့်စာတွေကို ထုတ်မယ့်သူမရှိဘူးဗျ၊ လက်ထဲမှာလည်း ငွေမရှိ၊ ရှိသမျှငွေကလေးကလည်း စာရင်းမှတ်ပြီး အတိ အကျသုံးနေတဲ့ ကြားထဲက လျှော့ခနဲ လျှော့ခနဲ ကုန်ကုန်သွားလိုက်တာ'

'အိုဗျာ မေ့ထားလိုက်စမ်းပါ'

'အိမ်လခကြွေး၊ မီတာကြွေး၊ သတင်းစာကြွေး၊ နောက်ပြီး လကုန်ရင် ထမင်းချိုင့်ကလည်း ငွေကြိုပေးရဦးမယ်'

'လူမသေ ငွေမရှားပါဘူး ကိုညိမ်းမောင်ရဲ့၊ ရှန်ဆားဆိုတာ သာမညောင်ညစုံထောက် မဟုတ်ပါဘူး၊ ခင်ဗျားလည်း အသိပါဗျာ၊ အခု ကျုပ်အစွမ်းကို လူမသိသေးလို့ပါ၊ နောင်ဆိုရင် ဝိုင်းဝိုင်းလည်နေမယ်ဆိုတာ ခင်ဗျားလည်း မှန်းဆမိဖို့ ကောင်းပါတယ်'

ဦးရှန်ဆား၏ စိတ်ဓာတ်ကြံ့ခိုင်မှုသည် မနာလိုချင်စရာပင် ကောင်းနေပါသည်၊ကျွန်တော်သည် သူ့လောက် စိတ်အင်အားမကောင်းပါ၊ အိမ်ရှင်မိန်းမကြီး အိမ်လခလာတောင်းတိုင်း သူနှင့် ကြုံလေ့မရှိချေ။ အိမ်မြဲသူ ကျွန်တော်နှင့်သာ ပက်ပင်းတွေ့လေ့ရှိပါသည်၊ ကျွန်တော် ထင်ပါသည်၊ အကယ်၍ သူသာ ကျွန်တော့်လို တစ်ခါနှစ်ခါကြုံဖူးလျှင် ဤမျှ စိတ်ဓာတ်ကြံ့ခိုင်နိုင်မည် မဟုတ်ပါ။

'ကဲ ဘာနားထောင်မလဲ ကိုညိမ်းမောင်၊ မထိုးတာကြာလို့ လက်များပျက်နေမလားပဲ'

ဦးရှန်ဆားသည်နေရာမှထကာ သူ၏တယောပြားကလေးကို

www.burmeseclassic.com

www.burmeseclassic.com


သွားယူသည်၊ သူ အိပ်ရာကနိုးကတည်းက တစ်ခါမျှ တယောမထိုးခဲ့ဖူး သေးချေ။

'ဟို ငရုတ်သီးစပ်တော့ ချစ်တာပေါ့ဆိုတာလေး မကောင်းဘူး လား'

'တော်စမ်းပါဗျာ'

'ရော့ အစပ်ပြေ သကြားလုံးလေး'

ကျွန်တော်သည် အိတ်ထဲမှ ယိုးဒယားသကြားလုံးလေး နှစ်လုံး ကို စမ်းမိသဖြင့် ထုတ်ယူလိုက်ပါသည်။ ဦးခင်ဇော်အိမ်မှ တည်ခင်းစဉ် က နှိုက်ယူထားခြင်းဖြစ်သည်၊ ထိုသကြားလုံးမျိုးသည် အပြင်တွင် တစ်လုံးပြားသုံးဆယ်ဈေး ရှိပါသည်။

'ခင်ဗျားသကြားလုံးက လိမ္မော်နံ့လေးမွှေးလို့၊ ဦးဆန်းကျယ်ရဲ့ ဆေးလုံးလေးကျနေတာပဲ'

ဦးရှန်ဆားသည် သကြားလုံးကိုမြို့ရင်း ပြောသည်၊ ဦးဆန်း ကျယ်ဆီ ကျွန်တော်တို့မရောက်သည်မှာ ကြာချေပြီ။

'သူ့ဆီလည်း တစ်ခေါက်လောက်သွားကြဦးစို့ဗျာ'

'ကျွန်တော်နဲ့ တစ်ခါတွေ့သေးတယ်ဗျ၊ သူက မေးနေသေး တယ်၊ ကျွန်တော်တို့ကို သူပေးထားတာ ဆေးလုံးသုံးလုံး မဟုတ်လား တဲ့၊ တစ်လုံးစီသောက်ပြီးပြီဆိုတော့ တစ်လုံးကျန်ရအုံးမယ်တဲ့၊ ကောင်း ကောင်းသိမ်းထားရဲ့လားတဲ့ဗျ၊ ကျွန်တော်လည်း ယောင်ဝါးဝါးပဲ၊ ကို ညိမ်းမောင် အဲဒီဆေးတစ်လုံးကျန်တာ ခင်ဗျား သိမ်းထားတယ် မဟုတ် လား'

ဦးရှန်ဆားသည် တယောစမ်းနေရာမှ လှမ်းမေးသည်၊ ကျွန် တော်လည်း ထိုအခါမှပင် သတိရတော့သည်၊ ကျန်သောဆေးလုံးကို ကျွန်တော်သည် ကျားဘမ်းပရုပ်ဆီပုလင်းလွတ်ကလေးထဲထည့်ကာ

www.burmeseclassic.com

www.burmeseclassic.com


စာအုပ်သေတ္တာအောက်ဆုံး၌ ထည့်ထားခဲ့မိပါသည်၊ အိပ်ရာနိုးပြီးသည့် နောက်ပိုင်း၌ အသေအချာပြန်မကြည့်မိသေးချေ။

'အေးဗျ ရှိမှရှိသေးရဲ့လား'

ကျွန်တော်သည် စာအုပ်သေတ္တာကိုဖွင့်ကာ အလောတကြီး ရှာကြည့်လိုက်မိသည်။

'ဟာ ရှိတယ်ဗျို့ ရှိတယ်၊ အမယ်ဗျာ ကျားဘမ်းဘူးလေးက လုံလို့ထင်တယ်၊ အရောင်တောင်မပျက်ဘူးဗျ၊ အနီလေးမှ ရဲလို့၊ ကိုရှန် ဆားရေ လိမ္မော်နံ့လေးတောင် သင်းတုန်းဗျ'

ကျွန်တော်က ဝမ်းသာအားရ လှမ်းပြောမိသည်၊ ဦးရှန်ဆား သည် နေရာမှမထဘဲ ကဲ၍သာကြည့်သည်၊ သိပ်ပြီး စိတ်ဝင်စားဟန် မတူပါ။

'သူက မှာလိုက်တယ်၊ ရှိသေးရင် ကောင်းကောင်းသိမ်းထား တဲ့၊ အာနိသင် ပျက်ဦးမှာမဟုတ်ဘူးလို့ ပြောတယ်၊ တော်လည်း တော် တဲ့လူဗျာ၊ အံ့ရော'

ဦးရှန်ဆားသည် သီချင်းကြီးတစ်ပုဒ်ကို စ၍ ထိုးလေသည်၊ တယောသံလေးသည် နွဲ့ပျောင်းစွာထွက်ပေါ်လာသည်၊နှစ်ပေါင်းများစွာ တယောမထိုးဘဲနေခဲ့သော်လည်း သူ့လက်သံသည် လုံးဝမပျက်ပါချေ။

သူသည် ကျွန်တော့်ကို ဘာစကားမှ လှမ်းမပြောတော့ပေ၊ တယောလေးကို ပုခုံးနှင့်မေးပြီးတီးရင်း မျက်တောင်စင်းဒိုက် နေသည်၊ သူ့စိတ်သည် သာယာလှသော ဂီတသံတွင် နစ်မျောသွားပြီဖြစ်ပါသည်။

ကျွန်တော်သည် စာအုပ်သေတ္တာဘေးတွင် ခြေပစ်လက်ပစ် ထိုင်နေမိသည်၊ သူ့တယောသံကို တမေ့တမော နားထောင်နေမိရင်း လက်ထဲမှ ဆေးလုံးလေးကို ငေးကြည့်နေမိသည်။

အနီရောင်ကလေးဖြစ်သည်။ လိမ္မော်နံ့လေး သင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com


မျိုချလိုက်လျှင် အိပ်ပျော်သွားဦးမည်။
နှစ်အစိတ်လုံးလုံး အိပ်ပျော်သွားဦးမည်ဖြစ်ပါသည်။

'ဟတ်ဟား ခေါင်းကွဲတာဟာ နာပါတယ်' တဲ့ ဟာသဝတ္ထုလားဗျ၊ ဟား ဟား'

'မဟုတ်ရပါဘူးဗျာ'

ကျွန်တော်က ပျာပျာသလဲငြင်းချက်ထုတ်လိုက်မိသည်၊ သူသည် ကျွန်တော်၏စာမူလေးကို တစ်ရွက် နှစ်ရွက် လှန်ကြည့်ပြီး တစ်ကွက် နှစ်ကွက် ဖတ်ကြည့်နေပါသည်၊ ကျွန်တော်သည် သူ့မျက်နှာ ကို မျှော်လင့်ချက်ကြီးစွာနှင့် အကဲခတ်နေမိသည်။

'ခင်ဗျားမှာ မှတ်ပုံတင်ရှိလား'

'ဘာမှတ်ပုံတင်လဲဗျ'

'ထုတ်ဝေခွင့်မှတ်ပုံတင်လေ'

'ဟင့်အင်း မရှိဘူး'

'ငွေအရင်းအနှီးရော'

'ခုတော့ လက်ထဲမှာ ငါးကျပ်ရှိတယ်'

ကျွန်တော်က အမှန်အတိုင်းဖြေလိုက်သောအခါ သူ၏မျက်နှာ သည် ရှုံ့မဲ့သွားပါသည်။

'ခင်ဗျားဟာက မှတ်ပုံတင်လည်း မရှိ၊ ကလောင်ကလည်း အသစ်၊ အရင်းအနှီးကလည်း ဗလာ၊ ထုတ်ဝေသူနဲ့လည်း ဘာမှမတော်၊ ပုံနှိပ်တိုက်ပိုင်ရှင်နဲ့လည်း အမျိုးမစပ်၊ ဒီလိုလူမျိုးဟာ စာရေးဆရာ အမည်ခံပြီး လုံးချင်းထုတ်ဘို့ မလွယ်ဘူးဗျ'

သူက စိတ်ပျက်လက်ပျက်ပြောသောအခါ ကျွန်တော့်ရင်ထဲ

www.burmeseclassic.com

www.burmeseclassic.com


တွင် နင့်နင့်နဲနဲကြီး ဖြစ်သွားပါသည်၊ လက်ဖက်ရည်ခွက်ထဲတွင် ပေါလောမျောနေသော တစ်ဖတ်တည်းသော မလိုင်ဖတ်ကလေးသည် ကျွန်တော့်ကို ကရော်တိုက်၍ လှောင်ပြောင်နေသည် ဟုပင် ထင်မှတ်လာမိသည်။

'အဲ ငွေလိုရင် တစ်နည်းတော့ ရှိတယ်၊ ခင်ဗျားရဲ့စာမူကို အပြတ် ရောင်းလိုက်ပေတော့၊ ပုံနှိပ်စာလုံးတော့ ဖြစ်လာမှာပဲ၊ ဒါပေမယ့် စာရေးဆရာအမည်ကိုတော့ ခင်ဗျားခံရမှာမဟုတ်ဘူး'

'အာ ဒါတော့ဗျာ'

'ငွေအရေးတကြီးလိုနေရင် ပြောတာပါ၊ အဲဒီလို လက်ခံနိုင်ရင်တော့ ကျွန်တော်စပ်ပေးမယ်'

ကျွန်တော်သည် သူ့လက်ထဲမှ စာမူလေးကို ပြန်ယူကာ လွယ်အိတ်ထဲသို့ ပြန်ထည့်လိုက်ပါသည်၊ ကျွန်တော်၏မာနကိုကား အချိုးအနှိမ် မခံနိုင်ပါ၊ ထိုကဲ့သို့သော ငွေရနည်းမျိုးကိုတော့ လုံးဝ လက်မခံနိုင်ပါ။

အပြင်တွင် နေမင်းက တစ်စင်းသာမက ဆယ်စင်းပြိုင်ပူနေသလို ကျဲကျဲတောက်နေသည်။

ကျွန်တော့ရင်ထဲတွင်ကား မီးဟုန်းဟုန်းတောက်နေသည်၊ ဘာ မှ ဆက်မပြောတော့ဘဲ နေရာမှထလိုက်သည်၊ ထို့နောက် သူ့ကို ကျောခိုင်းလိုက်သည်၊ လက်ကျန် လက်ဖက်ရည်ကိုပင်မသော့ခဲ့တော့ပါ။

'အစကတော့ ဒီလိုပဲ တင်းကြတာပါပဲ၊ ဒါပေမယ့် နောက်တော့လည်း အဲ ခင်ဗျား စိတ်ပြောင်းရင် လာခဲ့ပေါ့ဗျာ သင့်မြတ်အောင် ဆောင်ရွက်ပေးမယ် ဟုတ်လား'

သူက မမှီမကမ်းလိုက်၍ ပြောလိုက်သေးသည်။

ကျွန်တော်သည် နေပူထဲတွင် ခေါင်းငိုက်စိုက်နှင့် လျှောက်လာ

www.burmeseclassic.com

www.burmeseclassic.com


မိသည်၊ စာပေဟူသည်မှာ ကျွန်တော်၏အသက်သွေးခဲ ဝါသနာ ဖြစ်သည်၊ ကျွန်တော်သည် စာအမှန်ရေးသော စာရေးဆရာအစစ်ဖြစ်သည်၊ သို့သော်လည်း စာရေးဆရာဟူသော အမည်ကို ခံယူရန်ကား အလှမ်းဝေးနေချေပြီ။

'မောင်ညိမ်းမောင်'

ကျွန်တော့်ကို နောက်ဘက်မှအော်၍ နှုတ်ဆက်သံကို ကြားရသည်၊ ကျွန်တော်လှည့်ကြည့်လိုက်သောအခါ ထမင်းချိုင့် ပေးသော ဒေါ်မိကြီးကို တွေ့ရသည်၊ သူသည် ပလတ်စတစ်ခြင်းတောင်းကြီး တစ်တောင်းကို မနိုင်မနင်းဆွဲလာသည်။

'ဘာတွေလဲ ဒေါ်မိရဲ့'

'သကြားတွေကွယ်၊ အခြေခံဆိုင်က ထုတ်ပေးတာလေ၊ ကိုယ်သုံးမလိုတဲ့လူတွေက ပြန်ရောင်းလို့၊ ဒေါ်ဒေါ်သွားကောက်လာတာလေးလိုက်တာကွယ်'

သူသည်ချိုသာသော မျက်နှာနှင့်ညည်းသည်၊ ဒီလောက်တော့ ကျွန်တော်လည်း အလိုက်သိရပါမည်၊ သူ့ခြင်းတောင်းကြီးကို လှမ်းယူပြီး သယ်ပေးရတော့သည်၊ လေးလိုက်သည်မှာ နင့်နေသည်၊ ဘယ်နှပိဿာများ ဝယ်လာသည် မပြောတတ်ပါ။

'ဒီလောက်အများကြီး ဘာလုပ်ဖို့လဲ ဒေါ်မိရဲ့၊ ကုန်အောင်စားနိုင်လို့လား'

'မောင်ညိမ်းမောင်နှယ် အတော် အ တာပဲ၊ ဆိုင်မှာပြန်သွင်းဖို့ကွဲ့၊ ထုတ်ပေးတဲ့ဈေးက တစ်ပိဿာရှစ်ကျပ်ခွဲ၊ ဒေါ်ဒေါ်က ဆယ့်ရှစ်ကျပ်နဲ့ ကောက်လာတာ၊ ဆိုင်ပြန်သွင်းတော့ နှစ်ဆယ်ဈေးရတယ်လေ ကဲ ကြားကနေ နှစ်ကျပ်မြတ် မနေဘူးလား'

'တယ် ဟုတ်ပါလားဗျ'

www.burmeseclassic.com

www.burmeseclassic.com


'ငွေမြှုပ်နိုင်ရင်တော့ ငွေများများမြှုပ်နိုင်လေ များများမြတ်လေ ပဲ၊ ဒေါ်ဒေါ်က ငွေရင်းမရှိလို့'

'ဟန်ပဲ ဟန်တော့ဗျာ'

'ဒီလိုဘဲ လုပ်စားရတာ မောင်ရင်ရဲ့ နို့ နေပါဦး၊ စာအုပ်က ဘယ်တော့ထွက်မှာလဲ'

'ဘာစာအုပ်လဲ'

'မောင်ညိမ်းမောင်ရေးနေတဲ့ စာအုပ်လေ'

သူက စိတ်ဝင်တစားမေးသည်၊ စိတ်ဝင်စားပေမည်။

ကျွန်တော့်ဝတ္ထုထွက်လျှင် သူ့ကို ရေစိုလုံချည် တစ်ထည် ဝယ်ပေးရမည်ဟု အရေးဆိုထား၍ ကျွန်တော်ကလည်း ခေါင်းညိတ်ထား ခဲ့သည် မဟုတ်ပါလား။

'သိသေးပါဘူးဗျာ'

ကျွန်တော်က စိတ်ပျက်လက်ပျက် ပြောလိုက်ပါသည်၊ နေပူသောကြောင့်လည်း ပါမည်၊ သူ့ခြင်းကြီးလေးသောကြောင့်လည်း ဖြစ်မည်၊ ရင်ထဲတွင် မောဟိုက်ပြီး မှုံးမှုံးနောက်နောက်ကြီးဖြစ်လာပါသည်။

'စာရေးဆရာဆိုတာ သူဌေးကွဲ့၊ မောင်ညိမ်းမောင်လည်း သူဌေးလောင်းပဲ'

'ဘာဖြစ်လို့လဲဗျ'

'ဒေါ်ဒေါ်တို့အိမ်နားက သူငယ်လေးလေ၊ အရင်တုန်းကတော့ ခပ်မွဲမွဲပဲ၊ နောက်တော့ စာရေးဆရာလုပ်တယ်၊ သူ့စာအုပ်တွေက သိပ်ကောင်းတယ်တဲ့၊ အမယ်လေး ချမ်းသာသွားလိုက်တာကွယ် ကောင်မလေးတွေကလည်း ဝိုင်းလို့၊ မောင်ညိမ်းမောင်ရယ် ရေးလိုက်စမ်းပါ၊ တစ်ကိုယ်လုံးသိမ့်သိမ့်တုန်အောင်လေ၊ လက်ဖျားငွေသီးတယ်နော်'

ဒေါ်မိကြီးက မစားရဝခမန်း ပြောနေသည်၊ ကျွန်တော်ကမူ

www.burmeseclassic.com

www.burmeseclassic.com


သက်ပြင်းသာ တဟင်းဟင်းချမိပါသည်၊ ကျွန်တော့် ဝတ္ထုကလေးထုတ်ရန် မစွံခဲ့သည်မှစ၍ သူဌေးဖြစ်ရန် မဆိုနှင့်၊ ထမင်းကလေးနပ်မှန်ဖို့ပင် အလှမ်းအဝေးကြီးဝေးနေသည်ကိုတော့ ကိုယ့်ဟာကိုယ်သာသိပါသည်၊ ကျွန်တော်၏ 'တောပုန်းကြီးဗိုလ်ကျောက်ခဲ'သည်လည်း စာဖတ်သူအား တစ်ကိုယ်လုံး သိမ့်သိမ့်တုန်အောင် စွမ်းဆောင်နိုင်မည်မဟုတ်ပါ။

နင့်နေအောင် လေးသော သကြားတောင်းကြီးကို သူ့အိမ်ရောက်လျှင် ရောက်ချင်း ခပ်ဆောင့်ဆောင့်ချလိုက်မိသည်၊ လေးလိုက်သည်မှာ လက်မောင်းပင် အောင့်နေပါသည်၊ အိမ်မှတစ်ဖန် သူသွင်းမည့်ဆိုင်သို့ ဆက်၍ ဆွဲခိုင်းနေဦးမည် စိုးရိမ်ရပါသည်၊ ထို့ကြောင့် ရေတစ်ခွက်ပင် တောင်းမသောက်အားဘဲ ခပ်သွက်သွက် ပြန်ထွက်လာမိသည်။

အိမ်ရောက်သောအခါမှ ရေကိုနှစ်ခွက်ဆင့်ပြီး အားရပါးရသောက်ချလိုက်ပါသည်၊ သို့သော် ရင်ထဲတွင် ပူပူလောင်လောင်ကြီးဖြစ်နေသည်မှာကား ပျောက်ကွယ်သွားခြင်းမရှိပါ။

ကျွန်တော်သည် ပက်လက်ကုလားထိုင်လေးပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချပြီး မျက်လုံးကို စုံမှိတ်ထားလိုက်သည်၊ ကောင်းစွာအကင်း မသေသေးသော ချိုစောင်းမှ အနာသည် တစစ်စစ်နှင့် ကိုက်ခဲနေပါသည်။

'မောင်ညိမ်းမောင် မောင်ညိမ်းမောင်'

တံခါးကို တဒေါက်ဒေါက်ခေါက်၍ ခေါ်နေသံကို ကြားရသည်၊ အိမ်ရှင်အဒေါ်ကြီး၏အသံဖြစ်သည်၊ အကြွေးတောင်းရန် လာပြန်ချေပြီ။

'မောင်ညိမ်းမောင် ရှိတယ်မဟုတ်လား'

အဒေါ်ကြီးက အသံကိုမြှင့်၍ခေါ်သည်၊ ကျွန်တော်သည် ထ

www.burmeseclassic.com

www.burmeseclassic.com


ရန် ကြံရွယ်ပြီးမှ ပြန်၍ထိုင်နေလိုက်ပါသည်၊ သူနှင့် မျက်နှာချင်း မဆိုင်လိုသောကြောင့် ဖြစ်သည်။

ဦးရှန်ဆားသည် ဘဏ်မှငွေကို သွားထုတ်နေပြီဖြစ်သဖြင့် သူ့အိမ်လခကို ဒီနေ့အကျေပေးနိုင်မည်ဖြစ်ပါသည်၊ သို့သော် သူ့လက်ထဲသို့ ငွေမထည့်နိုင်သေးဘဲ သူနှင့်မျက်နှာချင်းဆိုင် စကား မပြောလိုပါ။

'တကတဲတော် ဘယ်လိုဟာတွေလဲ၊ နေတုန်းကတော့ အကြွေးသားနေပြီး ငွေပေးဖို့တော့ နေ့ရွှေ့ညရွှေ့၊ ဟင်း ဟင်း မယ်မြ အကြောင်းသိပ်သိချင်နေပြီထင်တယ်'

ကျွန်တော်က ပေပြီး ငြိမ်နေသောအခါ အဒေါ်ကြီးသည် လက်လျှော့သွားသည်၊ အသံကိုမြှင့်၍ ကြိမ်းဝါးရင်း အောင်မြင်စွာ ဆုတ်ခွာသွားသည်၊ ညနေသာ မပေးနိုင်လျှင်တော့ အခြေအနေမကောင်းလှပါ။

ကျွန်တော်သည်မျက်စိကို စုံမှိတ်ကာ အမောဖြေနေလိုက်ပါသည်၊ သို့သော် ရင်ထဲတွင် မောနေသော ထိုအမောကား တော်တော်နှင့် မပြေနိုင်ပါ။

မျက်စိကိုစုံမှိတ်ထားရင်းမှ ပရော်ဖက်ဆာဆန်းကျယ်၏ အာယုဗလ ဆေးလုံးလေးကို မြင်ယောင်နေမိပါသည်၊ ကျွန်တော်တို့နှစ်ဦးကို ခုနစ်ဆယ့်ခုနစ်ခုနှစ်သို့ ပို့ဆောင်ခဲ့သည့်ဆေးလုံးလေးများဖြစ်သည်၊ ဆေးလုံးလေးမှသင်းသင်းလေးပျံ့သော လိမ္မော်နံ့သည် ကျွန်တော့် နှာဝတွင် ဝေ့ပျံ့နေသည်ဟု ထင်နေမိသည်၊ နှစ်ပေါင်းအစိတ်ကို စိတ်အေးသက်သာ အိပ်မောကျစေသည့် ဆေးလုံးလေးသည် ကျွန်တော်၏ လက် တစ်ကမ်းတွင်ပင် ရှိပါသည်။

အင်အားကြီးနှစ်ရပ်သည် ကျွန်တော့်ကို တစ်ဖက်စီမှနေ၍ ဆွဲနေကြသည်၊ ခေါင်းထဲတွင် ဖြုန်းခနဲမှောင်ကျသွားသလိုလို၊ရုတ်တရက်ပင် ထိန်ထိန် လင်းလာ သလိုလို ဆန့်ကျင်ဘက် ခံစားမှု နှစ်မျိုးကို

www.burmeseclassic.com

www.burmeseclassic.com


တစ်ပြိုင်နက်တည်း ခံစားနေရသည်၊ ကျွန်တော်သည်တစ်ဦးတည်းထိုင် ကာ တွေဝေငေးမောရင်း ကတုန်ကယင်ဖြစ်ကာ လှိုက်မောနေပါသည်။

'ငွေပေးဖို့ကျတော့ နေ့ရွှေ့ ညရွှေ့ ဟင်း ဟင်း၊ မယ်မြ အကြောင်း သိပ်သိချင်နေကြပြီထင်တယ်'

အိမ်ရှင်အဒေါ်ကြီး၏အသံကိုကြားယောင်လာပြန်သည်၊ ကျွန် တော်သည် ပင့်သက်ရှိုက်ရင်း နေရာမှထလိုက်သည်၊ စာ တစ်စောင် ရေးနေမိစဉ် ဦးရှန်ဆားပြန်ရောက်လာသည်။

'တစ်ထောင်တန် ချက်လက်မှတ်လေးထုတ်တာ တစ်နေကုန် တာပဲဗျာ ဗိုး မောလိုက်တာ'

ကျွန်တော်သည် ရေးလက်စစာကို ခေါင်းအုံးအောက်သို့ ထိုး ထည့်လိုက်သည်၊ ငွေထုပ်ကလေးကို ကျွန်တော့်အား လှမ်းပေးပြီးမှ မောကြီးပန်းကြီးနှင့် ရေသောက်နေသောသူ့ကို ခင်မင်စွာ ကြင်နာစွာ ငေးကြည့်နေမိပါသည်။

နောက်တစ်နေ့ ဦးရှန်ဆား အိပ်ရာမှနိုးလာသောအခါ သူ့လက်ထဲတွင် ခေါက်လျက်ထည့်ထားသော စာကလေးတစ်စောင်ကို တွေ့ရသည်။

မိတ်ဆွေကြီးကိုရှန်ဆား

နှုတ်ဆက်ခဲ့ပါတယ်ဗျာ။

ကျွန်တော့်အတွက်တော့ ပြန်အိပ်နေတာ အကောင်းဆုံးပဲ လို့ စဉ်းစားမိတယ်၊ ခဏနေရင် ဦးဆန်းကျယ်ရဲ့ တတိယဆေးလုံးကို သောက်ချလိုက်တော့မယ်။

ခင်ဗျားကို တစ်ယောက်တည်း ထားခဲ့ရတာ စိတ်တော့

www.burmeseclassic.com

www.burmeseclassic.com


မကောင်းဘူး၊ ဒါပေမယ့် ဘာအလုပ်မှ ဟန်မကျဘဲ ခင်ဗျားရဲ့ ချွေးနည်းစာလေးကို ကပ်စားနေရတာလည်း မျိုမကျဘူးဗျာ။

နောင်နှစ်အစိတ်ကြာရင် တွေ့ကြသေးတာပေါ့၊ အဲဒီကျရင်လည်း တကယ်လို့ အဆင်မပြေခဲ့သော် ဆက်ပြီးအိပ်သင့်အိပ်ရအောင် ဦးဆန်းကျယ်ကို နောက်ထပ်ဆေးလုံးလေးတွေ ဖော်စပ်ပေးဖို့ ကျွန်တော့် ကိုယ်စား တောင်းပန်ပေးပါဗျာ။

နိုးနေတဲ့ဦးရှန်ဆားကို အစစအရာရာ အောင်မြင်ကျော်ကြားစေဖို့ ဆုမွန်ကောင်း တောင်းခဲ့ပါတယ်။

သင့် ညိမ်းမောင်

ထိုစာကိုဖတ်ပြီးသောအခါ ဦးရှန်ဆားသည် နေရာမှ ဝုန်းခနဲခုန်၍ ထလိုက်လေသည်၊ ထို့နောက် ဦးညိမ်းမောင်၏ခုတင်ဆီသို့ ဒရောသောပါး ပြေးသွားသည်။

'ကိုညိမ်းမောင်၊ ကိုညိမ်းမောင်၊ အိုဗျ ကိုညိမ်းမောင်'

ဦးရှန်ဆားက လက်ကို ဝှေ့ယမ်းကာ အော်ဟစ်နေသည်၊ အသက် မှန်မှန်ရှူကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော ဦးညိမ်းမောင်ကား မတုန်မလှုပ်၊ ကျောက်ရုပ်။

ကတုံးကလေးအပြောင်သားနှင့် သူ့မျက်နှာညိုစိမ့်စိမ့်ကမူ မပြုံး၏သို့ ပြုံး၏သို့။

(စစ်ပြန်၊ ၁၉၇၇ နိုဝင်ဘာ)

www.burmeseclassic.com

www.burmeseclassic.com

# မိငယ်သိတဲ့ကိုကိုမောင်



www.burmeseclassic.com

www.burmeseclassic.com

အမွှေးတိုင်ငါးတိုင်ကို လက်ထဲတွင် စုကိုင်ပြီး ထွန်းညှိလိုက်တော့ စူးရှသော အမွှေးရနံ့က လေထဲတွင် ပျံ့လွင့်သွားသည်။ သေးသေးမျှင်မျှင် အငွေ့တန်းကလေးများက ဂန္ဓမာပန်းဝါဝါများဆီသို့ လက်ကမ်းနေသလို ခပ်နွဲ့နွဲ့ယိုင်ပြီး အပေါ်ဘက်သို့ တရိပ်ရိပ်နှင့်ဖြည်းလေးစွာ လွင့်တက်သွားသည်။

'ရောင်းပန်း ဝယ်ပန်း ပွင့်ပါစေ ဘုရား'

မိငယ်က ဆုတောင်းနေကျအတိုင်း ဆုတောင်းလိုက်ပြီး စဥ့်သုတ်ထားသော မြေခွက်ကလေးထဲတွင် အမွှေးတိုင်များကို ထိုးစိုက်၍ ပူဇော်လိုက်စဥ်တွင် သံတံခါးကိုဆွဲ၍ လှုပ်လိုက်သော အသံကို ကြားရသည်။

တံခါးဝတွင် လူစိမ်းတစ်ဦး ရပ်နေသည်ကို တွေ့ရသည်။ အရပ်မြင့်သည်၊ အသားအနည်းငယ်ညိုသည်၊ ဂျင်းဘောင်းဘီရှည်ဝတ်ထားသည်။ ထို့ပြင် သူ့မျက်လုံးများက ရွှင်ချိုပြီး တောက်ပသည်။

'ဟေး အန်တီမြ ရှိရဲ့လား'

သူက အသံကျယ်ကျယ်နှင့် လှမ်းမေးသည်။

'မနက်ခုနစ်နာရီတောင်မထိုးသေးဘူး၊ ဘယ်က ဧည့်သည်ပါလိမ့်'ဟု စဥ်းစားရင်း မိငယ်သည် ဘုရားစင်ရှေ့တွင် ဆက်၍ ရပ်နေသည်။ ကြီးကြီးမြက အိပ်ရာမှမထသေး။ ဦးလေးအုန်းက လမ်းလျှောက်ထွက်သွားသည်။ ဒေါ်ဒေါ်စုက ဈေးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com


'ဟော့ အန်တီမြရှိလား ဆိုမှ'

'ဟုတ်ကဲ့'

ကြီးကြီးမြဆီကို ရွှေပေါင် ငွေပေါင်လာတဲ့သူတွေလည်း မဖြစ်နိုင်ပါဘူးဟု မိငယ်က စဉ်းစားသည်။ ပိုက်ဆံချေးလိုသူများသည် သိပ်စောစောမလာတတ်၊ နောက်ပြီး သူ့လို ရွှင်ချိုပေါ့ပါးသောဟန်ပန်များ မရှိတတ်။

'ဟုတ်ကဲ့ ဆိုရင်လည်း တံခါးဖွင့်လေ၊ ငါက ဒီအပေါက်ဝမှာ ဒီလိုပဲ အကြာကြီးရပ်နေရမှာလား'

'ဟုတ်ကဲ့'

'ဘာ'

'အို မဟုတ်ဘူး'

မိငယ်က အယောင်ယောင် အမှားမှား ဖြေသည်။ တကယ့်တကယ်တော့လည်း ကြီးကြီးမြတို့ ဒေါ်ဒေါ်စုတို့၏အခွင့်အမိန့် မရဘဲ မိငယ် မည်သူ့ကိုမျှ တံခါးဖွင့်မပေးရဲချေ။ လူစိမ်းမဆိုထားနှင့်၊ မျက်နှာသိများကိုပင် တံခါးကို အရမ်း အရမ်း ဖွင့်မပေးရန် ကြီးကြီးမြတို့က အထပ်ထပ် မှာကြားထားသည်။ ဦးလေးအုန်းနှင့်ဒေါ်စုက မြို့ထဲတွင် ရွှေဆိုင်ထွက်ပြီး ကြီးကြီးမြက ရွှေပေါင်ခံသူမို့ အိမ်တွင် အဖိုးတန်ပစ္စည်းများက အမြဲရှိနေသည်။ သူခိုးဓားပြနှင့် အနုကြမ်းရန်ကို သူတို့ အလွန်ကြောက်ကြောင်း မိငယ် သိသည်။

'ဩော် စကားသံတွေ ကြားလို့ ဘယ်သူများလဲလို့၊ မောင်ကိုကိုမောင်ပါလား'

ကြီးကြီးမြထွက်လာသဖြင့် မိငယ် အတန်ငယ် အသက်ရှူချောင်သွားသည်။

'အန်တီမြရဲ့ တူမကလေးလေ မောင်ကိုကိုမောင်ရဲ့၊ သူက မျက်နှာစိမ်းမို့ ချက်ချင်းတံခါးမဖွင့်ရဲတာပါ၊ စိတ်မရှိနဲ့နော်'

www.burmeseclassic.com

www.burmeseclassic.com


တိုင်ကပ်နာရီအောက်တွင် ချိတ်ထားသော ကြေးဝါသော့ချောင်းကိုယူ၍ မိငယ်က တံခါးကို ခပ်သွက်သွက်ဖွင့်သည်။ ကြီးကြီးမြတို့ညီအစ်မက မိငယ်၏အဖေနှင့် ဆွေမျိုးနီးစပ်တော်သည်။ အဖေရောအမေပါ ရှေ့ဆင့်နောက်ဆင့် ဆုံးသွားတော့ ခိုကိုးရာမဲ့ ကျန်ခဲ့သောမိငယ်သည် ကြီးကြီးမြတို့၏ အရိပ်အောက်သို့ဝင်ရောက်ခိုလှုံခဲ့ရသည်။ ကျောင်းဆက်နေခွင့်မကြုံ၊ အိမ် အလုပ်များကို ဇယ်ဆက်သလို လုပ်ရသော်လည်း 'ကြီးကြီးမြရဲ့ တူမကလေးလေ'ဟု ပြောသံကြားရလျှင် မိ ငယ် အမောပြေရသည်။

'အစိမ်းနည်းနည်း ပါလာလို့ လာပြတာ အန်တီမြရေ'

ကိုကိုမောင် အိမ်ထဲရောက်တော့ မိငယ် ကော်ဖီပြေးဖျော်ရသည်။ 'အစိမ်း'တို့၊ 'အပြာ'တို့ အသံကြား၍ ဒေါ်ဒေါ်စုတို့ ကြီးကြီးမြတို့နှင့် လုပ်ငန်းချင်းယှက်နွယ်သူဟုသိပြီး နက်(စ်)ကော်ဖီပုလင်းကို ဖွင့်ရသည်။ တော်ရုံဧည့်သည်ဆိုလျှင်တော့ ပြည်တွင်းဖြစ် ကော်ဖီမှုန့်ကိုသာ အသုံးပြုပြီး ကြီးကြီးမြ၏လေသံက 'ဩော် အေး ထိုင်ကွယ်' ဆိုတာလောက် ဆိုလျှင်တော့ ရေနွေးကြမ်းနှင့် ထန်းလျက်ခဲလောက်သာ ထုတ် ရမည်ကို မိငယ်ကျွမ်းကျင် နားလည်ပြီးဖြစ်သည်။

'အဲဒါတွေကိုတော့ အန်တီမြ နားမလည်ဘူးကွဲ့၊ မစုတို့ လင်မယားလာမှ ပြကြည့်လေ'

ကော်ဖီပန်းကန်ကိုအသာချလိုက်ပြီး မိငယ်သည် ကိုကိုမောင်ကို မသိမသာခိုးကြည့်မိသည်။ မျက်ခုံးမွေးထူထူနှင့် နှုတ်ခမ်းဖျားတွင် မှဲ့နက်တစ်လုံးရှိသည်ကို သတိထားမိလိုက်စဉ်တွင်ပင် ကိုကိုမောင်က မိငယ်အား ဖျတ်ခနဲ လှမ်းကြည့်သည်။ ချိုရွှင်စွာ ပြုံးပြသည်။

'နောက်တစ်ခါ ကျွန်တော်လာရင်တော့ တံခါးမြန်မြန် ဖွင့်ပေးမှာလားဟင်'

www.burmeseclassic.com

www.burmeseclassic.com


ရင်းနှီးကျွမ်းဝင်စွာ လှမ်းပြောလိုက်တော့ မိငယ်ရင်ထဲတွင် တဖျပ်ဖျပ်ခုန်သွားသည်။ ရှက်ကိုးရှက်ကန်းနှင့် ခစ်ခနဲ ရယ်လိုက်မိစဉ် ကြီးကြီးမြကမကြိုက်သလို လှမ်းကြည့်လိုက်သဖြင့် မျက်နှာပိုးသတ်လိုက်ရသည်။

မိငယ်၏နေ့စဉ်မှတ်တမ်းစာအုပ်ကလေးထဲတွင်ကား'ယနေ့ ကိုကိုမောင်နှင့်စ၍သိရသည်'ဟု ရေးမှတ်ထားလိုက်မိသည်။

နောက်တစ်ခါ ကိုကိုမောင်လာတော့ မိငယ်ကြမ်းတိုက်နေစဉ်တွင် ဖြစ်သည်။ ပေါ်လစ်သုတ်ထား၍ စေးကပ်ကပ်ဖြစ်နေသော ပျဉ်းကတိုးကြမ်းခင်းကို ချောပြီးပြောင်လက်လာစေရန် အားစိုက်၍ဖိတိုက်ရင်း မိငယ် ကိုကိုမောင့်ကို သတိရနေသည်။ ထိုအချိန်တွင်ပင် 'အိမ်ရှင်တို့ ခင်ဗျား'ဟူသောအသံကို ကြားရသည်။ အမှတ်မဲ့မော်ကြည့်လိုက်စဉ် ပြုံးရယ်၍ ချိုသာသော သူ့မျက်လုံးများကိုတွေ့လိုက်ရတော့ မိငယ်ရတတ် တရက်ပျော်သွားသည်။ ဧည့်သည်လာလျှင် ကြီးကြီးမြကို အလျင်သွား ပြောပြီးမှတံခါးဖွင့်ပေးရမည်ဆိုသည့်စည်းကမ်းချက်ကိုပင် မေ့လျော့ ပြီး တံခါးကို အလျင်စလို ပြေးဖွင့်မိသည်။

ကြေးဝါသော့ခလောက်ကို ဆွဲဖြုတ်နေသော မိငယ်အား သူကသံတံခါးအပြင်ဘက်မှနေပြီးစီးကရက်ငွေ့နှင့်မထိတထိလှမ်းမှုတ်လိုက်သည်။ 'ဒီတစ်ခါတော့ မြန်မြန်ဖွင့်ပေးသားပဲ'ဟု ရယ်သံနှင့် ပြောသည်။ သူ့ကို အမှတ်တရရှိနေဟန်ကို တွေ့ရ၍ မိငယ်ရင်ခုန်သွားသည်။ ပျော်ရွှင်သွားသည်။

'ဟော မောင်ကိုကိုမောင် ပျောက်လှချေကလားကွဲ့'

'ပျောက်ဆို ဟိုဘက်မှာ ကြာသွားလို့ အန်တီရေ'

www.burmeseclassic.com

www.burmeseclassic.com


ကိုကိုမောင်ကကုလားထိုင်တွင်ခြေပစ်လက်ပစ်ဝင်ထိုင်သည်။ ‘ဗိုး–မြန်မာပြည်ကြီးတယ်ပူတာပဲ၊ ဟိုဘက်မှာကရာသီဥတုသိပ်ကောင်း တာ’ ဟု ပြောရင်း မိငယ်ဘက်သို့လှည့်ကာ ‘ရေအေးလေး တစ်ခွက် လောက်ဗျာ’ ဟု ပြောသည်။

‘သြော် နေပူထဲကလာရတာ မောမှာပေါ့၊ မော်တော်ဆိုင်ကယ်နဲ့ လာရတာ နေပူသက်သာတာမှ မဟုတ်၊ ဒီကြားထဲ ဦးထုပ်ကြီးစွပ်ထားရတော့ ပိုတောင်အိုက်ဦးမယ်’

ရေတစ်ခွက်လောက်သာတောင်းသော်လည်း မိငယ်ကဘာလီ ရည်ချိုချို ဖျော်ပေးသည်။ ရေခဲသေတ္တာထဲမှ ရေခဲတုံးကလေးများကိုပါ ထုတ်၍ထည့်သည်။

‘ရောင်းရ ဝယ်ရတာ အရင်တုန်းကလောက် မကောင်းဘူးအန်တီရဲ့၊ အဖမ်းအဆီးကလည်း များတယ်’

‘အရင်တစ်ခေါက်က အစိမ်းလေးတွေကတော့ အရည်ကောင်းသားကွဲ့၊ မစုတို့တွေ အထည်လုပ်ရောင်းတာ ကြိုက်ကြတယ်၊ သြော် အဲဒါတောင် ငွေအကျေမပေးရသေးဘူးနော်၊ အန်တီတို့လည်း မောင်ကိုကိုမောင်ကို မျှော်နေတာ’

‘ဟုတ်တယ်အန်တီ၊ ကျွန်တော်လည်း ချက်ချင်း ပြန်ထွက်သွားတာနဲ့ မရောက်ဖြစ်တော့တာပါ၊ ပြန်လာမှပဲ ယူတော့မယ် ဆိုပြီးတော့လေ၊ စိတ်မချရတဲ့သူတွေမှ မဟုတ်ဘဲ’

‘ခုတစ်ခေါက်တော့ ဘာမှ မပါဘူးလားကွယ်၊ အစိမ်း မဟုတ်တောင် အပြာအနီထဲကရော’

‘အရောင်တွေက သိပ်မကိုက်ပါဘူး အန်တီရယ်၊ ကျွန်တော်က အဖြူကိုင်ရကောင်းမလား စဉ်းစားနေတာ’

‘အဖြူဆိုရင်တော့ မင်း ဟိုဘက်တက်မနေနဲ့တော့လေ၊ နိုင်ငံခြားပြန်တွေဆီက ပစ္စည်းကောင်းတယ်’

www.burmeseclassic.com

www.burmeseclassic.com


ကြီးကြီးမြကပြောတော့ ကိုကိုမောင်က ရယ်သည်။ မိငယ်သည်လည်း ဒီအိမ်မှာ အနေကြာလာပြီမို့ အစိမ်းတို့ အပြာတို့ အနီတို့ အခေါ်အဝေါ်များကို ကျွမ်းနေပြီဖြစ်သည်။ ကျောက်များ၏ အရောင်ကို လိုက်ကာ ခေါ်ခြင်းဖြစ်ကြောင်းသိသည်။ အဖြူ ဆိုသည်မှာကား စိန်ကို ပြောခြင်းဖြစ်မည်ဟု မှန်းဆ၍သိရသည်။

'ကဲ ခဏထိုင်ဦး၊ အန်တီ ငွေသွားယူလိုက်ဦးမယ်'

အန်တီမြ အခန်းထဲဝင်သွားတော့ သူက စားပွဲပေါ်မှ ဘာလီခွက်ကို ကောက်ကိုင်ကာ တစ်ကျိုက်ချင်း အရသာခံ၍ သောက်သည်။

'ဘာလီရည်က ကောင်းလိုက်တာ၊ ရင်ထဲကို အေးသွားတာပဲ'

အိမ်ခေါင်းရင်းဘက်မှကြမ်းကို ဆက်၍ပွတ်တိုက်နေသော မိငယ်အား လှမ်းပြောသည်။

'ချိုများ ချိုသွားသလားလို့'

မိငယ်က ရင်တဒိတ်ဒိတ်ခုန်ရင်းရှက်သွေးဖြန်းလာသည်။ သူ့ကို ရဲရဲမကြည့်ရဲ၍ အရိပ်ထင်နေသောကြမ်းပြင်ကို ငုံ့၍ ကြည့်နေမိသည်။

'တို့က အချိုကြိုက်ပါတယ်'

သူက ဖန်ခွက်ထဲမှ ရေခဲတုံးကလေးများကို အသံမြည်အောင် လှုပ်ခတ်ရင်း ပြုံးနေသည်။ မိငယ်က သူ့ကို မရဲတရဲခိုးကြည့်ရင်း 'ခရီးပန်းလို့ထင်ပါရဲ့ ပိန်သွားသလိုပဲ' ဟု တွေးမိသည်။ ထို့နောက် 'သူ့မှာ မိန်းမရှိမယ်ထင်တယ်၊ အင်း မိန်းမ မရှိရင်တောင် ရည်းစားတော့ ရှိမှာပါ' ဟု ဆက်စဉ်းစားရင်း နေမိသည်။ သူ့လို ရွှင်ချိုပြီး သဘောကောင်းသူ၏ဇနီး ဖြစ်ရသူသည် မည်မျှကံကောင်းလေမည်နည်း၊ မည်မျှ ပျော်စရာကောင်းလေမည်နည်းဟု တွေးမိပြီး အားကျချင်သလိုလိုပင် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com


'ရော့ကွဲ့– မောင်ကိုကိုမောင်၊ အရင်က တစ်ဝက်ပေးပြီးသား ဆိုတော့ ဒါက ကျန်တဲ့တစ်ဝက်၊ ရေကြည့်လိုက်ပါဦး'

'ဘဏ်ထုပ်တွေပဲ အန်တီရယ်၊ ရေစရာမလိုပါဘူး'

ကိုကိုမောင်က ငွေများကို တစ်ရွက်ချင်းရေမနေဘဲ အထုပ်လိုက်သာ စစ်ပြီး အိတ်ထဲသို့ ထည့်လိုက်သည်။

'မင်း အဖြူ လိုချင်ရင်တော့ အန်တီတို့မှာ မိတ်ကောင်းတွေ ရှိတယ်သိလား'

ကြီးကြီးမြက ပြောတော့ သူက အလိုက်သင့်ခေါင်းညိတ်ရင်း နေရာမှထသည်။

'ချိန်းထားတာ တစ်ခုရှိလို့ သွားဦးမယ်အန်တီ' ဟု ပြောသည်။ မိငယ်ဘက်ကိုသာလှည့်ပြီး–

'ပြန်မယ် ချာတိတ်ရေ' ဟု ပြောသည်။

မိငယ်က သံတံခါးကို ကြေးဝါသော့နှင့် ပြန်၍ခတ်နေစဉ်တွင် သူ့မော်တော်ဆိုင်ကယ်လေးက အိမ်ရှေ့မှ ဝီးခနဲ ထွက်သွားသည်။

'သွားပြန်ပြီ၊ ဘယ်နှလကြာမှ တစ်ခါလာဦးမယ် မသိပါဘူး' ဟု တွေးရင်း မိငယ်က သူ့ကျောပြင် မျှော်ငေးပြီး ကြည့်နေမိသည်။

မိငယ် နေ့စဉ်မှတ်တမ်းကလေးထဲတွင်ကား ကိုကိုမောင်၏ အကြောင်းကို ရေးမှတ်ဖြစ်ပြန်သည်။

'ဒီနေ့ ကိုကိုမောင်လာတယ်၊ ပြန်ခါနီးတော့ ငါ့ကို နှုတ်ဆက်သွားတယ်၊ ပြန်မယ် ချာတိတ်ရယ်တဲ့၊ မိငယ် ချာတိတ် မဟုတ်ပါဘူး ကိုကိုမောင်ရယ်'

မိငယ်အခါခါမျှော်မိသော်လည်း ကိုကိုမောင်သည်ထပ်၍ရောက်မလာခဲ့ပေ။

နောက်ခြောက်လလောက်နေပြီး မမျှော်မိတော့သောအချိန်ကျ

www.burmeseclassic.com

www.burmeseclassic.com


မှ ကိုကိုမောင်သည် မိငယ်တို့အိမ်သို့ ရုတ်တရက် ရောက်လာသည်။ မီးဖိုထဲတွင် ညနေစာ ချက်နေသောကြောင့် မိငယ်သည် ကိုကိုမောင် ရောက်လာသည်ကို မသိလိုက်ပေ။ ဆိတ်သားဟင်းထဲသို့ ပျဉ်းတော်သိမ်ရွက်ကလေးများခတ်ရန် နောက်ဖေးပေါက်မှထွက်ပြီး အိမ်ဘေးတွင် ကတ်ကတ်သတ်သတ် စိုက်ထားသော ပျဉ်းတော်သိမ်ပင်မှ အရွက်ကလေးများကို သွားခူးနေစဉ် ကြီးကြီးမြက 'မိငယ်ရေ ကော်ဖီ လုပ်ပါကွယ်'ဟု လှမ်းအော်သည်။

'ဘယ်သူများ ရောက်နေလို့ပါလိမ့်'

မိငယ်က မီးဖိုချောင်မှထွက်ပြီး ထမင်းစားခန်းမှ မသိမသာ ကဲကြည့်သည်။

'ဟောတော့် ကိုကိုမောင်'

သူ့ကို ကျောပေးထားသော်လည်း ကိုကိုမောင်ကို မိငယ်မှတ်မိသည်။

'ကိုကိုမောင်က ကော်ဖီ မကြိုက်ပါဘူး၊ အအေးပဲ သောက်ချင်မှာပါ'

မိငယ်က ဘာလီရည်ကိုပင် ဖျော်သည်၊ ကိုကိုမောင်က အချိုကြိုက်သည်ဆို၍ သကြားအနည်းငယ် ထပ်ထည့်လိုက်သည်။

'ငွေလိုရင် ဒါတွေကိုအပေါင်ထားပြီး ငွေယူသွားပါလား မောင်ကိုကိုမောင်ရဲ့၊ တစ်ခါတည်းအပြတ်ရောင်းရင် ရွှေဈေးကျနေတုန်းဆိုတော့ မင်း နာမှာပေါ့'

စားပွဲပေါ်တွင် ရွှေဆွဲကြိုးတစ်ကုံးကို တွေ့ရသည်။ ကြီးကြီးမြကတော့ လက်ကောက်တစ်ရံကို ချိန်ခွင်နှင့် ချိန်ကြည့်နေသည်။ ကိုကိုမောင် ရွှေလာရောင်းတာလား၊ ပေါင်တာလားဟုစဉ်းစားပြီး မိငယ် စိတ်မကောင်းဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com


'မထူးပါဘူး အန်တီမြရယ်၊ တစ်ခါတည်းသာ အပြတ်ရောင်း လိုက်ပါ့မယ်၊ ငွေကလေးနည်းနည်း လှည့်စရာလိုနေလို့'

ကိုကိုမောင်က ဘာလီရည်လာချသော မိငယ်ကို မော်ကြည့် သော်လည်း ခါတိုင်းလို ရွှင်ပျချိုသာစွာ ပြုံးမပြနိုင်ပေ။

'အထည်ပျက်စျေးပဲ ရမှာနော်'

'ရသလောက်ပေါ့ အန်တီမြရယ်၊ လူမသေ ငွေမရှားပါဘူး'

'အေး ကျန်းမာရေးလည်း ဂရုစိုက်ဦးကွဲ့၊ မင်းကြည့်ရတာ ပိန် သွောင်းသွောင်း ဖြူရော်ရော်နဲ့'

'ခရီးပန်းလို့ ထင်ပါရဲ့ဗျာ'

BURMESE CLASSIC .com

ကိုကိုမောင်က မရေမရာဖြေသည်။

'ဆံပင်တွေရှည်နေလို့ ညှဉ်းဆိုးဆိုးဖြစ်နေတာ ထင်ပါရဲ့'ဟု မိငယ်က အကောင်းဘက်မှ တွေးသော်လည်း ကိုကိုမောင် ယခင်ကနှင့် မတူသည်မှာ အမှန်ပင်။ ရွှင်ချိုသွက်လက်သော အပြုံးကိုလည်း မတွေ့ ရ၊ အရောင်တဖျပ်ဖျပ် မြူးနေတတ်သော မျက်လုံးများသည်လည်း ယခင်တုန်းကလို မတောက်ပတော့ချေ။

'နေမကောင်းလို့ အလုပ်မလုပ်နိုင်တော့ ငွေလည်း ကျပ်လာ တယ်ထင်တယ်၊ ကြည့်ပါဦး ဆေးတွေလည်းထိုးထားလိုက်ရတာ လက် မှာလည်း အပ်ရာတွေချည်းပဲ'

မိငယ်က ကိုကိုမောင်၏လက်မှ ဆေးထိုးအပ်ရာများကို ကြည့် ပြီး ကရုဏာသက်နေမိသည်၊ ကိုကိုမောင်ကတော့ မိငယ်ကို ယခင်တုန်း ကလို အရေးတယူပြုရန် စိတ်ဝင်စားဟန် မရှိတော့ချေ။ ရွှေလက် ကောက်ကို မှတ်ကျောက်နှင့် နာနာတိုက်ကြည့်နေသော ကြီးကြီးမြကို သာ အိပ်ချင်မပြေသော မျက်လုံးများနှင့် ငေးကြည့်နေလေသည်။

'ရွှေလက်ကောက်တို့ ရွှေဆွဲကြိုးတို့ဆိုတော့ မိန်းမပစ္စည်းတွေ၊

www.burmeseclassic.com

www.burmeseclassic.com


သူကတော့ ဝယ်ပြီး စုထားမှာ မဟုတ်ပါဘူး၊ သူ့အမေ ပစ္စည်းတွေများလား၊ ဒါမှမဟုတ် သူ့မှာ အိမ်ထောင်ရှိတယ်ဆိုရင် သူ့မိန်းမရဲ့ ပစ္စည်းတွေများလား'

မိငယ်က တွေးမိတွေးရာ တွေးရင်း ထမင်းစားခန်းထဲတွင် ယောင်လည်လည် လုပ်နေမိသည်။ ရွှင်မြူးသွက်လက်သော ဟန်ပန်နှင့် ရွှင်ချိုတောက်ပသော အပြုံးများကို ပြန်၍တွေ့ရနိုးနှင့် မျှော်လင့်တကြီး စောင့်ကြည့်နေမိသည်။

'ပိန်သွားတာတော့ အမှန်ပဲ၊ ဘာရောဂါများ ဖြစ်နေလို့ပါလိမ့်'

အန်တီမြကမ်းပေးသောငွေစက္ကူများကို အသေအချာ ရေတွက် ပြီး အိတ်ထဲထည့်သည်။ ထို့နောက် ခပ်သွက်သွက် ပြန်သွားသည်။ မလှမ်းမကမ်းတွင်ရပ်နေသော မိငယ်အား နှုတ်ဆက်ရန်ပင် သတိရဟန် မတူချေ။

'ကောင်လေးကြည့်ရတာ နေကောင်းပုံမရဘူး၊ ဆရာဝန်တွေ ဘာတွေနဲ့ပြပြီး အသေအချာ ကုရဲ့လားလည်း မသိပါဘူး'

နေပူထဲတွင် ခေါင်းငိုက်စိုက်နှင့် ပြန်သွားသော သူ့အား မျှော်ကြည့်မိစဉ် ကြီးကြီးမြက ပြောသည်။ ကိုကိုမောင် ရောင်းသွားသော ရွှေထည်များကို မီးခံသေတ္တာထဲထည့်သည်။

'ဩော် သူ့မှာ မော်တော်ဆိုင်ကယ်လည်း မရှိတော့ပဲကိုး'

မိငယ်က တံခါးသော့ကို ပြန်ခတ်ရင်း သက်ပြင်း ရှိုက် လိုက်မိသည်။ ကိုကိုမောင် အိမ်ရောက်လာသော်လည်း ခါတိုင်းလို ရွှင်ပျချိုသာသော အပြုံးကို မမြင်လိုက်ရ၍ ရင်ထဲတွင် ဟာနေသည်။

'အင်း ပြန်သွားပြန်ပြီ၊ ဒီတစ်ခါလာရင်တော့ ကိုကိုမောင် နေကောင်းပါစေ ဘုရား၊ နောက်ပြီး စီးပွားရေးလည်း ကောင်းနေပါစေ ဘုရား'

www.burmeseclassic.com

www.burmeseclassic.com


ထိုနေ့ည ဘုရားရှိခိုးတော့ မိငယ်သည် ကိုကိုမောင်အတွက် သီးခြား ဆုတောင်းမိလေသည်။

ဒီတစ်ခါတော့ ကိုကိုမောင်သည် မိငယ်တို့အိမ်သို့ လူကိုယ်တိုင် ရောက်မလာဘဲ ဓာတ်ပုံကိုသာ ပို့လိုက်လေသည်။

'ဟောတော့ မမမြရေ၊ ဒီမှာ ကြည့်စမ်း'

အလုပ်မသွားမီ စားပွဲပေါ်မှ သတင်းစာကို ကောက်ယူ လှန်လှောကြည့်ရင်းမှ ဒေါ်ဒေါ်စုက အလန့်တကြား ထအော်သည်။

'ကိုကိုမောင်လေ ကိုကိုမောင်'

'ဟဲ့ ကိုကိုမောင် ဘာဖြစ်လို့လဲ'

'ဒီမှာလေ ဒီမှာ ဘိန်းဖြူများ သယ်ဆောင်လာစဉ် ဖမ်းဆီးရမိခြင်းတဲ့'

ဒေါ်ဒေါ်စု၏အသံကို ကြားရတော့ ကြီးကြီးမြက ဘယ်လိုနေသည်မသိ။ မိငယ်ကတော့မူ မျက်လုံးများပင် ပြာဝေသွားသည်။ လက်ထဲမှ ကြက်မွေးတံမြက်စည်းကို ပစ်ချပြီး သတင်းစာ ပြေးကြည့်ချင်သော်လည်း မကြည့်ရဲ၍ ငြိမ်နေရသည်။

'လူများ မှားရော့သလား မစုရယ်၊ နာမည်က မောင်ဝင်းမောင်ဆိုပါလား'

'အို သူ့မှာ နာမည် ဘယ်နှမျိုးရှိလဲမှ မသိတာ'

'လူတူ မရှားပါဘူးအေ တူတာ ထင်ပါရဲ့'

'အို သူ အစစ်ပါ မမမြရဲ့'

'အင်း ဟုတ်တော့ ဟုတ်မယ်ထင်တယ်ဟဲ့၊ ဟိုတစ်ခါ လာတုန်းကလည်း ပိန်ချောင်ချောင် ကုပ်ကိုင်းကိုင်းနဲ့၊ ငါက နေမကောင်းလို့ အောက်မေ့နေတာ'

www.burmeseclassic.com

www.burmeseclassic.com


'အဲဒါ ဆေးစွဲနေတာ ဖြစ်မှာပေါ့'

'အေးဟယ် ငါ့နှယ် အ,လိုက်တာ လွန်ရော'

'သူ့လက်မောင်းမှာ အပ်ရာတွေ ဘာတွေရော မတွေ့ဘူးလား၊ အဲဒါဆို ဆေးစွဲတာ သေချာသလောက်ပဲ'

'အိုအေ မကြည့်မိပါဘူး၊ သူ့ရွှေတွေ အစစ်လား အတုလား ဆိုတာတောင် မနည်းကြည့်နေရတာ'

'အေးဟယ် ကောင်ကလေးနှယ် ရုပ်ကလေး သနားကမားနဲ့ လုပ်ရည်ကိုင်ရည်လေးလည်း ရှိသားနဲ့ ဆေးစွဲသွားရင် နမြောစရာ'

ကြီးကြီးမြတို့ ထမင်းစားခန်းထဲ ဝင်သွားသောအခါမှ မိငယ်လည်း သတင်းစာကို အလျင်စလို ဖြန့်ကြည့်မိသည်။

သတင်းစာထဲမှကိုကိုမောင်သည် မိငယ်နောက်ဆုံးတွေ့လိုက်ရတုန်းကထက်ပင် ပိုပြီး ပိန်နေဟန်ရှိသည်။ သူ့ဘေးမှ လူသုံးယောက်က မျက်လွှာချထားသော်လည်း သူက ခေါင်းမော်ကာ နှုတ်ခမ်းကို စေ့ ထားသည်။ ဓာတ်ပုံကလေးက သေးသောကြောင့် သူ့နှုတ်ခမ်းဖျားမှ မှည့်နက်ကလေးကိုကား အထင်အရှားမတွေ့ရပေ။

'တချို့လူတွေက ဆေးစွဲပြီဆိုရင် သူတို့ခိုင်းသမျှ လုပ်ရတော့တာပဲ၊ ဆေးမရရင် မနေနိုင်တော့ဘဲကိုး၊ ကိုကိုမောင်လည်း ဒီလိုပဲ ဖြစ်သွားတာလားမှ မသိတာ'

ကြီးကြီးမြက စိတ်မကောင်းသလို တဖျစ်တောက်တောက် ပြောသည်။ မိငယ်ကတော့ ထိုနေ့ တစ်နေ့လုံး ထမင်းမစားနိုင်၊ ညကျတော့လည်း မအိပ်နိုင်။

ကိုကိုမောင်၏ဓာတ်ပုံကလေးကိုမူ သတင်းစာထဲမှ သီးသန့်ညှပ်ယူပြီး ရက်စွဲထိုးကာ နေ့စဉ်မှတ်တမ်းစာအုပ်ကလေး ကြားထဲတွင် သိမ်းထားလိုက်မိသည်။

'ကိုကိုမောင် အမြန်လွတ်ပါစေ ဘုရား'

www.burmeseclassic.com

www.burmeseclassic.com


ကိုကိုမောင် မည်သည့်အချိန်က ပြန်လည်လွတ်မြောက်လာသည်ကို မသိရသော်လည်း လွတ်တော့လွတ်ခဲ့လေသည်။

မိငယ်တို့အိမ်သို့လည်း ရောက်လာခဲ့လေသည်။ ကိုကိုမောင် နောက်ဆုံးအခေါက် ရောက်လာစဉ်က မိုးတွေ သဲသဲမဲမဲ ရွာနေသည်ကို မိငယ် အမြဲ သတိရနေမည်ဖြစ်သည်။

'အန်တီမြ အန်တီမြ'

ကိုကိုမောင်က သံတံခါးကို အတင်းလှုပ်ကာ အော်၍ ခေါ်နေသည်။

'ဟဲ့ မိငယ် အဲဒါ ကိုကိုမောင်မှ ဟုတ်ရဲ့လား'

ကြီးကြီးမြက တုန်တုန်ယင်ယင် ပြောသည်။ မိုးရေတွေ တစ်ကိုယ်လုံးရွှဲစိုကာ တဆတ်ဆတ်တုန်ယင်နေသော ကိုကိုမောင်သည် မိငယ်တို့ စ၍သိခဲ့ရသော ကိုကိုမောင်နှင့် မတူသည်ကား အမှန်ပင်။

'အန်တီမြ ကျွန်တော်ပါ ကိုကိုမောင်ပါ'

ကိုကိုမောင်က သံတံခါးကို ခပ်ကြမ်းကြမ်းလှုပ်ရင်း အော်ပြောနေသည်။

'ကိုကိုမောင် မင်း ဘာလိုချင်လို့လဲ'

အန်တီမြက မိငယ်ကို နက်(စ်)ကော်ဖီဖျော်ခိုင်းရန်မပြောနှင့်၊ တံခါးကိုပင် ဖွင့်ခွင့်မပေးတော့ချေ။ မိုးရေတွေ တဝေါဝေါ ကျနေသော တံခါးပေါက်တွင် ဆောက်တည်ရာမရဖြစ်နေသော ကိုကိုမောင်အား ကြည့်ရင်း မိငယ် ငိုချင်နေသည်။

'ကျွန်တော်နာရီ ရောင်းချင်လို့'

ကိုကိုမောင်က မိုးရေတွေရွှဲနေသော လက်ပတ်နာရီတစ်လုံးကို သံတံခါးထဲမှ ထိုး၍ပေးသည်။ အန်တီမြက 'လက်ပတ် နာရီတွေ ဘာ

www.burmeseclassic.com

www.burmeseclassic.com


တွေ မယူဘူးကွဲ့’ဟု အော်ပြောတော့ သူက တံခါးကို တဝုန်းဝုန်း လှုပ်ကာ ‘ပေးချင်သလောက်ပေးပါ၊ မြန်မြန်ပေးပါ’ဟု တုန်တုန် ခိုက်ခိုက်နှင့်အော်သည်။

မိငယ်စွဲလမ်းခဲ့သော အပြုံးချိုချိုလေးများသည်လည်းကောင်း ရွှန်းလဲ့တောက်ပသောမျက်ဝန်းများသည်လည်းကောင်း သူ့ဆီတွင် မရှိတော့ချေ။ ထိုအရာများအစား ဆောက်တည်ရာမရ၊ ဝိုင်းဝိုင်း လည်နေသောမျက်လုံးနှင့် မဲ့ရွဲ့တွန့်လိပ်နေသော နှုတ်ခမ်းများက အစားထိုးဝင်ရောက်လာသည်။ လူတစ်ယောက်ဟာ ဒီလောက်တောင် ပြောင်းလဲသွားနိုင်သလား၊ ဘိန်းဖြူဆိုတာက ကိုကိုမောင့်ကို ဒီလောက်တောင် ဖျက်ဆီးပစ်နိုင်တယ်တဲ့လား။

မိငယ်က ယူကျုံးမရတွေးမိပြီး ရင်ထဲတွင် နင့်နေသည်။ မြင်နေ ကြားနေရတာတွေကို အိပ်မက်မဟုတ်မှန်းသိလျက်နှင့် အိပ်မက်မက်တာပါဟု မိမိကိုယ်မိမိ ပြန်ပြီးညာချင်နေသည်။ ဘာကိုမှ မယုံချင်၊ ဘာကိုမှလည်း မကြားချင်။

‘ပေးချင်သလောက်ပေးပါ မြန်မြန်ပေးပါ မြန်မြန်’

နောက်ဆုံးတော့ သံတံခါးထဲမှ ကမ်းနေသော သူ့လက်ထဲသို့ ကြီးကြီးမြက ငွေတစ်ရာထည့်ပေးလိုက်သည်။

သူက ကျေးဇူးစကားကိုပင် မဆိုနိုင်၊ ငွေတစ်ရာကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ မိုးရေထဲသို့ တရှိန်ထိုး ထွက်ပြေးသွားသည်။

ထိုနေ့ ထိုအချိန်က ကိုကိုမောင့်ကို နောက်ဆုံး တွေ့လိုက်ရခြင်းပင် ဖြစ်လေသည်။

‘ငါ့နှယ် ကြောက်လွန်းလို့သာ ပေးလိုက်ရတာအေ၊ ရမှန်းသိပြီး နောက်ပိုင်းမှာ ဒီလို လာလာလုပ်နေရင်တော့ အခက်ပဲ’

www.burmeseclassic.com

www.burmeseclassic.com


ကြီးကြီးမြကြ စိုးရိမ်တကြီး ပြောတတ်သည်။ သံတံခါးခတ်သော ကြေးဝါသော့ကြီးကိုလည်း ခိုင်မခိုင် မကြာခဏ ဆွဲကြည့်လေ့ရှိသည်။ 'သူများလာရင် တံခါးကို ယောင်လို့တောင် သွားမဖွင့်နဲ့၊ ကြားလား မိငယ်' ဟု အထပ်ထပ်ပြောသည်။

တစ်နေ့တုန်းကတော့ ဦးလေးအုန်းက 'ဈေးအိမ်သာထဲမှာ လူတစ်ယောက် ဆေးထိုးအပ်တန်းလန်းနဲ့သေနေတယ်တဲ့' ဟု ပြောသည်။ 'နှုတ်ခမ်းမှာ မဲ့ပါတယ်ဆိုလို့ တို့လူများလား ထင်မိသေးတယ် ဟုတ်မဟုတ်တော့ သွားမကြည့်မိပါဘူး' ဟု ဆိုသည်။

'အို ကိုကိုမောင် မဟုတ်နိုင်ပါဘူး၊ ကိုကိုမောင်က နောင်တရသွားမှာပါ၊ ဆေးပြတ်သွားမှာပါ၊ လူကောင်းပြန်ဖြစ်ပြီး ချမ်းချမ်း သာသာနဲ့ အသက်ရှည်ရှည်နေသွားမယ့်သူပါ'

မိငယ်က သူလိုရာကို သူဆွဲ၍တွေးသည်။ တစ်နေ့နေ့တစ်ချိန်ချိန်သူတံမြက်စည်းလှည်းနေစဉ်၊ကြမ်းတိုက်နေစဉ်တွင်ကိုကိုမောင်က သံတံခါးကိုအသာလှုပ်ကာ 'အိမ်ရှင်တို့ခင်ဗျာ'ဟု ခေါ်လိမ့်ဦးမည်ဟု ထင်နေသည်ပြန်ခါနီးလျှင်လည်းရွှင်ချိုသောအပြုံးနှင့်'ပြန်မယ်ချာတိတ်ရေ'ဟုနှုတ်ဆက်လိမ့်ဦးမည်ဟုထင်နေသည်။

'ဒီတစ်ခါလာရင်တော့ သူ ပစ်ပေးသွားတဲ့ နာရီစုတ်ကြီး သူ့ပဲပြန်ပေးလိုက်ရမယ်'

ကြီးကြီးမြကလည်း မကြာခဏ ပြောတတ်သည်။ သူ လာမှာကို ကြောက်နေသော်လည်း 'အန်တီမြ အန်တီမြ၊ ကျွန်တော်ပါ၊ ကိုကိုမောင်ပါ' ဟု တံခါးဝတွင် ရပ်ကာ အော်လိမ့်ဦးမည်ဟု ထင်နေသည်။

သို့သော် ကိုကိုမောင်ကား တစ်ခါမျှ ပေါ်မလာတော့ချေ။

(မှုးယစ်မဂ္ဂဇင်း၊ ၁၉၈၉ ဩဂုတ်)

www.burmeseclassic.com

www.burmeseclassic.com

အောင်မေရစ်းပုံပြင်



www.burmeseclassic.com

www.burmeseclassic.com

ခရေတို့အိမ်တွင် အိမ်သူအိမ်သား ၉ ယောက်ရှိရာ အသက် အပိုင်းအခြား တွေကလည်း အရွယ်ရွယ် အစားစားပင် ဖြစ်လေသည်။ မြန်မာပြည်၏ ခေတ်သမိုင်း အဆက်ဆက်တွင် အနှစ် ၈၀ ကျော် ပါဝင်မျောပါခဲ့ဖူးသူ အဘိုးက အသက်အကြီးဆုံး ဖြစ်သည်။ ၈၀ ပြည့်ရန် လပိုင်းမျှ လိုသေး သော အဘွားကတော့ ဒုတိယလိုက်လေသည်။ အိမ်အပေါ်ထပ် ဘုရား စင်အောက်တွင် ယှဥ်လျက်ချထားသော သစ်သား ပက်လက် ကုလား ထိုင် နှစ်လုံးသည် အဘိုးနှင့် အဘွားတို့၏ နေရာ ဖြစ်သည်။ ကုလား ထိုင် နှစ်လုံးကြားက စားပွဲခုံပုပုလေးပေါ်တွင်လည်းအဘိုး၏မျက်မှန်နှင့် ပရိတ်ကြီးစာအုပ်၊ ရေနွေးကြမ်းအိုးနှင့် လက်ဖက်အုပ်၊ အဘွား တမြုံ့ မြုံ့စားတတ်သော ဆီးဖြူသီးပေါင်း၊ ရှောက်ပေါင်းပုလင်းများ၊ ထန်း လျက် ဖြူဆုပ်နှင့် ကွေကာအုပ် အထုပ်များအပြင် အကြောပြေ ဒဏ်ကျေ လိမ်းဆေးအဖုံ့ဖုံ၊ ဆေးမြစ်စုံရှူဆေး၊ ပရုတ်ဆီဘူး၊ ဖယောင်းချက်ဘူး စသည် စသည်ဖြင့် သူတို့နှစ်ဦးနှင့်သာ သက်ဆိုင်သော ပစ္စည်းများက နေရာယူထားသည်။ ထိုကုလားထိုင်နှစ်လုံးနှင့် စားပွဲတစ်လုံးသည် အဘိုးနှင့် အဘွားတို့သာ သက်ဆိုင်သည်ဟု တစ်အိမ်သားလုံးက အလို လို သတ်မှတ်ထားပြီးဖြစ်သည်။ ထို့ကြောင့် အဘိုးနှင့် အဘွားက အိပ် ခန်းထဲတွင် အိပ်နေနေ၊ ဘုရားကျောင်းကန်သွားနေနေ၊ အိမ်တွင်မရှိ သောအခါတွင်ပင် ထိုကုလားထိုင်များတွင် မည်သူကမျှထိုင်လေ့မရှိပေ။ အလေးအမြတ်နေရာထားလေ့ရှိကြသည်။

နောက်တစ်ယောက် လေးစားရသူကတော့ ကြီးကြီး ဒေါ်ကြာ

www.burmeseclassic.com

www.burmeseclassic.com


ဖြူ ဖြစ်သည်။ အဘိုးနှင့်အဘွားတို့၏သမီးအကြီးဆုံးဖြစ်ပြီး ခရေတို့၏ ဖခင် ဦးကြာညို၏ အစ်မကြီး ဖြစ်လေသည်။ သူက အထက်တန်း ကျောင်း ဆရာမကြီးဖြစ်ပြီး သမိုင်းသင်ပြသည်။ အသက် ၆၀ ပြည့်ခါ နီးပြီမို့ ပင်စင်ယူရတော့မည်ဖြစ်သော်လည်း သွက်လက်ဖျတ်လတ်ဆဲ ဖြစ်သည်။ ငွေမင်ရောင် ပြောင်းလာသော ဆံပင်များကိုတော့ ဘာ ဆိုး ဆေးမျှ မဆိုးဘဲ သည်အတိုင်းထားသည်။ ဆံပင်ဖြူတယ်၊ ပါးရေတွန့် တယ်၊ မျက်စိမှုန်တယ်၊ နားလေးလာတယ်ဆိုတာတွေဟာ အသက်ကြီး လာရင် ဖြစ်လေ့ရှိတဲ့ သဘာဝတွေပဲ၊ အိုတယ်ဆိုတာ တားလို့ရတဲ့ကိစ္စမှ မဟုတ်တာ၊ အလိုက်သင့် လက်ခံလိုက်ရုံပေါ့' ဟု လေအေးလေးနှင့် ပြောတတ်သည်။

"အိုတယ်ဆိုတာ တားလို့မရပေမယ့် အတန်အသင့်တော့ ပြု ပြင်လို့ရတာပဲ၊ ဆံပင်ဖြူရင် ဆေးလေးဆိုးလို့၊ မျက်စိမှုန်လည်း ကိုယ် နဲ့လိုက်ဖက်တဲ့မျက်မှန်လေးတပ်လို့၊ ဒီလိုပဲ ပြုပြုပြင်ပြင်နေရင် နုတာ ပေါ့"

ခရေတို့၏မိခင်ကတော့ သူ၏ယောက်မကြီး၏ကွယ်ရာတွင် တီးတိုးပြောတတ်သည်။ အသက် ၅၀ ကျော်ပြီမို့ ဆံပင်တွေ တချို့ တစ်ဝက်ဖြူလာပြီဖြစ်သော်လည်း သူက လူမြင်ခံသူမဟုတ်။ နည်းတုန်း ကတော့ ဆံရင်းနားကပ်ပြီး ညှပ်ပစ်တတ်သည်။ များလာတော့ ဆေး ကူသည်။ မျက်နှာတွင်လည်း သနပ်ခါးအပြတ်မခံ။ ခရေတို့လိုပင် ပရိုမီ နာကို ခပ်ပါးပါးခံပြီးမှ ရှင်မတောင် စစ်စစ်ကို လိမ်းတတ်သူ ဖြစ်လေ သည်။ အင်္ဂလန်ဖြစ် တပ်ချုပ်အင်ဂလိုးပေါင်ဒါကိုလည်းကောင်း၊ ရက် ဗလွန် နှုတ်ခမ်းဆိုးဆေး အရောင်ပြေပြေလေးများကိုလည်းကောင်း သုံး ဆဲပင်ဖြစ်သည်။ ထို့ကြောင့်လည်း အလှူ မင်္ဂလာဆောင်ရှိ၍ သွားကြ လျှင် အမေ့ကို 'သမီးတွေနဲ့ ညီအစ်မလိုပဲ' ဟု ပြောလေ့ရှိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com


ခရေတို့အဖေ ဦးကြာညိုကတော့ သူ၏အစ်မကြီး ဒေါ်ကြာဖြူနှင့် တစ်ဂိုဏ်းတည်းဖြစ်သည်။ "ဆံပင်ဆိုးဆေးတွေက ကောင်းတာမဟုတ်ဘူး၊ အခန့်မသင့်လို့ ကိုယ်နဲ့မတည့်ရင် ရောဂါတောင် ဖြစ်တတ်သေးတယ်" ဟု ရေရွတ်ရင်း သူ့ဆံပင်ဖြူ တစ်ဝက်၊ နက်တစ်ဝက်တွေကို ဒီအတိုင်းပင် လွှတ်ထားတတ်သည်။ "ဆံပင်ဖြူကြောင်ကျားနဲ့ ကြည့်မကောင်းပါဘူးကွယ်" ဟု ဇနီးဖြစ်သူက လေပျော့လေးနှင့် ချော့သော်လည်းမရချေ။ ထို့ကြောင့် ခရေတို့အိမ်တွင် ဆံပင်တွေ အကုန်လုံး ဖွေးဖွေးဖြူနေသော အဘိုး၊ ဆံပင်အနက် ဆယ်ပုံတစ်ပုံခန့်သာ ကျန်သော အဘွား၊ လေးပုံတစ်ပုံခန့် ကျန်နေသေးသော ကြီးကြီးဖြူနှင့် တစ်ဝက်ခန့် ကျန်နေသေးသော အဖေဟူ၍ ဆံပင်ဖြူသူ ၄ ဦး ရှိနေလေသည်။ အမေကတော့ ဆေးကူနေသူဖြစ်၍ ဆံပင်ဖြူတွေထဲ ရောမတွက်ဘဲ ချန်လှပ်ထားပါသည်။

"ငါတို့အိမ်မှာ ဆံပင်ဖြူ ၄ ယောက်ရှိတယ်၊ အဲဒီ ၄ ယောက်လုံးကလည်း အင်္ဂလိပ်ရဲ့ကျွန် ဖြစ်ခဲ့ဖူးကြတယ်"

မြန်မာ့သမိုင်း၏ သက္ကရာဇ်များကို အရည်ကျိုသောက် နေသော ကြီးကြီးဒေါ်ကြာဖြူက မကြာခဏ ပြောတတ်သည်။ လွတ်လပ်ရေးရချိန်တွင် ကြီးကြီးက ၅ နှစ်ခန့်အရွယ်၊ ဖေဖေက ၃ နှစ်အရွယ်ခန့် ရှိပြီဖြစ်သည်ကို အဘိုးတို့ အဘွားတို့ မကြာခဏ ပြောပြတတ်၍ ခရေတို့လည်း သိပြီးဖြစ်သည်။

"လွတ်လပ်ရေးကို ဆောင်းတွင်းမနက်အစောကြီးမှာ ကြေညာတာလေ၊ သမီးတို့အဘိုးက ညကတည်းက အိမ်ရှေ့မှာဝါးလုံးတိုင် စိုက်ထားတာ၊ တို့တစ်တွေရဲ့ မြန်မာ့အလံဆိုတာ အဲဒီကျမှ တိုင်ပေါ်တက်ရတာမဟုတ်လား၊ အဘိုးကတော့ ဝမ်းသာလွန်းလို့တလှုပ်လှုပ် တချောက်ချောက်နဲ့ အဲဒီညက အိပ်မှအိပ်ရဲ့လားမသိပါဘူးကွယ်၊ မနက် ၃ နာရီ

www.burmeseclassic.com

www.burmeseclassic.com


ခွဲလောက်ကျတော့ တစ်အိမ်လုံးကို အတင်းလိုက်နှိုးတာပဲ၊ ကလေး တွေရော၊ လူကြီးတွေရော အကုန်ထ၊ အိုကွယ်–သမီးတို့ဦးလေးငယ်က အဲဒီတုန်းက ၄ လသားလေးပဲ ရှိသေးတာ၊ သူ့ကိုလည်း ဂွမ်းစောင်ကြီးနဲ့ ပတ်ပြီး ပွေ့ချီခဲ့ရတယ်၊ ၄ နာရီထိုးတော့ အမြောက်တွေ တဒိန်းဒိန်းနဲ့ ပစ်ပြီး လွတ်လပ်ရေးကြေငြာတာပေါ့၊ အဘွားတို့လည်း အမြောက်သံတွေကြားတော့ ညကတည်းက အသင့်ပြင်ထားတဲ့ မြန်မာ့အလံလေးကို တိုင်ပေါ်လွှင့်တင်ပြီး ကမ္ဘာမကျေသီချင်းဆိုကြတယ်၊ နှင်းမှုန်တဖွဲဖွဲထဲမှာ မြန်မာ့အလံလေး တဖျပ်ဖျပ်လွင့်နေတာကိုကြည့်ရင်း 'ကမ္ဘာမကျေ' သီချင်းဆိုရတာ ကြည်နူးတက်ကြွလွန်းလို့ မျက်ရည်တောင်လည်တယ်ကွယ်၊ အဘွားတို့မှာ အဲဒီအချိန်ကျမှ 'ဒါတို့ပြေ ဒါတို့မြေ၊ တို့ပိုင်တဲ့မြေ' လို့ ရဲရဲတင်းတင်း ပိုင်ပိုင်နိုင်နိုင် ဟစ်ပြီးဆိုနိုင်ခဲ့တာ မဟုတ်လား"

အပြောကောင်းသူ အဘွားက တမ်းတလွမ်းမောစွာ ပြောပြတတ်သည်၊ မြေးတွေကို မျက်နှာသာမပေးဘဲ ခပ်တည်တည်၊ ခပ်တင်းတင်း ဆက်ဆံလေ့ရှိသော အဘိုးပင်လျှင် ထိုအကြောင်းကို ပြောပြရလျှင် မျက်နှာချိုနေလေ့ရှိသည်။

"အဲဒီတုန်းက အဘိုးတို့က စမ်းချောင်းရပ်ကွက်ထဲမှာလေ၊ ရပ်ကွက်ဆိုတော့ အိမ်ခြေတွေက ဆက်တယ်လေ၊ အဘိုးတို့ ကမ္ဘာမကျေ ဆိုကြတော့ ဘေးအိမ်တွေကလည်း ခေါင်းပြူလာကြတယ်၊ နောက်ပြီး သူတို့လည်း ဝိုင်းဆိုကြရော၊ ဘာပြောကောင်း မလဲ၊ 'ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ' ဆိုတဲ့ နေရာကျတော့ အသံကို ဟိန်းနေတာပဲ"

"နောက်ပြီး အဖေက အမျှပေးသေးတယ်လေ"

ထိုနေ့နံနက်ကအကြောင်းကို မှတ်မိနေသေးသော ကြီးကြီး

www.burmeseclassic.com

www.burmeseclassic.com


ဒေါ်ကြာဖြူကလည်း ဝင်၍ ထောက်တတ်သည်။ ထို အကြောင်းတွေကို ခရေတို့သိပြီးသားဖြစ်သော်လည်း နားထောင်၍မဝပေ။ ပြန်ပြောင်း၍ ပြောလေတိုင်း ကြည်နူးတက်ကြွမှုအပြည့်နှင့် တငေးတမော နားထောင်တတ်မြဲ ဖြစ်သည်။

ကမ္ဘာမကျေသီချင်းဆိုအပြီးတွင် ရုတ်တရက် စိတ်ကူးပေါက်လာသောအဘိုးက မြန်မာ့လွတ်လပ်ရေးအတွက် အသက် ပေးလှူသွားကြသော ရဲဘော်ရဲဘက်အပေါင်းတို့ကို ရောက်ရာဘုံဘဝမှ သာဓုခေါ်ရန် ပြုပြုသမျှ ကုသိုလ်အစုစုကို အမျှပေးသည်ဟု ဆိုသည်။

"အဲဒီတုန်းကလည်း အားလုံးက ဝိုင်းပြီးအမျှပေးကြတာ အသံတွေကို ဟိန်းနေတာပဲ၊ အိမ်ရှေ့အိမ်က ဘဘကြီးဆိုရင် မျက်ရည်တွေကျလို့"

"ဟုတ်တယ် အဲဒါဦးဘဝင်းကြီးလေ၊ သူ့သားနှစ်ယောက်လုံးက တော်လှန်ရေးရဲဘော်တွေ၊ နှစ်ယောက်လုံးလည်း ပြန်ရောက်မလာကြတော့ဘူး၊ ထိန်တော မိုးညိုဘက်မှာ ကျသွားတယ် ပြောတာပဲ"

ထိုနေ့က အကြောင်းတွေကို ရေးရေးလေးသာ မှတ်မိသော ခရေတို့အဖေ ဦးကြာညိုက ဦးဘဝင်းကြီးကိုတော့ အနည်းငယ် မှတ်မိသည်။ ငွမ်းစောင်နှင့်ပတ်ပြီး ရင်ခွင်ထဲတွင်ပွေ့ထားသော သူ၏ ညီလေးက ရှူရှူးတွေပန်းချသဖြင့် စောင်ကြီးတစ်ခုလုံး ရွှဲရွှဲစိုခဲ့ကြောင်းကိုလည်း မှတ်မိသည်ဟု ဆိုသည်။

"အဲဒါတောင် လမ်းထိပ်က အဘွားကြီး ဒေါ်မေရီတို့အိမ်က နားငြီးလိုက်တာလို့ ပြောသေးတယ်ဆို"

"အေး–အဲဒါလည်း ဟုတ်တာပဲ၊ သူတို့က အင်္ဂလိပ်ကို ဘုရားလို ကိုးကွယ်တဲ့ အမျိုးတွေလေ၊ အဲဒီလိုဟာမျိုးတွေကတော့ ခေတ်တိုင်း၊ စနစ်တိုင်းမှာ ရှိနေတာပဲ၊ တစ်တိုင်းတစ်ပြည်လုံးက ကြည်နူးဝမ်းသာ

www.burmeseclassic.com

www.burmeseclassic.com


လွန်းလို့ မျက်ရည်လည်နေရတဲ့အချိန်မှာ သူတို့က သူတို့ သခင်ကြီးတွေ ပြန်ရင် ခက်ရချေရဲ့ဆိုပြီး မျက်ရည်ကျကြသတဲ့"

အဘိုးက မြန်မာ့တော်လှန်ရေးတွင် ပါဝင်ခဲ့သူဖြစ်သည်။ အင်္ဂလိပ်ခေတ်က အတွင်းဝန်ရုံးကြီးကို ဝိုင်းပြီး သပိတ်တားရာတွင်လည်း ရှေ့ဆုံးက ပါခဲ့သည်။ ဂေါ်ရာပုလိပ် နံပါတ်တုတ်နှင့်လိုက်ရိုက်၍ သူရိယ သတင်းစာတိုက်ထဲ ဝင်ပြေးရကြောင်းကိုလည်း စိတ်လိုလက်ရ ပြော ပြတတ်သည်။

"ကျွန်ဘဝရဲ့ ခါးသီးတဲ့အရသာကိုကျွန်ဖြစ်ဖူးမှပဲသိကြတော့တာပဲ၊ ငါ့မြေးတွေက ကျွန်အရသာကိုမသိတော့ လွတ်လပ်ရေး တန်ဖိုးကိုလည်း သိပ်မသိကြတော့ဘူးထင်ပါရဲ့ကွာ"

တစ်ခါတစ်ရံတော့ အသံပျော့ပျော့နှင့်ပြောကာ ငေးနေတတ်သည်။

"ဟုတ်တယ် စစ်ဆိုတာ ဘယ်လောက် ကြောက်စရာကောင်းသလဲဆိုတာကိုလဲ ကြုံဖူးမှသိတာ၊ မကြုံဖူးတော့ မကြောက်ကြဘူး"

"ကြောက်ပါတယ်အဘွားရဲ့၊ တီဗွီသတင်းတွေမှာ တွေ့နေရတာပဲ"

စစ်၏အနိဋ္ဌာရုံများကို နိုင်ငံခြားသတင်းတွင် တွေ့ရတတ်၍ ခရေတို့လည်း စစ်ကိုကြောက်သည်ပင်။

"သမီးတို့ကြောက်တယ်ဆိုတာအပေါ်ယံကြောက်တာ၊ အဘွား တို့ကတော့ ကြုံခဲ့ဖူးတော့ အသည်းထဲ၊ အရိုးထဲကို စိမ့်နေအောင် ကြောက်တာ၊ လက်ပံတန်းကို အင်္ဂလိပ်ဗုံးချတော့ အဘွားတို့က အဲဒီမှာပေါ့၊ ပြေးစရာကို မမြင်ရဘူး၊ မြေကြီး တစ်ခုလုံးလည်း သိမ့်သိမ့်တုန်နေတာ၊ စပါးကျီအောက်ဝင်ပြီး ဝပ်နေရတယ်၊ စပါးတွေဆိုတာ ဝေါခနဲ ဝေါခနဲ ပြိုဆင်းကုန်တာ၊ ဒီထက်မက ပြိုရင်လည်း စပါးပိပြီး သေမှာပဲ၊

www.burmeseclassic.com

www.burmeseclassic.com


အပြင်မှာလည်း သေလိုက်တဲ့လူတွေဆိုတာ သောက်သောက်လဲ၊ သွေးရဲရဲ သံရဲရဲနဲ့ မမြင်ဝံ့စရာ၊ အိုကွယ် တကယ့်ကို ငရဲပြည်ပါပဲ၊ အခုတွေးရင်တောင် အခုကြောက်သေးတယ်၊ အိမ်ပေါ်တည့်တည့် ဗုံးကျပြီး တစ်အိမ်သားလုံး သေကုန်တာတွေလည်း အများကြီး"

စစ်အကြောင်းကို ပြောလျှင်တော့ အဘွားဧ၏မျက်နှာလေးက ဆီးရွက်ခန့်ပင် ငယ်သွားဟန်ရှိသည်။

"လူကြီးတစ်ယောက်ရှိသေးတယ်၊ သူ့အိမ်ရော၊ မိသားစုတွေ အကုန်လုံးရော ဗုံးထဲပါသွားတာလေ၊ သူတစ်ယောက်တည်း အိမ်ပြင်ရောက်နေလို့ လွတ်သွားတာတဲ့၊ သူကတော့ ဘာမှမပြောဘူး၊ ထီး အနက်ကြီးတစ်ချောင်းကို ဆောင်းရင်း အိမ်ရှေ့မှာ ငုတ်တုတ်ကြီး ထိုင်နေတော့တာပဲ၊ ဘာမှလည်းမစား၊ ဘာမှလည်းမသောက်၊ အဲဒီပြာပုံ အပျက်ကြီးကိုပဲ မျက်တောင်မခတ် ငေးကြည့် နေတော့တာ"

"အဘွားကလည်း ဘာလေးညာလေး သွားမကျွေးဘူးလား"

ခရေတို့က ပြောလျှင်တော့ အဘွားက မျက်စောင်းလေး မသိမသာခဲကာ သက်ပြင်းချတတ်သည်။

"သူ့ကို သွားကျွေးဖို့နေနေသာသာ အဘွားတို့တောင် ကလေးတွေ တန်းလန်းနဲ့ ဘာစားလို့ စားရမှန်းမသိဘူး၊ လူတိုင်း လူတိုင်းက အပူမီးတွေလောင်နေတာ ဘယ်သူကမှ ဘယ်သူ့ကိုမှ နှစ်သိမ့်အားပေး မနေနိုင်ကြပါဘူး မြေးတို့ရဲ့"

"နောက်တော့ရော"

"လေးငါးခြောက်ရက်တော့တွေ့နေတာပဲ၊ နောက်တော့လည်း ဘယ်ရောက်သွားမှန်းတောင် မသိတော့ပါဘူး၊ ပြီးမှသာ အေးအေးဆေးဆေး ပြန်စဉ်းစားမိတာပါ၊ အဲဒီတုန်းကတော့ ကိုယ့်မှာလည်းအပူမီးတွေ လောင်နေတော့ ဘယ်ပြေးလို့ ပြေးရမယ်မှန်းကိုမသိပါဘူး၊ ကလေး

www.burmeseclassic.com

www.burmeseclassic.com


တွေက တစ်ဖက်၊ ဗိုက်ထဲမှာလည်း ကိုယ်ဝန်နဲ့၊ သမီးတို့အဘိုးက တော်လှန်ရေးမှာ လျှို့ဝှက်ပါဝင်နေတော့ ကင်ပေတိုင်ဆွဲသွားမှာလည်း တထိတ်ထိတ် ကြောက်နေရတာ၊ ဒီကြားထဲ အင်္ဂလိပ်တွေရဲ့ဖုံးကလည်း မညှာမတာကို ချတာ၊ အပူမီးတွေကို ပတ်လည်ဝိုင်းလို့၊ ဘုရားရှိခိုးရင် ဒီစစ်ဘေး စစ်ဒဏ်က လွတ်ရပါလို၏လို့ပဲ အထပ်ထပ် ဆုတောင်းနေမိတာကွဲ့၊ တစ်မိသားစုလုံး ဒီစစ်ဘေးစစ်ဒဏ်က လွတ်မယ်ဆိုရင် ငါးပါးသီလကိုတစ်သက်ပတ်လုံးလုံအောင်ထိန်းပါ့မယ်လို့အဓိဋ္ဌာန်ပြုခဲ့တာ"

အဘွားဏ်ဆုတောင်းကြောင့်လားတော့မသိ၊ မိသားစု အကုန်လုံး စစ်ဘေး စစ်ဒဏ်ကို ဘေးမသီရန်မခဘဲ ကျော်ဖြတ်နိုင်ခဲ့ကြသည်။ အဘွားကလည်း ငါးပါးသီလကိုလုံနေအောင်ထိန်းလိုက်သည်မှာ အခြား ကံများကို မဆိုထားနှင့်၊ ပြောင်သလို နောက်သလိုပင် လိမ်ညာ၍ မပြော တတ်တော့ပေ။

သို့သော် ခုတလောတော့ အဘွားခမျာ ငါးပါးသီလကို လက်တစ်လုံးခြား လုပ်နေရရှာသည်။ တရားခံကတော့ မောင်အောင်ဇေယျ ဖြစ်သည်။ အောင်ဇေယျကို အဘွား၏မြေးဖြစ်သူ သပြေမှ မွေးထားခြင်း ဖြစ်၍ မြစ်တော်သည်။ အသက်ကတော့ ၄ နှစ်ရှိပြီဖြစ်သည်။ ၄ နှစ်ဆိုတော့လည်း ၄ နှစ်တို့ထုံးစံအတိုင်းဆော့လိုက်သည်မှာမိုးပျံနေသည်။ သူမို့လို့ မူကြိုကျောင်းက ပြန်ရောက်လာလျှင် ခုတင်ပေါ်တက် ကျွမ်းထိုး၊ စားပွဲပေါ်တက် ခုန်ချ၊ ကုလားထိုင်တွေဆက် တံတားလုပ်၊ လွှားခနဲ ကားခနဲ သိုင်းကျင့်နှင့်မို့ မျက်စိရော နားပါ နောက်နေရသည်။အခုတော့ ဆော့ရုံတင်မကတော့ မောင်အောင်ဇေယျက ဖျက်ဆီးရေးဘက်သို့ ရှေးရှုလာသည်။ အဘိုး၏စိပ်ပုတီးကိုယူပြီး ခရေ၏မောင် သူ၏ဦးလေး၊ မောင်စစ်အေး မွေးထားသော ရွှေငါးအလှကန်ထဲ ထည့်ထားသည်။ အဘွား၏မျက်မှန်ကိုလည်း သူ၏ဝက်ဝံရုပ်တွင် တပ်ပေးထား၍ သုံး

www.burmeseclassic.com

www.burmeseclassic.com


လေးရက်ခန့် ရှာမတွေ့ဘဲ ဖြစ်ခဲ့ရသည်။ ကြီးကြီး ဒေါ်ကြာဖြူ၏ နီပြာတံတွေကိုလည်း ရွက်လှပန်းအိုးထဲတွင် စီတန်းပြီး စိုက်ထားသည်။ သပြေ၏ဆံညှပ်ကို ခြင်ဆေး ခွက်ထဲထည့်ထားပြီး ခရေ၏ နှုတ်ခမ်းဆိုးဆေးတောင့်လည်း မီးဖိုချောင်က အာလူးခြင်းထဲ ရောက်ခဲ့ရဖူးသည်။ သပြေ၏ ခင်ပွန်းဖြစ်သူ အောင်ဇေယျ၏ဖခင်ကတော့ သူ့သားကို ခပ်စပ်စပ်လေး ရိုက်လေ့ရှိသည်။

"အောင်ဇေယျမင်းဟာလေ အိမ်ရဲ့ဆည်းလည်းမကတော့ဘူး၊ လင်းကွင်းကြီးလား၊ ဝါးလက်ခုပ်ကြီးလား တစ်ခုခု ဖြစ်နေပြီ၊ မင်းမို့ ရောက်လာရင် ပြောင်းဆန်ကုန်တာပဲ"

"ကလေးမို့ဆော့တာ ဆန်းသလားဟဲ့"

ကြီးကြီးဒေါ်ကြာဖြူက သူ့မြေးလေးဘက်မှ ရှေ့နေလိုက်တတ်သည်။ သို့သော်လည်း ကွယ်ရာကျလျှင်တော့ 'ဆော့ပဲ ဆော့တတ်လွန်းတယ်ကွယ်' ဟု ညည်းတတ်သည်။ ညနေရောက်လာလျှင် 'အဘွားရေ ကျွန်တော့်မှတ်စုစာအုပ်တွေ ပျောက်နေပြန်ပြီ၊ အောင်ဇေယျ ယူသွားတာ တွေ့မိလား'၊ 'အဘွားရေ့ ခရေ့ ခရင်ပတ်ဘူး အောင်ဇေယျ ကိုင်တာများ သတိထားမိလား' ဟူ၍လည်းကောင်း၊ 'အောင်ဇေယျ နင်ငါ့ ဂဏန်းတွက်စက် ယူဆော့ပြန်ပြီလား၊ အဘွားကို မေးမှာနော်' ဟူ၍လည်းကောင်း၊ 'ဟော့ ဒီစားပွဲပေါ်က နှိုးစက်နာရီမရှိတော့ဘူးနော်၊ ငါတော့ အောင်ဇေယျပဲ ထင်တာပဲ၊ အဘွားရဲ့ခုတင်အောက် သွားကြည့်စမ်း' ဟူ၍လည်းကောင်း အသံဗလံများက ဆူညံလာမြဲ ဖြစ်သည်။ နံနက်စောစောထ၍ လမ်းလျှောက်သော ဦးကြာညိုက နာရီနှိုးစက် ပေးပြီး ထလေ့ရှိသည်။ သို့သော် အောင်ဇေယျက ထိုနာရီကို လစ်လျှင်လစ်သလို ယူပြေးပြီး အဘွား၏ခုတင်အောက် လာထည့်တတ်သည်။ နံနက်ငါးနာရီထိုးလျှင် ဦးကြာညိုက မနိုးဘဲ အဘွားသာ နိုးရသော အကြိမ်ကလည်း များလှချေပြီ။

www.burmeseclassic.com

www.burmeseclassic.com


ထို့ကြောင့်လည်း ညနေတိုင်ရောက်လျှင် 'အဘွားမတွေ့မိဘူးလား'၊ 'အဘွား သတိထားမိလား'၊ 'အဘွားမမြင်မိဘူးလား' ဟူသော တစ်ယောက်တစ်ပေါက် ပြောကြသောအသံများကို ကြားရတော့သည်။ မြင်တိုင်းတွေ့တိုင်းသာ ပြောရလျှင် မောင်အောင်ဇေယျာခမျာလည်း သူ့အဖေလက်ချက်နှင့်ကျောကော့ရတော့မည်မို့ အဘွားက ရေငုံကာ နေချင်သည်။ တိုက်ရိုက်မေးလာကြတော့လည်း လက်တစ်လုံးခြားရှောင်ကာ တွေ့သည်လည်းမပြော၊ မတွေ့ဘူးလည်း မပြောဘဲနှင့် 'သိပါဘူးကွယ်' ဟု ခပ်ပျော့ပျော့လေး ပြောနေရတတ်သည်။

အဘိုးကလည်း သားသမီးတွေ မြေးတွေနှင့်ခပ်တည်တည်နေတတ်သော်လည်း သူ၏မြစ် အောင်ဇေယျာကိုတော့ အတန်ငယ်အချစ်သည်းသည်။ စားဦးစားဖျားအထွက်တမြွတ်ဖြစ်သော ပန်းသီး၊ လိမ္မော်သီးလေးများကိုလည်း သူတို့စားပြီးလျှင် အောက်ဝိုင်းချမပေးဘဲ ပက်လက် ကုလားထိုင်နှစ်လုံးကြားက စားပွဲပေါ်တွင် တင်ထားလိုက်သည်။ အောင်ဇေယျာ ကျောင်းပြန်မှ သူ့မြစ်ကလေး၏ လက်ထဲသို့ တစ်ပန်းကန် လုံး ထည့်ပေးတတ်သူဖြစ်လေသည်။ အောင်ဇေယျာမို့လို့ အရိုက်ခံနေရ လျှင် အဘိုး၏မျက်နှာကတင်းနေတတ်သည်။ အောင်ဇေယျာ လုပ်ပေါက် တွေက ရိုက်လည်း ရိုက်ချင်စရာမို့ သူ့အဖေက ဆုံးမနေခြင်း ဖြစ်သော် လည်း အဘိုးက မကြိုက်ချင်ပေ။

သည်နေ့တော့ အဘိုးနှင့် အောင်ဇေယျာ သိပ်ပြီး မတည့်ချင်တော့ပေ။ အောင်ဇေယျာကိုမြင်လျှင် အဘိုးက မျက်မှောင်ကြီး ကုတ်နေပြီး အောင်ဇေယျာကလည်း အဘိုးနား သိပ်မကပ်တော့ပေ။ ပြဿနာကတော့ အမည်နာမက စခြင်းဖြစ်သည်။

"အဘိုး"

"ဘာတုံးဟ"

www.burmeseclassic.com

www.burmeseclassic.com


"ဒီမှာ အဘိုးရ၊ တားနံမည်ကို ပေါင်းပေးပါလား"

အောင်ဇေယျသည် စကားမပီသေး၍ ပေါင်းပေးပါလား ဆိုခြင်းသည် ပြောင်းပေးပါလားဟု အဓိပ္ပာယ်ရကြောင်း အဘိုး သိလေသည်။ ဒီနာမည်ကို ပြောင်းပေးပါလားဆိုတော့ အဘိုး အတန်ငယ် မျက်လုံးပြူးသွားသည်။ အောင်ဇေယျဟူသော အမည်သည် သူပေးထားသော အမည်ဖြစ်သည်။ တတိယမြန်မာနိုင်ငံကို တည်ထောင်ခဲ့သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏အမည်ကို ယူထားခြင်းဖြစ်သည်။ အခု သူ ဂုဏ်ယူမြတ်နိုးစွာ မှည့်ခေါ်ထားသောအမည်ကို သူ၏မြစ်တော်မောင်ကလေးက ပေါင်းချင်သည် အဲ–ပြောင်းချင်သည် တဲ့။

"သားက ဘယ်လိုပြောင်းချင်လို့လဲ"

"ကျန်ကျောင်း"

အဘိုး၏မျက်နှာလည်း ရှုံ့သွားသည်။

"ကျန်ကျောင်းက တိတ်တော်တာ အဘိုးရ၊ တိုင်းချလိုက်ရင် ဟောသီလို ဟောသီလို လေထဲမှာလည်း ပန်နိုင်တယ်'

"ပျံနိုင်တယ်လား"

"ဟုတ်တယ် အဘိုးရ၊ ဓားကြီးကိုကိုင်ရင်း လေထဲမှာပန်တာ ဖတ်ဖတ် ဖတ်ဖတ်နဲ့"

အဘိုးက ညစောစောအိပ်တတ်သူမို့ ရုပ်မြင်သံကြား ဖန်သားပြင်တွင် ထင်လာသော ကျန်ကျောင်းတို့၊ ချိန်ထယ်ရီးတို့ကို မသိပေ။ မောင်အောင်ဇေယျကတော့ သူ့အမေ၊ အဖေသာမက ဦးလေး အဒေါ်များနှင့်ပါ ကျန်ကျောင်းမလာမချင်း စောင့်ကြည့်တတ်သူ ဖြစ်နေသည်။

"ကျန်ဆိုတာ ကြိုက်ရင်တော့ သား ကျန်စစ်သားလို့ ပြောင်းကွာ"

www.burmeseclassic.com

www.burmeseclassic.com


"ကျန်ချစ်တား ချိုတာ တော်လား"

"ဟ–တော်ပြီလားကွ၊ ပုဂံခေတ်သူရဲကောင်းသားရဲ့"

"ပုဂံခေတ်ချိုတာ ဘာလဲ"

"မြန်မာနိုင်ငံအစပေါ့၊ ပထမ မြန်မာနိုင်ငံပေါ့"

အဘိုးက ရှင်းပြသော်လည်း အောင်ဇေယျက နားလည်ဟန် မတူ။ နောက်ထပ်ပြီး အရေးဆိုသည်။

"အဘိုးက ကျန်ကျောင်း မကြိုက်ဘူးလား"

"မကြိုက်ဘူးကွ"

"ဒါဆိုရင် တားကျန်ကျောင်းမလုပ်တော့ပါဘူး၊ ဝုကျိပဲလုပ် မယ်"

"ဟာ–လုပ်ကြပါဦး၊ ဝုကျိဆိုတာ ဘာလဲဟ"

အဘိုးက အော်သည်။ မောင်အောင်ဇေယျက လက်တွေ ခြေ တွေ မြှောက်ကာ ခုန်ပေါက် ပြေးလွှားပြီး သိုင်းကစားပြသည်။ သြော်– ဝုကျိသည်လည်းပဲ သိုင်းမင်းသားဟု ဆိုပါလား။

"ဒီမှာ အောင်ဇေယျ"

အဘိုးက ခပ်တင်းတင်းခေါ်သည်။ အသက်သာ ကြီးသော် လည်း ကျန်းမာဆဲဆိုတော့ အသံကလည်း မာဆဲပင်။

"မင်းနာမည် အောင်ဇေယျမှတ်ထား၊ အောင်ဇေယျဟာ အောင် ဇေယျပဲ၊ အောင်ဇေယျကလွဲလို့ ဘာနာမည်မှ မပြောင်းရဘူး၊ နောက် တစ်ခါ လာမပြောနဲ့ သွား"

အဘိုးကအော်တော့ အောင်ဇေယျ လန့်သွားသည်။ ဆုတ်ကန် ကန်နှင့် ထွက်သွားသည်။ အဘွားက လှမ်းခေါ်သည်ကိုပင် အနား မကပ်တော့ချေ။

အိမ်က ပြဿနာကို မသိသော ခရေက ညနေကျတော့ သူ့တူ

www.burmeseclassic.com

www.burmeseclassic.com


အတွက် ကျန်ကျောင်းဦးထုပ်နှင့် ကျန်ကျောင်းဓားကို ပုဇွန်တောင်ပွဲဈေးမှ ဝယ်လာသည်။ မောင်အောင်ဇေယျ ဝမ်းသာလိုက်သည်မှာ ဆိုဖွယ်ရာမရှိတော့ပြီ။ ကျန်ကျောင်းဦးထုပ်ကို ဆောင်းပြီး ဓားကို လက်မှာကိုင်ကာ တလွှားလွှားနှင့် ဓားခုတ်နေသည်။

"ညည်းတို့ကလည်း အေ၊ ဗန္ဓုလဦးထုပ်လေး ဘာလေး ဝယ်ခဲ့ရောပေါ့"

အိမ်က ပြဿနာကို သိနှင့်ထားသော ခရေတို့အမေက တိုးတိုးတိတ်တိတ်ပြောသည်။ ပက်လက်ကုလားထိုင်ပေါ်တွင် ခပ်ငူငူထိုင်နေသော အဘိုးကို လက်တို့ပြီး ပြသည်။

"အမေကလည်း ပွဲဈေး တစ်ဈေးလုံး ကျန်ကျောင်းဦးထုပ်နဲ့ ဓားတွေပဲ တွေ့တာ၊ ဗန္ဓုလဦးထုပ်မတွေ့တော့ဘူး အမေရဲ့၊ နောက်ပြီး တွေ့လို့ ဝယ်လာတော့ရော အမေ့မြေးက ကြိုက်မှာလား"

ခရေက ခပ်တိုးတိုးပြန်ပြောရသည်။ အဘိုး၏မျက်နှာ မသာယာတော့ စိတ်ထဲတွင် လန့်နေသည်။ ထို့နောက်မှ အားတင်းပြီး အဘိုးနှင့်အဘွားအတွက် ဝယ်လာသော ရေမုန့်ကို စားပွဲပေါ်သွားတင်သည်။ ခါတိုင်း ရေမုန့်ကိုမြင်လျှင် အဘိုးက မသိမသာ ပြုံးသွားတတ်သည်။ 'ရေမုန့်လားဟေ့' ဟု မေးတတ်သည်။ ဒီနေ့တော့ ဘာမှမမေးဘဲ တစ်ချက်သာ စောင်းကြည့်သည်။ ခဏနေမှ 'မကြာဖြူကို လွှတ်လိုက်စမ်း' ဟု ပြောသည်။

ကြီးကြီးဒေါ်ကြာဖြူရောက်တော့ အဘိုးက 'နင် သမိုင်းသင်နေပြီးတော့ ကလေးကိုတော့ ဘာမှပြောမပြဘူးလား' ဟု မေးသည်။ 'ငါတို့မှာလည်း ပြောပြစရာတွေစုံလို့၊ အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ မင်းရဲကျော်စွာ၊ သမိန်ဗရမ်း နောက်ပြီး နောက်ပြီး"

အဘိုးစကားကို ကြီးကြီးဒေါ်ကြာဖြူက ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com


"အလောင်းစည်သူ၊ နရပတိစည်သူ၊ သတိုးမင်းဖျား၊ ဆင်ဖြူရှင်၊ အလောင်းမင်းတရား၊ ရာဇဓိရာဇ်၊ လဂွန်းအိမ်၊ အဲမွန် ဒယာ၊ မြဝတီမင်းကြီးဦးစ၊ ဗန္ဓုလ၊ အဲ–"

ဗန္ဓုလကိုပြောပြီး ကြီးကြီးဒေါ်ကြာဖြူ ထစ်သွားသည်။ ဗန္ဓုလကို ပြောမိလျှင် ဗန္ဓုလဦးထုပ်ဝယ်မလာသော ခရေ့ကို အော်လေဦးမလား ဟု တွေးမိသောကြောင့် ဖြစ်သည်။ သို့သော် အဘိုးက မသိမသာ သက်ပြင်းသာ ချလိုက်သည်။

"အေး– အဲဒီသူရဲကောင်းတွေအကြောင်းလည်း နင့်မြေးလေးသိအောင် ပြောပြဦးမှပေါ့"

"ဟုတ်ကဲ့ပါ အဖေရဲ့"

ဒေါ်ကြာဖြူက ခေါင်းညိတ်သည်။

အဘိုးက ခါတိုင်းလို ဒေါသမကြီးဘဲ အေးအေးဆေးဆေး ပြော၍ စိတ်သက်သာရာ ရသွားပုံရသည်။

ညကျတော့ မြေးအဘွားနှစ်ယောက် တွတ်ထိုးနေကြသည်ကို ခရေတို့ တွေ့ကြရသည်။

"လာ သား၊ လာ ဒီတစ်ခါ ဖွားဖြူက မြန်မာသူရဲကောင်းတွေ အကြောင်း ပြောပြမယ်"

"တားက ဝုက္ကိုအကြောင်းပဲ တိချင်တာ"

"ဝုက္ကိုအကြောင်းက ကြည့်နေရသားပဲ သားရယ်၊ အဘွားပြောပြမယ့် သမိန်ဗရမ်းဆိုတာက တရုတ်စစ်သူကြီးကို နိုင်ခဲ့တဲ့ သူရဲကောင်းအကြောင်း သား နားမထောင်ချင်ဘူးလား"

"တားနာမည်ကို ပေါင်းပြီးတော်လေ၊ ဒါချို့ နားတောင်မယ်"

"ဘာလဲ ကျန်ကျောင်းလို့ ပြောင်းခေါ်ရမှာလား၊ မင်းနော် အဘိုးက တီးလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com


ကြီးကြီးဒေါ်ကြာဖြူက အဘိုးနှင့်လှည့်ကာ ခြောက်သည်။ အောင်ဇေယျကလည်း ခေါင်းမာသည်။

"တားကတော့ ကျန်ကျောင်း"

"သား နော်"

"ဒါချိုရင် ဝုကျိ"

အောင်ဇေယျက အရေးဆို၍ မဆုံးတော့ပေ။ ကြီးကြီး ဒေါ်ကြာဖြူပဲ ချော့နိုင်မလား၊ အောင်ဇေယျပဲ ဂျီကျနိုင်မလား၊ ခရေတို့ အားလုံး စိတ်ဝင်စားနေကြသည်။ နာရီဝက်ခန့်ကြာသည်အထိ သမိန်ဗရမ်းက ပေါ်မလာသေး၊ တရုတ်စစ်သူကြီး ဂါမဏိလည်း ဘယ်ရောက်နေမှန်း မသိ။ 'ဒါချိုရင် ဝုကျိ' လုပ်နေသော မောင်အောင်ဇေယျကို ချော့နေရတုန်းပင် ဖြစ်သည်။

နောက်ထပ် ဆယ်မိနစ်လောက်နေတော့ သူတို့မြေးအဘွားအဆင်ပြေသွားသည်။ မြင်းပေါ်တွင် မတ်တပ်စီးကာ မြင်းရေး အမျိုးမျိုးပြနေသော တရုတ်စစ်သူကြီးဂါမဏိနှင့် မွှန်သူရဲကောင်း သမိန်ဗရမ်းတို့၏ အကြောင်းကို မျက်လုံးအဝိုင်းသားနှင့် နားထောင်နေသော မောင်အောင်ဇေယျကို တွေ့ကြရသည်။

'တမိန်ဘရမ်းက တိတ်တော်တာ အဘိုးရ' ဟု အဘိုးကို သွားပြောပြတော့ အဘိုးလည်း အနည်းငယ် ပြုံးလာသည်။

"ကြီးကြီး ဘယ်လိုများ စည်းရုံးလိုက်လဲဟင်"

ခရေက တိုးတိုးကြိတ်ကြိတ်မေးတော့ 'ပြောချင်တော့ပါဘူးအေ' ဟု ပြောရင်း ကြီးကြီးက စိတ်ညစ်လက်ညစ်နှင့် ရယ်သည်။

"နောက်ကျတော့ သူလည်း တစ်ထစ်လျှော့၊ ငါကလည်း တစ်ထစ်လျှော့ပေါ့ဟယ်၊ သူ့ကို အောင်ဇေကျောင်း၊ ဒါမှမဟုတ် အောင်ဇေကျိလို့ ခေါ်ပါ့မယ်လို့ ကတိပေးလိုက်ရတယ်"

www.burmeseclassic.com

www.burmeseclassic.com


"ဟယ် အောင်ဇေကျို"

"အေးဟယ်–ငါလည်း မတတ်နိုင်ဘူး၊ သူကောင်းကောင်း နားထောင်ရင်ပြီးရော၊ အဘိုးတော့ မသိစေနဲ့၊ တစ်ခါတလေ ခေါ်မယ်လို့ ပြောတော့မှ ကိုယ်တော်လေးက နားထောင်တော့တာ"

"ဘာလဲ အောင်ဇေကျိုလို့ ခေါ်မှာလား၊ အောင်ဇေကျောင်းလို့ ခေါ်မှာလား ဟိ–ဟိ"

"ဘယ်လိုခေါ်ခေါ်ပေါ့ဟယ်၊ တို့မြန်မာသူရဲကောင်းတွေ အကြောင်း သူလိုလိုလားလား နားထောင်လာရင် ပြီးတာပဲ"

ကြီးကြီးဒေါ်ကြာဖြူက ခပ်ဆတ်ဆတ်ပြောသည်။ အဘိုးက တာဝန်ပေးလိုက်၍သာ ဒီလောက်ချော့မော့ပြီး ပြောနေခြင်း ဖြစ်သည်။ သူ့ခမျာ ကျောင်းတွင် တစ်နေ့လုံး စာသင်ခဲ့ရသည်ထက်ပင် ပင်ပန်း သွားဟန်ရှိသည်။

ထိုစဉ် မောင်အောင်ဇေယျက ယောင်လည်လည်နှင့် အနား ကပ်လာသည်။ သူ့အဘွားကိုလက်ကုတ်ပြီး ခရေ့ကို မသင်္ကာသလို ပေစောင်းစောင်းနှင့်ကြည့်လေသည်။ ခရေလည်း မသိမသာ တစ်ဖက် လှည့်ကာ မကြားချင်ဟန်ဆောင်နေရသည်။ သူကောင်းသားလေးက အသံကို နှိမ့်ပြီးပြောသော်လည်း နားစွင့်ထားသော ခရေကတော့ ကြား လိုက်ရသည်။

"ဘွားဘွားဖူ၊ တားကို ထုနတုန်းကလို မထော်နဲ့တော့"

"ဟင် ဒါဆို ဘယ်လိုခေါ်ရမလဲ"

"အောင်ဂျေရမ်းလို့ထော်"

"ဟင် အောင်ဇေရမ်း"

"ဟုတ်တယ် အောင်ဂျေရမ်း"

မောင်အောင်ဇေယျက ရင်ကော့ပြီး ထွက်သွားသည်။ဒေါ်ကြာ

www.burmeseclassic.com

www.burmeseclassic.com


ဖြူ ခများမှာတော့ ငိုချင်သလို၊ ရယ်ချင်သလို မျက်နှာထားနှင့် ကျန်ခဲ့ရာသည်။

"မခရေ ကြားလိုက်ရဲ့လားဟဲ့"

ခဏနေတော့ ဒေါ်ကြာဖြူက လှမ်းမေးသည်။

"ဟုတ်ကဲ့" ခရေက ရယ်ဟဟနှင့် ဖြေသည်။

"အောင်ဇေရမ်းတဲ့နော်၊ ဘာမှတ်သလဲ"

ဒေါ်ကြာဖြူက ခရေ၏ကြိမ်းဝါးသံကြားတော့ ဣန္ဒြေမဆောင်နိုင်ဘဲ တသိမ့်သိမ့်နှင့် ရယ်သည်။ မောင်အောင်ဇေယျ၏ နာမည်အသစ်ကို အဘိုးကြားလျှင် ဘာများပြောလိမ့်မည်နည်းဟု သိချင်သော်လည်း အဘိုး၏နားသို့ရောက်အောင် မည်သူမျှ သွားပြီး ပြောရဲလိမ့်မည်မဟုတ်ချေ။

"ဘာဖြစ်သလဲအေ၊ အောင်ဇေကျိုနဲ့စာရင်တော့၊ အောင်ဇေရမ်းက ကောင်းတာပဲဟာ"

"ဟုတ်တာပေါ့ ကြီးကြီးရဲ့၊ အားမလျှော့နဲ့၊ ဆက်သာပြော၊ ကလေးဆိုတာ ဒီလိုပဲဟာ၊ အသိအကြားများလာရင် အား ကျလာမှာ၊ အထင်ကြီးလာမှာပါ"

ဒေါ်ကြာဖြူက အသက်ကိုတဝကြီးရှိုက်၍ရှူကာ အားအင်တွေစုသည်။ နက်ဖြန်ကျလျှင် မြန်မာပြည်သူရဲကောင်းများ အကြောင်းကို မောင်အောင်ဇေရမ်း အဲ လေ၊ မောင်အောင်ဇေယျကို ပြောပြရဦးမည်မဟုတ်လား။

(ဖေဖော်ဝါရီ ၂၀၀၁ ဧပြီ)

www.burmeseclassic.com

www.burmeseclassic.com

# ကော်ဖီသောက်သူများ




www.burmeseclassic.com

www.burmeseclassic.com

# ကော်ဖီသောက်သူများ

ဤကမ္ဘာ ဤလောကတွင် ကော်ဖီဟုခေါ်တွင်သည့် ချိုမြမြ ခါးဆိမ့်ဆိမ့် အရည်ကို လူသားတို့ နှစ်သက်စွာ သောက်သုံးခဲ့ကြသည်မှာ နှစ် ပရိစ္ဆေဒ ကြာမြင့်လှပြီဖြစ်သည်။ မည်သည့်ခေတ်ကာလတွင် မည့်သည့်တိုင်းပြည်၌ မည်သည့် လူမျိုးတို့က မည်ကဲ့သို့ စတင်ပြီး သောက်သုံးခဲ့ကြသနည်းဟူသော ပုစ္ဆာကို မညိုမ အဖြေထုတ်နေမိသည်မှာလည်း မကြာခဏပင်။

'မသိလျှင်မေး၊ မစင်လျှင်ဆေး'ဟု ဆိုစကားရှိရလျက်နှင့် မည်သည့်သုတေသီ ပညာရှင်ကိုမှလည်း တခုတ်တရ မမေးမိတော့ သူ့ခများယခုထက်ထိ အဖြေမသိရှာသေးသည်မှာလည်း မဆန်းလှချေ။

သို့သော် သေချာတာ တစ်ခုတော့ရှိသည်။ မညိုမ ကြားဖူး၊ ဖတ်ဖူး၊ မှတ်ဖူးသမျှ ရှိစုမဲ့စု ဗဟုသုတထဲတွင် သီပေါမင်းနှင့် စုဖုရားလတ်တို့ ကော်ဖီရည်ကို သောက်သုံးတော်မူကြသည်ဟု မပါရှိခဲ့ပေ။ ထို့ကြောင့် ကော်ဖီသည် မြန်မာ့ရိုးရာ စားသောက်ဖွယ် မဟုတ်ကြောင်းကို သိနိုင်သည်။ ထို့အပြင် မညိုမတို့၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင်များလက်ထက်က ကော်ဖီကို သောက်သုံးလေ့ မရှိခဲ့ကြကြောင်းကိုလည်း အတည်ပြု မှတ်သားနိုင်သည်ဟု ယူဆမိလေသည်။

မညိုမသည် ငယ်ငယ်တုန်းကတော့ ကော်ဖီကို စိတ်မဝင်စားခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com


ထမင်းစား စားပွဲပေါ်ရှိ အပြာရောင် ကြွေရည်သုတ်အိုး ရှည်ရှည်လေးသည် ကော်ဖီအိုးဖြစ်သည်ကိုတော့ မှတ်မိသည်။ ထိုအိုးထဲတွင် နံနက်တိုင်း ကော်ဖီအပြည့်ရှိနေတတ်သော်လည်း တစ်ခါမျှ လိုလိုချင်ချင်ငှဲ့ပြီး မသောက်ဖူးခဲ့ချေ။ တက္ကသိုလ်ရောက်တော့လည်း ကော်ဖီကိုလှည့် မကြည့်သေး၊ အလုပ်ထဲ ရောက်ပြန်တော့လည်း ခပ်စိမ်းစိမ်းလေးနေပါ့ မယ် ဇာတ်လမ်းပင်။

အခုတော့ မညိုမ၏အသက် ငါးဆယ်ကျော်ပြီး အဘွားကြီးလည်း ဖြစ်ပြီ။ (သူ့ကိုယ်သူတော့ အဘွားကြီးတစ်ပိုင်း ဖြစ်ရပြီဟု ညာညာ တာတာ ပြောလေ့ရှိသည်။) မျက်စိတွေလည်းမှုန်၊ ဆံပင်တွေကလည်း ဖြူပြီ၊ ထို့အပြင် ကော်ဖီလည်း စွဲနေပေပြီ၊ ဘယ်အချိန် ဘယ်ကာလကများ ဒီကော်ဖီကို ကြိုက်သွားသနည်း။ သူ့ကိုယ်သူလည်း မသိ လိုက်သည်ကတော့ ခက်လှသည်။

နံနက်စောစော ထမင်းကြော်လေးစားစား၊ ပဲပြုတ်နံပြား စားစား၊ အီကြာကွေးလေးစားစား၊ ကော်ဖီမပါလျှင် ခြောက်ကပ်ကပ်နှင့်မို့ သူ မပါလို့မဖြစ်၊ အပြင်က မောမောပန်းပန်းပြန်လာလျှင်လည်း အခါတိုင်းလို ရေအေးအေးလေး မတောင်းဘဲ ‘သမီးရေ မေမေ့ကို ကော်ဖီတစ်ခွက်’ဟု အော်တတ်သည်။ ဧည့်သည်လာပြန်တော့ ဧည့်သည်တစ်ခွက် သူတစ်ခွက်ပင်။ အားလပ်ရက်ကလေးရ၍ နေ့လယ်နေ့ခင်းရေမိုးချိုး ခေါင်းလျှော်ပြန်ပါကလည်း ကော်ဖီကလေးသောက်ပြီး နပ်တတ်သည်။ ညပိုင်း ရောက်ပြန်တော့ လုပ်လက်စအလုပ်ကို ပစ်ကာ ကျန်ကျောင်းတို့၊ ချိန်ကွမ်းမင်တို့၊ ချိန်ထယ်ရီးတို့၊ ပိုင်ဟွေ့တို့၊ ဟော်လ်ဗ္ဗီလီတို့နှင့် အချိန်လုပြီး တွေ့ဆုံရသေးသည်။ ထိုအချိန်ကျမှ တီဗွီရှေ့တွင် စုရုံးမိသော အိမ်သားများကလည်း ကော်ဖီခွက်ကလေးကိုယ်စီကိုင်လာကြသည်။ တီဗွီထဲမှ ဂန္ဓာလရာဇ်တိုင်းသားများက ရေနွေးကြမ်းသောက်၊

www.burmeseclassic.com

www.burmeseclassic.com


တီဗွီအပြင်မှ မြန်မာပြည်သားတို့ကလည်း ကော်ဖီသောက်နှင့် ပျော်စရာကြီးပင်။

မညိုမ၏မိခင်ကြီးကတော့ ညဥ့်တစ်ရေးနိုးလျှင်ပင် ကော်ဖီထမော့တတ်သောကြောင့် အိပ်ရာဘေးတွင် အဆင်သင့် ဖျော်ပြီး ထားပေးရသည်။

မညိုမက သူ၏ခင်ပွန်းဦးညိုမောင်ကိုတော့ တဆိတ် လွန်လွန်းသည်ဟုပြောသည်။ သူတစ်ဦးတည်းပိုင်သော ကြွေမတ်ခွက် ကောက်ကောက်ကြီးနှင့် အပြည့်ဖျော်ထားပြီး နှစ်ဆယ့်လေးနာရီပတ်လုံး တစွတ်စွတ်သောက်တတ်သည်။ ခဏခဏကုန်ပြီး ကုန်တိုင်းလည်း 'သမီးကော်ဖီ' ဟု အော်တတ်သည်။ တစ်ခါတစ်ရံတော့ သူ့ကို ရေမှသောက်ရဲ့လားဟု သတိပေးယူရသည်။ ရေအစား ကော်ဖီတွေချည်း ပဲသောက်နေသည်ဟုထင်မိသောကြောင့်ဖြစ်လေသည်။

"မေမေတို့ငယ်ငယ်တုန်းကရော မြန်မာပြည်မှာ ကော်ဖီ သောက်နေကြပြီလားဟင်"

မညိုမက သူနှင့် အနီးစပ်ဆုံးဖြစ်သော မိခင်ကြီးကို မေးကြည့်သည်။

"ဟော သောက်ကြပြီလား၊ ကရားကြီးနဲ့ဖျော်ထားပြီး တစ်အိမ်လုံး ငှဲ့သောက်နေကြတာ"

ဒါဆိုလျှင်လွန်ခဲ့သော နှစ်ပေါင်းခုနစ်ဆယ်လောက်ကတည်းက မြန်မာတွေ ကော်ဖီသောက်နေကြပြီဟု အတည်ပြု ယူဆနိုင်သည်။

"ဒီလိုဆို အဘိုးတို့ အဘွားတို့ ငယ်ငယ်တုန်းကရော"

"အဲ"

အမေကြီးက အတန်ငယ်မျက်မှောင်ကြုတ်သွားသည်။

"အဲဒီတုန်းကတော့ ကော်ဖီမသောက်တတ်ကြသေးဘူး ထင်

www.burmeseclassic.com

www.burmeseclassic.com


တယ်၊ ဟိုးအရင်တုန်းကတော့ အဖန်ရည်အိုးတို့၊ အခါးရည်တို့ပဲ သောက်ကြတာ”

တွေးတွေးဆဆပြောနေသော သူ့မိခင်ကြီးအား ငေးကြည့်ရင်း မညိုမသည် ကင်းဝန်မင်းကြီး ပါရီမြို့တော်သို့ ရောက်စဉ်က ကော်ဖီ သောက်ခဲ့ရသလားဟု တွေးနေမိသည်။

“ဒို့မြန်မာတွေ ကော်ဖီသောက်တတ်လာတာ၊ အင်္ဂလိပ်လက်အောက် ရောက်မှ ဖြစ်မယ် သမီးရဲ့”

“သေချာတာပေါ့”

မညိုမက ထောက်ခံသည်။

“အင်္ဂလိပ်က ပေါင်မုန့်ကို အဓိကထားပြီး စားတဲ့လူမျိုး၊ ဒို့မြန်မာက ထမင်းကို ငါးပိနဲ့၊ အတို့အမြှုပ်နဲ့ ဟင်းချိုသောက် စားတာ၊ ကော်ဖီ လက်ဖက်ရည်က သူတို့အတွက် လိုတယ်ထား၊ ဒို့လူမျိုးအတွက် လိုလို့လား”

မညိုမ၏ကော်ဖီဝေဒနာသည် သူ့မိခင်ဆီသို့ ကူးစက်သွားသည်။

“မလိုပေမယ့် ကြိုက်နေကြတယ်လေ”

“မလိုရင် ကြိုက်ဖို့မကောင်းဘူး”

အမေကြီးက စဉ်းစဉ်းစားစား ပြောသည်။ 'ကြိုက်ဖို့မကောင်းဘူး'ဟု ပြောသော်လည်း ကော်ဖီကြိုက်သူများကို စာရင်းပြုစုလျှင် သူ့မိခင်ကြီးသည် နံပါတ်တစ် မစွဲသော်လည်း ထိပ်ပိုင်းကျကျတွင် နေရာယူမည်ဖြစ်ကြောင်း မညိုမ သိပါသည်။

“တို့တိုင်းပြည်မှာ သွားရေစာ စားစရာတွေမှ ပြည့်လို့၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ တို့ဟူးနွေး၊ ကောက်ညှင်းပေါင်းနဲ့ ဆီထမင်း၊ မုန့်ဖက်ထုပ်နဲ့ ခေါက်မုန့်၊ မုန့်ကြာစေ့နဲ့ မုန့်ကြာခွက်”

www.burmeseclassic.com

www.burmeseclassic.com


အမေကြီးက သတိရသမျှရေတွက်သည်။

"ချာပါတီ၊ ပလာတာ၊ ပူရီ၊ တိုရှည်၊ ဗယာကြော်နဲ့ ကုလားပဲသုတ်"

ကိုညိုမောင်က သူကြိုက်တတ်သည်များကို ဖြည့်စွက်သည်။ အစားအသောက်သံကြားတော့ တစ်အိမ်သားလုံး စိတ်ဝင်စားလာသည်။

"ပေါက်စီ၊ အီကြာကွေးနဲ့ ကော်ပြန့်ကြော်"

"ပေါင်မုန့်ကို မြန်မာမှုပြုလိုက်တော့ ပေါင်မုန့်အုန်းနို့ဆမ်းဗျ"

"ဖာလူဒါ၊ မုန့်လက်ဆောင်းနဲ့ ရွှေရင်အေး အဟေး ဟေး"

"ဟမ်ဘာဂါ၊ ပီဇာ၊ ဟော့ဒေါ့နဲ့ ဆင်းဒဝစ်"

"ကြာဇံဟင်းခါးနဲ့ ရှောက်သီးသုပ်၊ ထမင်းလက်သုပ်၊ တို့ဟူးသုပ်"

"ရှိသေးတယ် မကုန်သေးဘူး၊ ငှက်ပျောကြော်၊ ငှက်ပျောပေါင်း၊ ဘူးသီးကြော်၊ ပဲကပ်ကြော်၊ မန္တလေးပဲကြော်၊ ပုစွန်ကြော်"

"ထန်းပင်မြစ်လေး မီးနဲ့ဖုတ်၊ ပြောင်းဖူးကလေးပြုတ်"

"ခေါက်ဆွဲကြော်၊ ကြာဇံကြော်၊ ဆီချက်ခေါက်ဆွဲ၊ ကြေးအိုး"

"နန်းကြီး၊ မြီးရှည်၊ ဘိတ်ကတ်ကြေးကိုက်"

တစ်ယောက်တစ်ပေါက်ဖြည့်စွက်ပြောရင်း၊ တဝါးဝါးရယ်နေကြသည်။ မြန်မာတွေအတွက် နေ့စဉ်ထမင်းနှင့် ဟင်း အပြင် သွားရင်းလာရင်း စားသောက်နေသော အပိုစားစရာ၊ သရေစာများ မည်မျှ များပြားကြောင်း အခုမှပင် သတိထားမိပြီး အံ့ဩချင်လာကြသည်။

"ဒီလောက်တောင် စားစရာတွေများနေရတဲ့အထဲ ကော်ဖီကိုလည်း အလွတ်မပေးပါလားကွယ်ရို့"

အမေကြီးက တရားကျသလို ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com


တစ်နေ့တစ်မျိုး မရိုးရအောင် လျှာပြောင်းလျှာလွှဲ စားချင်သည်မှာ လူသားတို့၏သဘာဝဟု ပြောနိုင်သော်လည်း 'တို့လူမျိုးကတော့ နည်းနည်းပိုတယ်' ဟု မညိုမက တွေးသည်။ မည်သည့်လူမျိုး၏ စားစရာကိုမဆို၊ အင်တိုက်အားတိုက် အားပေးလေ့ ရှိကြသည်။ ရောင်းမကုန် မရှိစေရ။

"သမီးတို့ဖေဖေ ပါကစ္စတန်မှာ တာဝန်ထမ်းတုန်းက သူတို့ဆီမှာ လမ်းဘေးစားသောက်ဆိုင်တွေ မရှိတာ သတိထားမိတယ်၊ နေ့တိုင်း နေ့တိုင်း ချာပါတီနဲ့ ဟင်းတစ်မျိုးမျိုးကိုပဲ ပင်တိုင်ထားပြီး စားကြတာ"

အမေကြီးက ပြောသည်။

ဟုတ်ပါသည်။ မညိုမလည်း ခေတ္တလိုက်သွားဖူး၍ လမ်းဘေးဈေးသည် ရှားလှကြောင်းသိခဲ့ရသည်။ ပလာတာ၊ ချာပါတီကိုပင် ကိုယ့်အိမ်မှာကိုယ် လုပ်စားကြသည်မို့ မြန်မာပြည်လို အလွယ်တကူ ဝယ်၍ ရသည်မဟုတ်။ စားချင်လျှင် ကားမောင်းသော 'မဂျစ်'၏မိန်းမကို ဂျူပေးပြီး လုပ်ခိုင်းရသည်။

"ရုရှားရောက်တုန်းကလည်း လမ်းဘေးဈေးသည် မတွေ့မိပါဘူး၊ ပလက်ဖောင်းနားမှာဆိုရင် ရေခဲမုန့်ဆိုင်လောက်ပဲ ရှိတာ၊ ဒါတောင် အဝေးကြီးလျှောက်မှ တစ်ဆိုင်လောက်ရယ်၊ ပန်းခြံလေးတွေနားကျရင်တော့ ကိတ်မုန့်တို့ ပန်းသီးဖျော်ရည်တို့ ရောင်းတဲ့ဆိုင်လေးတွေ တစ်ဆိုင်တလေ ရှိတတ်တယ်"

မညိုမက သူရောက်ဖူးသမျှ နိုင်ငံခြားတိုင်းပြည်များကို ပြေးလွှားပြီး စဉ်းစားသည်။

တရုတ်ပြည်မကြီးမှာတော့ ဆီးသီးတို့ မက်မန်းသီးတို့ကို တုတ်တံလေးများနှင့် ထိုးပြီးရောင်းသော လက်တွန်းလှည်းအချို့ တွေ့ခဲ့ရသည်။ ဆီးသီးချောင်းလေးများကို ပလတ်စတစ်အိတ်ကလေးများနှင့်

www.burmeseclassic.com

www.burmeseclassic.com


စွပ်ထား၍ ခြင်ယင်မနား ဖုန်မကပ်သည်ကို သတိထားမိသည်။ လက်တွန်းလှည်းအောက်တွင် သံစည်ပိုင်းထည့်ပြီး မီးသွေးမီးဖိုလုပ်ကာ ကန်စွန်းဥမီးဖုတ်ရောင်းသောဈေးသည်ကိုလည်း တွေ့ခဲ့ရသည်။တွန်းလှည်းများကို လွတ်ရာကျွတ်ရာတွင် ရပ်ထားသည်မို့လူသွားလမ်း ပိတ်မနေ။ မညိုမတို့ဆီမှာလို ဝက်သား၊ ဝက်သည်း၊ဝက်အူတို့ကို ဗန်းကလေးထဲထည့်ပြီးအတုံး၊အတစ်၊အကွင်းလေးများလှီးကာ တုတ်ထိုးရောင်းသော ဝက်သားတုတ်ထိုးသည်မျိုးကိုကား လုံးဝမတွေ့ခဲ့ရပါ။

စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံမှာရောဟု ဆက်တွေးသည်။ တစ်ပတ် ဆယ်ရက်ခန့်မျှ ရောက်ဖူးတယ်ဆိုရုံသာ ဖြစ်၍ ဘာမှတော့ သိပ်မသိခဲ့ရ၊ စားသောက်ဆိုင်အသေးလေးများကို တွေ့ရသော်လည်း ဆိုင်ခန်းထဲတွင် ရောင်းသည်မို့ ပလက်ဖောင်းပေါ်သို့ ရောက်မလာပေ။

လူသွားလမ်းပလက်ဖောင်းပေါ်တွင် ခွေးခြေပုပုလေးတွေ အပြည့်ချပြီး လွတ်လပ်ရေးအပြည့်နှင့်ရောင်းကြ၊ ဝယ်ကြ၊ စားသောက်ကြသည်များကို မညိုမသည် သူ၏ရှိစုမဲ့စု နိုင်ငံခြားဗဟုသုတနှင့် ဆိုလျှင်တော့ မမြင်ဖူးရှာပေ။ မြန်မာပြည်သား ဗဟုသုတနှင့်ဆိုလျှင်တော့ 'ရှိး ရှိး ရှိး၊ ဒါတွေဟာ တို့အတွက် ရှိး' ဟူသော သီချင်းကို ဟစ်၍ ဆိုနိုင်မည်ထင်သည်။

ရောင်းသူလည်းကျေနပ်၊ ဝယ်သူ စားသူလည်းကျေနပ်၊ သွားသူလာသူများကလည်း ပလက်ဖောင်းပေါ်မှာ ကျပ်နေလျှင် လမ်းပေါ်သို့ ကျေကျေနပ်နပ်ပင် ဆင်း၍လျှောက်၊ ဟွန်းသံတညံညံတီးရင်းမောင်းနေသော၊ ကွေ့နေသော၊ ဆုတ်နေသော မော်တော်ကားကြီးငယ် အသွယ်သွယ်တို့ကလည်း လမ်းပေါ်လျှံတက်လာသော လူများကို ကျေကျေနပ်နပ်ပင် ပွတ်ကာသီကာ ကပ်၍ရှောင်၊ ရောင်းသူ၊ ဝယ်သူ၊ လျှောက်သူ၊

www.burmeseclassic.com

www.burmeseclassic.com


ရောင်သူ (တစ်ခါတစ်ရံလည်း တိုက်ကြသည်)တို့နှင့် အချိုးကျမျှတစွာ စည်စည်ကားကားရှိလှသော မြို့လယ်လမ်းမကြီးများကို သိပ္ပံမောင်ဝ၏ စကားနှင့်ပြောရလျှင်မူ ပျော်စရာ့ပျော်စရာ ပျော်စရာကြီး ပေပလေ။

"နောက်ဆုံးတော့ မြန်မာပြည်ဟာ သိပ်ကောင်းပါလား၊ ဘာလိုချင်လဲ၊ ဘာစားချင်လဲ၊ လက်တစ်ကမ်းမှာ အကုန်ရှိတယ်"

ကိုညိုမောင်ကတော့ ညနေစောင်း ပလက်ဖောင်းဈေးတန်းကို အထူးနှစ်သက်သူဖြစ်၏။

"အိမ်အတွက်ဝယ်ချင်ရင်လည်း ချိုင့်လေးတောင်မလိုဘူး၊ ဆိတ်ခြေထောက်စွပ်ပြုတ်တို့၊ ကြေးအိုးတို့ကိုတောင် ဂျွတ်ဂျွတ် အိတ်ကလေးတွေနဲ့ ထည့်ပြီးသယ်လို့ရတယ်"

"မသယ်ချင်လို့ ဆိုင်မှာ ထိုင်စားရင်လည်း ကောင်မလေးတွေကို ငေးရင်း၊ သီချင်းတောင် နားထောင်ရသေး ဟေး ဟေး..."

သမီးနှင့်သားက သူတို့ဖခင်အား အပြည့်အဝ ထောက်ခံကြသည်။

"အင်း စားချင်ရာ စားရတာကိုသာ ကျေနပ်နေ၊ ရောင်းနေတဲ့ မိန်းမကြီးက လက်သုတ်နယ်လိုက်၊ ထဘီသုပ်လိုက် လုပ်နေတာလည်း ကြည့်ကြပါဦး၊ နောက်ပြီး တီဘီတို့ အသည်းရောင် အသားဝါတို့က လည်း ဒီလိုနေရာတွေက အများဆုံးကူးတာ"

မညိုမက စိတ္တဇနည်းနည်းရှိသည်။ စားသောက်ဆိုင်ထဲ မထိုင်မီရောင်းချနေသောအစားအသောက်များကိုအုပ်ဆိုင်းထားသည်လားဟု အရင်ဆုံးလှမ်းကြည့်တတ်သူဖြစ်သည်။ အစားအသောက်ပြင်ပေးနေသူကို မသိမသာ အကဲခတ်တတ်သလို ပန်းကန်ဆေးသော ရေပုံးရေခွက် များကိုပါ တစေ့တစောင်း ကြည့်တတ်သေးသည်။

"ခင်ဗျားက လမ်းဘေးက အစာမို့လို့ အထင်သေးပြီး ဂရုံ

www.burmeseclassic.com


ဂျေကောင် လုပ်နေတာလား၊ ဟိုတယ်ကြီးပေါ်က အပျံစားဟင်းတွေကိုမှ စိတ်ချတယ်ပေါ့ ဟုတ်လား။ ခေါင်းဆောင်းအဖြူ အင်္ကျီအဖြူကြီးနဲ့ စားဖိုမှူးကြီးက စတိုင်ကျကျ ကြော်လှော်နေရင်း နှာမချေဘူး ပြောနိုင်လား။ ခင်ဗျား သိပ်ကြိုက်တဲ့ ပုစွန်တုပ်ကြီးရဲ့ အမြီးကော့ကော့ကြီးမှာ နှပ်ချေးဖတ် ကပ်ပါမလာဘူးလို့ရော ပြောနိုင်သလား"

ကိုညိုမောင်က မြင်ပြင်းကတ်ဟန်နှင့် ပြောတတ်သည်။ ဟုတ်တော့လည်းဟုတ်သားပင်။ တစ်ခါက နာမည်ရ စားသောက်ဆိုင်ကြီး တစ်ခု၏ နောက်ဖေးဘက်ကို မညိုမ ရောက်ဖူးသည်။ ပန်းကန်ဆေး သောလက်ဆေးကြွေဇလုံကြီးက ချွဲကျိ ညစ်ပတ်နေသည်ကို တွေ့ခဲ့ရဖူး သည်။

"ဒီလိုတော့လည်း အိတ်ထဲမှာ ကော်ဖီမစ်ထုပ်ကလေး ဆောင်ထားပြီး ဆာရင် ကော်ဖီသောက်တာမှ ဟုတ်သေး"

မညိုမ၏အတွေးသည် ကော်ဖီမစ်သို့ ပြန်ရောက်သွားလေသည်။ ကြော်ငြာမင်းသား မင်းသမီးလေးများ၏ လက်ထဲမှ အမျိုးမျိုးအစားစားသော ကော်ဖီမစ်ထုပ်ကလေးများကို မြင်ယောင်လာသည်။ သူတို့လေးတွေက တီဗွီဖန်သားပြင်ပေါ်တွင် ပြေးရင်းလွှားရင်း သောက်ပြလိုက်၊ ကရင်းခုန်ရင်း သောက်ပြလိုက်၊ ချစ်ရင်းကြိုက်ရင်း သောက်ပြလိုက်၊ တီဗွီအပြင်က ပရိသတ်ကလည်း သူတို့ကို ငေးရင်း မောရင်း သောက်သောက်ချလိုက်ကြသည်မှာ ကော်ဖီမစ်ခေတ်ကြီးကိုပင် ထူထောင်မိပြီဟု ထင်ရသည်။

"သြော် အခုမှ သိတယ်၊ ငါ ကော်ဖီကြိုက်လာတာ၊ ဒီအထုပ်တွေ ပေါ်မှကိုး"

မညိုမက အခုမှ သူ့ကိုယ်သူသတိထားမိသည်။ ယခင်တုန်းက သုံးခဲ့သော ကော်ဖီအစစ်မှုန့်များမှာ ရေနွေးတွင် ချက်ချင်း ပျော်ဝင်

www.burmeseclassic.com

www.burmeseclassic.com


လေ့မရှိ။ ရေနွေးတွင် ပေါလောမျောနေသော အမှုန့်လေးများ ကျသွားအောင် အဖုံးအုပ်ပြီး နှပ်ထားရသေးသည်။ ထို့နောက်မှ နို့ဆီနှင့် သကြားကို ထည့်ရသည်။ သုံးမျိုးရောရသည်မို့ လက်မှန်းလက်ဆမမှန်လျှင် ပျစ်လိုက်၊ ကျဲလိုက်၊ ချိုလိုက်၊ ခါးလိုက်ဖြစ်တတ်သေးသည်။ ကော်ဖီဖျော်ခြင်း အတတ်ပညာကို လက်မှန်းလက်ဆ မှန်မှန်တတ်ရန်လိုပြီး ကရိကထ လည်းများသည်။

ဟော ကော်ဖီမစ်အထုပ်ကတော့ အထုပ်ထဲတွင် ကော်ဖီမှုန့်၊ သကြားနှင့် နို့မှုန့်ကို အချိုးကျရောထည့်ထားပြီး ဖြစ်သည်။ အထုပ်ကလေးဖောက်ပြီး ခွက်ထဲထည့်၊ ထိုအထဲ ရေနွေးလောင်းပြီး ခေါက်လိုက်ရုံပင်။ လက်မှန်းနှင့် ရောစပ်စရာမလို နှပ်စရာလည်း မလို။

ဒီလောက်လွယ်နေတော့လည်း ဧည့်သည်လာလျှင် ကော်ဖီမစ်၊ အိမ်သားတွေလည်း ကော်ဖီမစ်၊ ယခင်က ကော်ဖီနှပ်နေကျအိုးကြီးကိုလည်း ချောင်ထိုးထားလိုက်သည်။ ထိုအိုးကြီးအစား တရုတ်ကြွေမတ်ခွက်ကလေးများ စားပွဲပေါ်သို့ ရောက်လာသည်။ သောက်ချင်သူကသောက်ချင်သောအချိန်တွင် ကြွေမတ်ခွက်ထဲသို့ ကော်ဖီမစ်ထုပ်ကလေးဖောက်ထည့်ကာ ရေနွေးရော လိုက်ရုံပင်။ ထို့ကြောင့်လည်း မညိုမတို့အိမ်တွင်ကြွေမတ်ခွက်ကလေးကိုယ်စီနှင့်တစ်ဦးချင်းဂလောက်ဂလောက်ခေါက်နေ ကြသည်မှာ ထိုအထုပ်ကလေးတွေ အပြိုင်အဆိုင် ပေါ်လာကတည်းက ဖြစ်လေသည်။ ကော်ဖီမကြိုက်တတ်သော မညိုမသည်ပင် ဟိုလူ့ခွက်ထဲ တစ်ငုံငုံလိုက်၊ ဒီလူ့ခွက်ထဲ တစ်ကျိုက်ကျိုက်လိုက်နှင့် စွဲမှန်းမသိ စွဲလာခြင်းဖြစ်လေသည်။

"အင်း အခုတော့ ကျွန်မချစ်ချစ် ကော်ဖီမစ်ဆိုပြီး ဝတ္ထုရေးရင်တောင် ရနေပြီ"

မညိုမကတွေးသည်။ သူ၏မောင်ဖြစ်သူ မြို့နယ်ဆေးရုံ ဆရာ

www.burmeseclassic.com

www.burmeseclassic.com


ဝန်ကြီးက 'တောကလူတွေ ဆေးရုံတက်ရင် ကော်ဖီမစ်ထုပ်ကလေးတွေ ကိုင်လာကြတာဗျ'ဟု ပြောဖူးသည်ကိုသတိရသည်။ အိမ်ရှေ့မြောင်းရှင်း သော အလုပ်သမားကြီးကလည်း အိမ်ပြန်တော့ ကွမ်းယာဆိုင်မှ ကော်ဖီ မစ်လေးနှစ်ထုပ်ဝယ်သွားသည်ကို တွေ့ဖူးသည်။ အယုတ်၊ အလတ်၊ အမြတ်မရွေး ကော်ဖီမစ်၏ ဆွဲဆောင်လွှမ်းမိုးမှုကို ခံနေရပြီကတော့ ထင်ရှားသည်။

ထို့နောက် ဂန္ဓာလရာဇ်တိုင်းသားတို့ ကော်ဖီသောက်လေ့ မရှိသည်ကို သတိရသည်။

မိမိ နိုင်ငံတော်၏ကျေးဇူးနှင့် တရုတ်ပြည်မကြီး ပြည်ကြီးသားတို့ကလည်း ဧည့်ခံလိုက်ကြသည်မှာ တစ်နေ့တစ်မျိုး မရိုးစေရ။ မြန်မာ ပြည်တွင် စားနေကျ ကြက်၊ ဝက်၊ ဘဲနှင့်အမဲတို့အပြင် မြွေ၊ ဖား၊ငါးရှဉ့်၊ငှက်ကုလားအုတ်သား၊ပျားကောင်ကြော်လေးများကိုသာမက ကြံ့ ကြံ့ဖန်ဖန် ဘဲလျှာကလေးများကိုချည်း ကြော်ချက်ထားသော ဟင်း တစ်ခွက်ကိုလည်း စားခဲ့ရသေး သည်။

စံပယ်နံ့မွှေးသော ဂန္ဓမာပန်းရနံ့သင်းသော ချိုတိုတို၊ ချဉ် တင်တင် သစ်သီး၊ သစ်စေ့၊ သစ်ခေါက်ကလေးတွေပါသော ရေနွေးကြမ်း မျိုးစုံကိုလည်း သောက်ခဲ့ရသည်။ နံနက်စောစောကတစ်မျိုး၊ နေ့လယ်စာကတစ်သွယ်၊ ညနေစာက တစ်ဖုံ၊ တစ်နေ့လျှင် သုံးထပ်မျှ အစုံစုံ စားနေရသော်လည်း မညိုမတို့သည် ကော်ဖီအစစ်ကိုလည်း မတွေ့ခဲ့ရ၊ ကော်ဖီမစ်ကိုလည်း မမြင်ခဲ့ရပေ။ လက်လှမ်းမီရာ ဆိုင်ကလေးများတွင် ရှာကြည့်တော့လည်း လက်ဖက်ခြောက်အမျိုးမျိုးကိုသာ တခမ်းတနား ရောင်းနေရသည်ကို တွေ့ခဲ့ရသည်။ ထို့ကြောင့် မညိုမတို့သည် ပီကင်း ရွှေမြို့တော်ကြီးတွင် ကော်ဖီကိုသောက်ဖို့နေနေသာသာ အနံ့ကလေးပင် မရှူ မရှိုက်ခဲ့ကြရရှာပေ။

www.burmeseclassic.com

www.burmeseclassic.com


ရှီဝှန်တီဘုရင်၏ မဟာတံတိုင်းကြီးပေါ်ရောက်သောနေ့ကမူ ချမ်းလိုက်သည်မှာ ဆိုဖွယ်ရာမရှိ။ နေမင်းက ကြည်ကြည် လင်လင် တောက်ပနေသော်လည်း တဟူးဟူးတိုက်နေသောလေက စိမ့်စိမ့် အေးနေသည်။

"ရေနွေးကြမ်းဟာ ကျန်းမာရေးအတွက်ရော ချွေတာရေးအတွက်ရော ကော်ဖီထက်သာတာတော့ အမှန်ပဲ။ တစ်တိုင်းလုံး တစ်ပြည်လုံး ကော်ဖီမသောက်ကြတော့ ကော်ဖီတင်သွင်းရမယ့် နိုင်ငံခြားငွေလည်း သက်သာတာပေါ့"

နားရွက်တွေရော ခြေဖျားလက်ဖျားတွေရော ထုံကျင် အေးစက်နေသည့်အတွက် မညိုမသည် အိမ်မှကော်ဖီပူပူကို အလွမ်းကြီး လွမ်းနေမိသည်။ သို့သော်လည်း ယထာဘူတကျကျ စဉ်းစားမိသော ဦးနှောက်ကမူ ရေနွေးကြမ်းကို ထောက်ခံနေလေသည်။ ထို့နောက် ပါကစ္စတန် ဝန်ကြီးချုပ်အလီဘူတို၏လက်ထက်တုန်းက သူတို့လူမျိုးများ လက်ဖက်ရည်အချိုခြောက်များကို နိုင်ငံခြားမှတင်သွင်းရာ ဒေါ်လာ ပေါင်းများစွာ (ကိန်းဂဏန်းကို အတိအကျမမှတ်မိပါ၊ ဒေါ်လာကုဋေ ချီသည်ကိုတော့ သိပါသည်) ကုန်ကြောင်း၊ ထို့ကြောင့် နိုင်ငံခြားငွေကို ချွေတာသောအားဖြင့် လက်ဖက်ရည်ကို လျှော့ပြီး သောက်ကြပါရန်၊ မိန့်ခွန်းထဲတွင် ထည့်သွင်းပြောကြားပြီး ဖျောင်းဖျတိုက်တွန်းဖူးပါသည်။

"တို့မြန်မာတွေလည်း ရှေးပဝေသဏီတုန်းက ရေနွေးကြမ်း သောက်လာကြတာပဲ၊ ကော်ဖီမသောက်ရတော့ ဘာဖြစ်သလဲ"

မညိုမသည် မဟာတံတိုင်းကြီးပေါ်တွင် မြန်မာပြည်ဘက်သို့ ငေးမျှော်ကာရပ်ရင်း သာလွန်မင်းတရားကြီးကို သတိရမိပြန်လေသည်။ ထမင်းရည်ကို မြေကြီးပေါ်သို့ ငှဲ့ပစ်နေသော ဆင်းရဲသူမကို ကြိမ်နှင့် ရိုက်စေခဲ့ပြီး ထိုထမင်းရည်ကို အိုးခွက်တို့နှင့်ခံထားပြီး ကလေးငယ်များ

www.burmeseclassic.com

www.burmeseclassic.com


အား အာသာပြေတိုက်ကျွေးနိုင်ကြောင်း ဆုံးမ လမ်းပြ ခဲ့ သော သူ ဖြစ်သည်။

"အင်း အခုလို ကော်ဖီမစ်ခေတ်ကြီး ထူထောင်နေကြတာကို သာလွန်မင်းတရားကြီးတွေ့ရင် ငါတို့အကုန်လုံးကို တန်းစီ ကြိမ်ဒဏ် ပေးပြီး ထမင်းရည်အတင်းသောက်ခိုင်းလိမ့်မယ်ထင်တယ်"ဟု တွေးရင်း ပြုံးမိသေးသည်။

ထိုအချိန်မှစ၍ မညိုမတွင် ကော်ဖီဝေဒနာစွဲကပ်လာခြင်း ဖြစ်သည်။ ကော်ဖီလေး တစိမ့်စိမ့်သောက်ရင်း 'ကော်ဖီမသောက်တော့ကော ဘာဖြစ်မှာလဲ' ဟု တွေးပြီးရင်း တွေးနေရှာသည်။

ကော်ဖီသည် ကဖင်းဓာတ်ပါသည်။ နှလုံးတုန်၍ ရင်ခုန်စေသည်။ နှလုံးရောဂါနှင့် မတည့်။

တွဲဖက်ပါဝင်သော နို့က ကိုလက်စထရောတက်၍ နှလုံးသွေးကြောပိတ်စေနိုင်သည်။ အဆီအဆိမ့်အအိမ့်ဖြစ်၍ အဆီတက်ပြီး ဝစေသည်။

ထို့နောက် သကြား၊ ထိုသကြားကလည်း ကောင်းသည် မဟုတ်။ ဟိမဝန္တာတောင်ခြေတွင် အလွန်အသက်ရှည်သော လူမျိုး တစ်မျိုးရှိဖူးသည်။ သူတို့သည် သဘာဝအစားအစာများကိုသာ စားသည်။ နောက်ပိုင်းတွင်တော့သူတို့ဆီသို့ ခေတ်လူများ ဝင်ထွက်လာကြသည်။ ထို့ကြောင့်သကြားကိုသူတို့သုံးတတ်လာသည်။ (သကြားသည် ကြံမှချက်လုပ်ထားသည်မို့ သဘာဝ အစာ မဟုတ်တော့ဘဲ ပြုပြင်ထားပြီးဖြစ်သည်။) နောက်ပိုင်းတွင်မူ ရောဂါဘယအလွန်ကင်းစင်သော ထိုလူမျိုးသည် ရောဂါ အမျိုးမျိုး ဖြစ်လာကြောင်းကို ဆောင်းပါး တစ်စောင်တွင် ဖတ်ဖူးသည်။

"ကော်ဖီမသောက်ဘဲ ထမင်းရည်သောက်ကြရင် ဘာဖြစ်မယ် ထင်သလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com


မညိုမက မရဲတရဲနှင့် သွေးတိုးစမ်း၍ပြောကြည့်သည်။ ကြား ရသူ အိမ်သူအိမ်သားအပေါင်း သူတော်ကောင်းတို့လည်း မျက်နှာတွေ ရှုံ့သွားကြသည်။

“တရုတ်ပြည်မှာဆိုရင် ရေနွေးကြမ်းပဲ သောက်တယ်၊ ကော်ဖီ မသောက်ကြဘူး”

“သူတို့တွေ အကောင်းမကြိုက်တတ်ရှာလို့ နေမှာပေါ့” ဟု အားလုံးက တညီတညွတ်တည်း ပြောကြသည်။

အလီဘူတိုကို အားကျပြီး အလွန်အမင်း တရားဟောချင်နေ သောမညိုမခမျာဘာဆက်ပြောရမည်မသိဘဲပါးစပ်ပိတ်သွားရှာလေ သည်။

“မြန်မာပြည်မှာ လူဦးရေလေးဆယ့်ခြောက်သန်းရှိတယ်၊ သန်း လေးဆယ်ကို အသာထားလိုက်၊ လူပေါင်းခြောက်သန်းက တစ်နေ့ကို ကော်ဖီတစ်ခွက်ပဲ သောက်တယ်ထားပါဦး၊ တစ်နေ့ကို ကော်ဖီခွက် ပေါင်း ခြောက်သန်း၊ ကော်ဖီတစ်ခွက်ကို နှစ်ဆယ်ပဲထား သန်းပေါင်း တစ်ရာ့နှစ်ဆယ် ဘုရား ဘုရား၊ တစ်နေ့ကိုကော်ဖီတစ်ခွက် လျှော့ လိုက်ရင် သန်းပေါင်းတစ်ရာ့ နှစ်ဆယ် ပိုလာမယ်၊ တစ်လဆိုရင် ငွေ သန်းပေါင်း သုံးထောင့်ခြောက်ရာ ဟာ ဟာ ဒါတကယ်ပဲလား”

မညိုမသည် အပြန်ပြန်အလှန်လှန် တွက်ကြည့်ရင်း မျက်လုံး ပြူးနေသည်။ တစ်သက်လုံးက အတွက်အချက်မတော်ခဲ့လေတော့ သူ တွက်တာ ဟုတ်မှဟုတ်ရဲ့လားဟု မယုံမရဲ ဖြစ်နေရှာသည်။

“ကော်ဖီသောက်တဲ့သူတွေ ကော်ဖီသောက်မယ်ကြံရင် အဲဒီ စိတ်ကလေးထိန်းပြီး ကော်ဖီဖိုးကို စုဘူးလေးထဲ ထည့်လိုက်ကြရင် ဘယ်လောက်ကောင်းမလဲ။ အကောင်းဆုံးကျောင်းတွေ၊ အကောင်းဆုံး ဆေးရုံတွေ အများကြီးရလာနိုင်တယ်”

www.burmeseclassic.com

www.burmeseclassic.com


မညိုမက အတော်ကြီး ဟောချင်ပြောချင်နေသည်။ သို့သော် သူက အလီဘူတိုလို ဝန်ကြီးချုပ်မဟုတ်တော့ မည်သူကမှ အရေး တစိုက် နားမထောင်ချေ။

မညိုမ လက်မလျှော့၊ သူပြောသမျှစကားကို လက်ခံချင်လျှင် လည်း နားထောင်၊ လက်မခံချင်လျှင်လည်း နားထောင်ရမြဲဖြစ်သော (သူ့ခမျာ ပြေးစရာလည်းမြေမရှိ) ခင်ပွန်းသည် အရင်းခေါက်ခေါက် ကြီး ကိုညိုမောင်ကိုစည်းရုံးသည်။ သို့သော် ဒီတစ်ခါတော့ ကိုညိုမောင် က သူ့စကားကိုပင် ဆုံးအောင်နားမထောင်ပေ။ ငေါက်ဆတ်ဆတ်နှင့် ပြန်ဟောက်သည်။

"အရက်မသောက်၊ ဆေးလိပ်မသောက်၊ ကွမ်းလည်းမစား၊ ဆေးမဝါးပါဘူးကွာ၊ ဒီကော်ဖီလေးလောက်တော့ အေးအေး ဆေးဆေး သောက်ပါရစေ" တဲ့လေ။

"အင်း ဒါတော့လည်း ဟုတ်ရှာသားပဲ"

မညိုမက သက်ပြင်းလေးရှိုက်ကာ အသာဆုတ်ခွာခဲ့ရသည်။ အရက်တို့ ဆေးလိပ်တို့သောက်နေတာနှင့်စာလျှင် သူ့ဟာ သူ ကော်ဖီစွဲ နေတာကမှ ဟုတ်တုတ်တုတ် ရှိသေးသည်ဟု တွေးသည်။

အပြင်ခန်းရောက်လာတော့ ကော်ဖီမစ်ထုပ်ကလေး ဖောက်နေ သော အစ်မကြီးကို တွေ့ရသည်။ ရေနွေးဓာတ်ဘူးကို လှမ်းဆွဲပြီး ကြွေ မတ်ခွက်ထဲ လောင်းထည့်တော့ မညိုမက မယောင်မလည် ချဉ်းကပ် သွားသည်။

"မမက ခဏခဏ မူးလိုက် မောလိုက်နဲ့၊ နှလုံးဓာတ်ခံက သိပ် မကောင်းဘူးနော်"

"အင်းလေ အဲဒါ ဘာဖြစ်လဲ"

"ဩော် ကော်ဖီက ကဖင်းဓာတ်ပါတယ်လေ၊ နှလုံးရောဂါနဲ့ မတည့်ဘူးတဲ့"

www.burmeseclassic.com

www.burmeseclassic.com


မညိုမက မရဲတရဲပြောသည်။ အစ်မကြီးက တက္ကသိုလ်မှာ ဆရာမကြီးဖြစ်သည်။ သူ့ကို ဆရာလုပ်၍မရ။

"ဒီမိယူစရာဆိုလို့ ဒါလေးပဲ ရှိတာဟော့ ၊ တည့်တည့် မတည့် တည့် ငါကတော့ သောက်မှာပဲ"

အစ်မကြီးက ခပ်ဆတ်ဆတ်ပြောသည်။ ဇီးဘရားဇွန်းလေးကို ကောက်ကိုင်ကာ ဂလောက် ဂလောက်နှင့် ခပ်ပြင်းပြင်း ခေါက်သည်။ မညိုမလည်း ဇက်ပုသွားသည်။ တစ်ခွန်းမျှ ထပ်ပြီး မဟာရဲတော့ပေ။

"မိုးရယ် ကော်ဖီတွေ အဲဒီလောက်သောက်နေတာ ရင်မတုန် ဘူးလားဟယ်"

နောက်ဆုံးတော့ ကိုယ့်ထက်ငယ်သော ညီမလေးကို စည်းရုံး ကြည့်သည်။ သို့သော် သူက ဆရာဝန်ဆိုတော့ ကိုယ့်ထက် တတ်သည်။

"ဆေးရုံမှာ သေကောင်ပေါင်းလဲ လူနာတွေကို အမြဲခွဲစိတ်နေ ရတာ ကော်ဖီသောက်သောက် မသောက်သောက် ရင်ကတော့ တုန် သလား မမေးနဲ့၊ အမြဲတုန်နေရတာ"

မညိုမ နောက်ထပ်စကားမစနိုင်မီ သူ၏ညီမငယ်က ကော်ဖီ ခွက် ကလေး ကောက်ယူပြီး ခပ်သွက်သွက်ရှောင်ထွက်သွားလေသည်။

ထိုစဉ်တွင် အိပ်ရာထဲရောက်နေပြီဖြစ်သော မိခင်ကြီး၏ အသံ ကို ကြားရသည်။

"သမီးတို့ အိပ်ခါနီးကျရင် မေမေ့အိပ်ရာဘေးမှာ ကော်ဖီ တစ်ခွက်ထားပေးဖို့ မမေ့ကြနဲ့ဦးနော်" တဲ့။

ဘယ်သူ့ကိုမှ စည်းရုံး၍မရတော့ မညိုမသည် ဗလာစာအုပ်နှင့်ဘောပင် ကို ကောက်ကိုင်သည်။ ဆောင်းပါးသော် လည်းကောင်း၊ ဝတ္ထုသော်

www.burmeseclassic.com

www.burmeseclassic.com


လည်းကောင်း တစ်ခုခုကို ဖြစ်အောင်ရေးရမည်။ သူ၏စာကို ဖတ်မိလျှင် တစ်ယောက်ယောက်က ကော်ဖီအသောက်လျှော့လိုက်လျှင် ရေးရကျိုး နပ်သည်ဟု စဉ်းစားသည်။

မလျှော့ဘူးဟု မပြောနိုင်။ သူပြောသည်ကို နားဝင်သောသူ ရှိချင်လျှင်လည်း ရှိနိုင်သည်။ ဟုတ်သည်။

မညိုမသည် စာတစ်ရွက်ရေးလိုက်၊ ဆုတ်ပစ်လိုက်၊ နှစ်ရွက် ရေးလိုက်ဖြဲပစ်လိုက်နှင့် သူ့စာကိုသူစိတ်တိုင်းမကျ။ စေတနာ ကတော့ ရှေ့ကနေပြီးကျောနေသည်။ 'မြန်မာတွေ ကော်ဖီအသောက်လျှော့ကြပါ၊ လက်ဖက်ရည်အသောက် လျှော့ကြပါ၊ လက်ဖက်ရည်ဆိုင်တွင် ထိုင်နေ သောအချိန်များအစား၊ စာကြည့်တိုက်ကိုသွားကြပါ၊ အားကစား လုပ် ကြပါ'

"ခက်လိုက်တာ စာဆိုတာ အဲဒီလိုတဲ့တိုးကြီးရေးရင် ဘယ် ကောင်းမှာလဲ"

မညိုမ ရေးပြီးသမျှစာရွက်ကလေးတွေကို ပေပြစ်ချောမွေ့စွာ မပြောတတ် မရေးတတ်သော ကိုယ့်ကိုယ်ကို မကျေမနပ် ဖြစ်လာသည်။

"ငါ့နှယ် ချာလိုက်တာ"

မညိုမသက်ပြင်းချသည်။ အစကနေ ပြန်ရေးပြန်သည်။ ကျွန် မတို့ မြန်မာပြည်ကြီး တိုးတက်ရန်အတွက် ပထမဆုံး ခြေလှမ်း တစ်လှမ်းမှာ လက်ဖက်ရည်ဆိုင်မှလူငယ်များကို စာကြည့်တိုက်သို့ ပို့ ဆောင်ပေးရန်ဖြစ်သည်။

"မေမေ ကော်ဖီ"

သမီးက မညိုမ၏ရှေ့သို့ အငွေ့တထောင်းထောင်း ထွက်နေ သော ကော်ဖီခွက်ကလေး လာချသည်။

"ဘယ်သူက တောင်းလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com


"ဟင် အရင်တုန်းကတော့ မေမေပဲ စာရေးနေရင် ကော်ဖီသောက်ချင်တယ်ဆို"

မျက်နှာကလေးငယ်သွားသည့် သမီးကို လှမ်းကြည့်မိတော့ မညိုမ စိတ်မကောင်းဖြစ်သွားသည်။ သူ့အမေ ဘာစာတွေ ရေးနေမှန်း သူ့ခမျာ သိမှ မသိရှာပဲ။

"ကော်ဖီသောက်မယ့်အစား ရေနွေးကြမ်းလေး တစ်ခွက်လောက်သောက်လိုက်ရင်လည်း ပြီးတာပဲ သမီးရဲ့၊ ငွေကုန်လည်း သက်သာ၊ အန္တရာယ်လည်း ကင်း"

မည်သူကိုမျှ ဟောချပြော၍ ဟန်မကျသေးသော တရားကို မညိုမက သမီးငယ်အား လေပျော့လေးနှင့် စတင်ပြီး ပို့ချရန် ကြိုးစားသည်။

"ဟိုးအရင်တုန်းကလည်း ဒီကော်ဖီဆိုတာကြီးကို သောက်ခဲ့ကြတာမှ မဟုတ်တာ ဒါကိုသာ မသောက်ဘဲနေနိုင်ကြရင် နိုင်ငံခြားငွေတွေ အများကြီးသက်သာသွားမှာ"

"သမီးစဉ်းစားကြည့်၊ မြန်မာပြည်မှာရှိတဲ့ လူဦးရေက လေးဆယ့်ခြောက်သန်း၊ လူရှစ်ယောက်မှာ တစ်ယောက်ပဲ ကော်ဖီ သောက်တယ် ထားနော် အဲဒီတစ်ယောက်ကလည်း တစ်နေ့ကို တစ်ခွက်ပဲ သောက်တယ် ဆိုရင်တောင် ကော်ဖီခွက်ပေါင်း"

"ဟာ အိမ်ရှေ့မှာ လူတွေလူတွေ"

ကိုညိုမောင်က အလန့်တကြားအော်သည်။ တရားဟောကောင်းနေသော မညိုမခမျာလည်း အလန့်လန့် အဖျပ်ဖျပ် ဖြစ်သွားသည်။

"ကော်ဖီမစ်ကုမ္ပဏီက လူတွေ ခင်ဗျားကို ရိုက်ကြမလို့တဲ့ တန်းစီနေကြတာ"

www.burmeseclassic.com

www.burmeseclassic.com


ကိုညိုမောင်တို့ သားအဖက တဝါးဝါးရယ်နေကြသည်။ ပျက်ယွင်းသွားသော ရာဇဏ္ဍေန်ကို မနည်းပြန်လည်ထိန်းသိမ်းလိုက်ရသော မညိုမကမူ အတော်ကြီးအောင့်သက်သက် ဖြစ်သွားသည်။

သူတို့သားအဖတစ်တွေကို လျစ်လျူရှုပြီး စိတ်အာရုံကို စာရွက်ထဲ ပြန်ပြီးပို့ရန် ကြိုးစားသည်။

"အကောင်းပြောတာပါ မိန်းမရဲ့၊ အဲဒီဝတ္ထုဆက်မရေးနဲ့တော့၊ မဏိကွမ်းစားသွားလိမ့်မယ်"

ကိုညိုမောင်က ရယ်သံနှင့်ထပ်ပြောနေသည်။ ကိုယ့်စာကို ကိုယ်စိတ်တိုင်းမကျရသည့်အထဲ ဘေးမှနေပြီး ရယ်ပွဲဖွဲ့နေတော့ မညိုမ အတော်ကြီးစိတ်တိုလာသည်။ စိတ်တိုလာတော့လည်း ရင်ထဲတွင် ဟာတာတာနှင့် ကော်ဖီဆာ အဲ ရေဆာသလို ဖြစ်လာသည်။

"မိတ်ဆွေ၊ အချို အဆိမ့်နှင့် အခါး အရသာသုံးမျိုးကို ရေနွေးနှင့်သမအောင် ရောစပ်ထားသောအရည်ကို သင်သိပါသလား၊ ထိုအရည်သည် သင်၏ထမင်းစားပွဲပေါ်တွင်ရှိသော ကော်ဖီပင်ဖြစ်သည်၊ ထိုကော်ဖီကို သင်စွဲနေပါပြီလား"

မညိုမက ရေးဟန်တစ်မျိုးပြောင်းပြီး ရေးပြန်သည်။ ကော်ဖီအကြောင်းရေးခါမှ ကော်ဖီနံ့က မွှေးလှသည်။ စားပွဲပေါ်မှ ကော်ဖီခွက်ကလေးကို မသိမသာလှမ်းကြည့်လိုက်တော့ အငွေ့ကလေး ထွက်နေဆဲပင်။

'ထိုကော်ဖီကို သင်နေ့စဉ်သောက်သုံးနေကျ ဖြစ်ကောင်း ဖြစ်မည်။ အကယ်၍ မသောက်ရလျှင် သင်ဘာဖြစ်မည်နည်း။ မျက်စိကို စုံမှိတ်ပြီး ခေတ္တမျှ စဉ်းစားလိုက်စေချင်ပါသည်။ သင့်အတွက် သိသာထင်ရှားလောက်သော နစ်နာမှုမရှိကြောင်းကို တွေ့လာရမည်ဖြစ်သည်။'

စာရေးရသည်မှာ အတန်ငယ်အရှိန်တက်လာသည်။ ဝတ္ထုပုံစံ

www.burmeseclassic.com

www.burmeseclassic.com


နှင့် မရေးဘဲ ဆောင်းပါးပုံစံနှင့် ရေးတော့ ရေးလို့ သွက်လာသည်။

ဪ အခုမှပဲ ဒီကော်ဖီနံ့က မွှေးပဲမွှေးနိုင်လွန်းနေသည်။ ခံတွင်းပါချဉ်လာ၍ တံတွေးကို မသိမသာမျိုချရင်း သက်ပြင်း ငွေ့ငွေ့ချမိရှာသည်။ ကော်ဖီဆာနေသောအချိန်တွင် ကော်ဖီနံ့ကိုသာ ရှူနေရခြင်းကတော့ မသိသာ မထင်ရှားလှသော နစ်နာမှုပဲ ဖြစ်မည်ဟုထင်သည်။

'သင်၏စားပွဲပေါ်တွင် စုဘူးကလေးတစ်ခုထားပြီး သင် ကော်ဖီ သောက်ချင်တိုင်း ထိုစုဘူးထဲသို့ ကော်ဖီတစ်ခွက်ဖိုး ထည့်ကြည့်စေချင်ပါသည်၊ လကုန်လျှင် ငွေမည်မျှစုမိနေမည်ဟု သင် ထင်ပါသနည်း'

မညိုမသည် ကော်ဖီဆန့်ကျင်ရေးစာကို ဆက်ရေးရင်း 'ကော်ဖီဆိုတာ အခုလို အငွေ့ကလေးတွေ ထွက်နေတုန်း မပူမအေး ခပ်နွေးနွေးကလေးကို တစ်ငုံချင်းသောက်ရရင် သိပ်ကောင်းတာ' ဟု တွေးလိုက် မိသည်။ စားပွဲပေါ်မှ ကော်ဖီခွက်ကလေးကို သံယောဇဉ်အမျှင်တန်းနှင့် လှမ်း၍ ကြည့်လိုက်မိပြန်သည်။ ဟောတော့ ကော်ဖီခွက်ကလေး သူ့နေရာတွင်သူ မရှိတော့ပါ ကလား။

"မေမေ မသောက်ဘူးဆိုရင် ပြန်ယူသွားတော့မယ်နော်"

သမီးက သူ့လက်ထဲမှ ကော်ဖီခွက်ကလေးကို မြှောက်ပြသည်။

မညိုမ ရုတ်တရက်စိတ်တိုသွားသည်။ 'ဖျော်ပြီးလို့ စားပွဲပေါ် တောင်ရောက်နေပြီပဲ ခွေးစုတ်မလေးရဲ့'ဟု စိတ်ထဲမှနေပြီး တအားအော်လိုက်သည်။

"ဟုတ်တယ်နော မေမေပြောသလို ရေနွေးကြမ်းလေး သောက် လိုက်ရင်လည်း အာသာပြေသွားမှာပဲ"

စိတ်ထဲမှ အသံကို မကြားသော သမီးက သူ့မိခင်၏ အတွေးအခေါ်ကို ထပ်ဆင့်ထောက်ခံနေသည်။ 'ဪ ငါ့သမီးရဲ့ အလိုက်

www.burmeseclassic.com

www.burmeseclassic.com


ကန်းဆိုးကလည်း မသိလိုက်တာဟဲ့' ဟု စိတ်ထဲမှတွေးရင်း မညိုမသည် သူ၏လက်ထဲမှ ဘောပင်ကလေးကို ခပ်ဆောင့်ဆောင့် ပစ်ချလိုက် သည်။

"ဟင် မေ မေ စာမရေးတော့ဘူးလား"

ပါးရည်နပ်ရည်မရှိသော သမီးက တအံ့တသြ မေးနေသေး သည်။

"ကော်ဖီသောက်ပြီးမှ ဆက်ရေးရင်လည်း ရတာပါပဲဟဲ့"

မညိုမက ခပ်ဆတ်ဆတ်ဖြေသည်။ တစ်ဖက်လှည့်ပြီး စကား ပြောနေကြသော ကိုညိုမောင်တို့သားအဖကို မသိမသာ ခိုးကြည့်လိုက် သည်။ ထို့နောက် မျက်နှာကို တမင်တင်းထားလိုက်ပြီး သမီးလက်ထဲမှ ကော်ဖီခွက်ကို သွက်သွက်လေး ဆွဲယူလိုက်လေသည်။

(နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၊ ၂၀၀၀ မတ်)

www.burmeseclassic.com

www.burmeseclassic.com

ကြောက်လို့ရယ်ဟုတ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com

# ကြောက်လို့ရယ် ဟုတ်ပါဘူး

အပေါ်ထပ်ဘုရားစင်ရှေ့က သစ်သားပက်လက်ကုလားထိုင်လေးတွင် အဘွားအမြဲထိုင်တတ်သည်။ နေ့ရော ညပါ ထိုင်ရလွန်းသဖြင့် စစ်စိမ်းရောင် ကုလားထိုင်ဖျင်လေးမှာ အရောင်တွေပင် လွင့်ပြယ်နေပြီ ဖြစ်သည်။

အဘွား၏အသက်က ရှစ်ဆယ်ကျော်နေပြီမို့ အပေါ်တက် အောက်ဆင်း သိပ်မလုပ်ဖြစ်တော့ပေ။ အပေါ်ထပ်တွင်ပင် ရေချိုးခန်းရော အိမ်သာရောရှိတော့ အောက်ထပ်ဆင်းရန်လည်း သိပ်မလိုလှပေ။

အပေါ်ထပ်တွင်လည်း အဘွားအတွက် သွားစရာနေရာက သိပ်များများရှိသည်တော့မဟုတ်။ အခန်းထဲတွင် သူအိပ်သော ခုတင်နှင့် ခုတင်ဘေးက ကြိမ်ကုလားထိုင်၊ ဘုရားစင်အောက်က ပက်လက်ကုလားထိုင်၊ ထို့နောက် ရေချိုးရန် ရေချိုးခန်းနှင့် တပိုတပါးသွားရန် အိမ်သာ၊ ထိုနေရာလေးခုကို အလှည့်ကျသွားရင်း တစ်နေ့တာ၏ ရှည်လျားလှသော အချိန်များကို တရွေ့ရွေ့ ကုန်လွန်စေရသည်။

အဘွားနှင့်အတူနေသူက သမီးအကြီးဆုံးဖြစ်သူ ဒေါ်ခင်ခင်ကြီး ဖြစ်လေသည်။ သူ့အသက်ကလည်း မသေး။ ငါးဆယ်နှင့် ငါးနှစ်ရှိနေပြီဆိုတော့ ဆံပင်တွေ ကြောင်ကြောင်ကျားကျားဖြူကာ မျက်စိလည်း မှုန်နေပြီဖြစ်လေသည်။ ဒါတွင်မကသေး။ ကိုယ်အလေးချိန်ကလည်း ပေါင်တစ်ရာ့ငါးဆယ်ကျော်လေသည်။ ဒီတော့လည်း ဒီခန္ဓာကိုယ် ဝဝကြီးကို ထောက်ပြီး ထူမထား ရသော ဒူးတွေက နာလှသည်။

www.burmeseclassic.com

www.burmeseclassic.com


အဘွားကတော့ ပိန်ပိန်ပါးပါးလေးဖြစ်သည်။ အသက် ကြီး သည်မှအပ ဘာရောဂါမှ ကြီးကြီးကျယ်ကျယ်မရှိချေ။ သွေးလည်း မတိုး၊ သွေးလည်းမချိုပေ။ မျက်စိမှုန်သော်လည်း နားမလေး။ သတိ ကလည်းကောင်းဆဲပင်။ ထို့ကြောင့်လည်း ဒေါ်ခင်ခင်ကြီးက 'အမေက အသက်ကြီးပေမယ့် ကျန်းမာတယ်၊ ငါသာ အမေ့အသက်လောက်အထိ နေရရင် ရောဂါတွေကို စုံနဖာစီနေမှာ' ဟု မကြာခဏ တွေးမိတတ် သည်။ ယခု အသက်အရွယ်တွင်ပင် သူ့ခမျာ ဆီးချိုရော၊ သွေးတိုးရော ရှိနေပြီ ဖြစ်လေသည်။

"အဘွားကြီးကို အဘွားလေးက ပြုစုနေတာဟဲ့"

ကျန်သော မောင်နှမများရှေ့တွင် ဒေါ်ခင်ခင်ကြီးက ထိုသို့ပင် အသားယူကာပြောတတ်သည်။ သူ့ကိုယ်သူလည်း ထိုသို့ပင်ထင်သည်။ အရင်ကတော့ ဟုတ်ပါသည်။ အဘွားကို ကိုယ်ဖိရင်ဖိ ပြုစုနိုင်ခဲ့သည်။ သို့သော် ယခုနောက်ပိုင်းတွင်တော့ သူ့သမီးမွေးထားသော အမြွှာ ညီ နောင်ကို မျက်ခြည်မပြတ် ထိန်းကျောင်းနေရ၍ အဘွားနားသို့ပင် သိပ် ပြီး ကပ်ဖြစ်လှတော့သည် မဟုတ်ချေ။

ဂဂျီနှင့်ဂဂျောင်ဟုအမည်တွင်သော အမြွှာညီနောင်မှာအသက် သုံးနှစ်ကျော်ခါစပင်ရှိသေးလေသည်။ စကားတတ်ခါစမို့ အမေး အမြန်း ထူလှသလို မျောက်ရှုံးအောင်လည်း ဆော့တတ်သည်။အပေါ် ထပ်ကို အဘွား၏ပိုင်နက်အဖြစ် သတ်မှတ်ထား၍ သူတို့၏ဘေးရန်မှ လွတ်သော်လည်း အောက်ထပ်တစ်ထပ်လုံးကိုကား ပြောင်းဆန်ပြီး ပွစာကြဲနေအောင် အစွမ်းပြလေ့ရှိကြသည်။ဒေါ်ခင်ခင်ကြီးခမျာ 'ဟဲ့ ဟို အကောင် ဂဂျီ ကြိမ်ကုလားထိုင်ပေါ် တက်မခုန်ပါနဲ့ဆို၊ ပြောမရဘူး လား၊ အကုန်လုံး အပေါက်တွေ ဖြစ်ကုန်တော့မယ်' 'ဂဂျောင်နော် သံ ပန်းပေါ် ခိုတက်နေပြန်ပြီလား၊ ဆင်းဆိုဆင်းစမ်း၊ အခုဆင်းစမ်း' ဟု

www.burmeseclassic.com

www.burmeseclassic.com


သုံးမိနစ် တစ်ခါလောက် အာပြဲအောင် အော်ဟစ်နေရတော့ အဘွား၏ အနားသို့ သိပ်မရောက်ဖြစ်သည်မှာ မဆန်းလှပေ။ နေ့ခင်းတိုင်ကျ တော့လည်း သူ့မြေးတွေကို အတင်းအိပ်ခိုင်းပြီး ကလေးတွေအိပ်လျှင် သူပါရောပြီး အိပ်သွားတတ်သည်။ ညနေစောင်း၍ ကလေးတွေအမေ ပြန်ရောက်ခါမှ သူက အဘွားနားသို့ ခဏတဖြုတ် လာထိုင်နိုင်သည်။ အရေခွံလေးတွေ ပျော့ကာ ရှုံ့နေသော အဘွား၏ ခြေသလုံးလေးတွေကို တစ်ချက် နှစ်ချက်လောက် ဝင်နှိပ်ရင်း နာရီဝက်ခန့် ရောက်တတ်ရာရာ ပြောလေ့ရှိသည်။

'အမေ မနက်က ထမင်းစားလို့ ဝင်ရဲ့လား'၊ 'မနက်ဖြန်ခါ မနက် မုန့်ဟင်းခါးစားမလားဟင်'၊ 'နေ့ခင်းတုန်းက ခင်လေးဆီကစာ လာတယ်အမေ၊ မကွေးမှာ မြသလွန်ဘုရားပွဲအရမ်းစည်တယ်တဲ့၊ဘုရား ပွဲမှာ အညာစောင်တွေတွေ့လို့ အမေ့ဖို့ တစ်ထည် ဝယ်ထားတယ်တဲ့'ဟု ပြောလို့မှ မဆုံးသေး။ သူ့ယောကျ်ား ဦးလှဆောင် ထမင်းစားတော့မည် ဆိုတော့ အဘွားကို ထားခဲ့ပြီး ယောကျ်ားနားပြေးရပြန်သည်။

အဘွားအနားတွင်နေရန် ကလေးမလေးတစ်ဦးကိုတော့ အမြဲ လွှတ်ထားသည်။ သို့သော် သူစိမ်းဆိုတော့ သူစိမ်းလိုပင်။ အဘွား အတွက် ကွေကာအုတ် ဖျော်ပေးလျှင် ခွက်ထဲတွင် သူသောက်ရန် တစ်ဝက်လောက် ချန်ထားတတ်သည်။ သနပ်ခါးသွေးလျှင်လည်း စက် သွေးတွေရောကာ ထည့်ထားတတ်လေသည်။ ပက်လက် ကုလားထိုင် ပေါ်တွင်ထိုင်ရင်း အဘွား တရားမှတ်နေပြီ ဆိုလျှင်တော့ သူက ဘေး တွင်လှဲအိပ်ကာ အလျင်အိပ်ပျော်သွားတတ်သည်။ အဘွားတစ်ခုခု လို ချင်၍ နှိုးလျှင်လည်း တော်တော်နှင့် မနိုးတတ်။ ဖွတ်ပေပြီး ဆက်အိပ် နေတတ်သည်။ အဘွားခမျာ ဘယ်သို့ဘယ်ညာလည်း ပြောမနေချင် တော့သဖြင့် ရတတ်သမျှသော ဝတ်ကျေတမ်းကျေ အပြုအစုလေးများ

www.burmeseclassic.com

www.burmeseclassic.com


ကို ခံယူကာ နှုတ်ကိုသာ ပိတ်ထားလိုက်သည်။ ရှည်လျားလှသော နေ့ ရက်များ အတွက်တော့ အတွေးကိုသာ အဖော်ပြုရလေသည်။

အဘွားမှာလည်း လွန်ခဲ့သော ရှစ်နှစ်ကျော်ကျော်ကကွယ်လွန် သွားခဲ့သော အဘိုးနှင့် သူ၏သားသမီးတွေအကြောင်းမှ လွဲ၍ တွေးစရာ အကြောင်းအရာများများစားစား မရှိလှပေ။ သမီးအကြီးဆုံး ခင်ခင်ကြီး အပြင် မောင်မောင်ကြီး၊ မောင်မောင်လတ်၊ မောင်မောင်လေး၊ ခင်ခင် လတ်၊ ခင်ခင်လေး၊ ခင်ခင်ထွေးဟူသော သားတွေသမီးတွေရှိသေးတော့ တစ်ယောက်အကြောင်းမှ နောက်တစ်ယောက်အကြောင်း ကူးပြောင်း တွေးရင်း အတွေးမျှင်တွေ ယှက်နေတတ်သည်။

အငယ်ဆုံးသော သမီးဖြစ်သော ခင်ခင်ထွေးပင် လေးဆယ် ကျော်နေပြီဆိုတော့ အဘွား၏သားသမီးများမှာ ခေတ်စကားနှင့်ပြောရ လျှင် အန်ကယ်ကြီး၊ အန်တီကြီးတွေ ဘူဒါးကြီးတွေ ဖြစ်နေကြပြီ ဖြစ် သည်။

"အကြီးကောင် မောင်မောင်ကြီးက မအေကို သိပ်ချစ်တာ၊ အငယ်တွေ တစ်ယောက်ပြီးတစ်ယောက်မွေးလာတော့ သူ့ခမျာ အမေ့ နား မကပ်နိုင်ရှာတော့ဘူး၊ ဒီတော့ အမေ့အင်္ကျီအဟောင်းလေးကိုဖက်ပြီး အိပ်တတ်တာ၊ အင်္ကျီမှာစွဲနေတဲ့ တောင်တံကြီးနံ့နဲ့ချွေးနံ့ကို သူက အမေ့ ရဲ့အနံ့တဲ့"

အဘွားက စိပ်ပုတီးလေး တချောက်ချောက်စိပ်ရင်း တွေး သည်။

"ကျောင်းပျင်းတာက အလတ်မ မိခင်လတ်၊ ကျောင်းနောက် ဘက် အိမ်သာနားက ခွေးတိုးပေါက်ကနေ တိုးထွက်ပြီး အိမ်ကို ပြန်ပြန် ပြေးလာတတ်တာ၊ သူ့အဖေက စိတ်တိုတိုနဲ့ အတော်နာအောင် ရိုက် လိုက်မှ အဲဒီအကျင့် ပျောက်တော့တယ်"

www.burmeseclassic.com

www.burmeseclassic.com


"ငါ နို့နာပေါက်လို့ နို့ကောင်းကောင်းမတိုက်နိုင်တာက အငယ်ကောင်မောင်မောင်လေး၊ သူ့ကျတော့မှ နို့ဘူးတိုက်ရ တော့တာ၊ မတ်တတ်ပြေးတော့ နို့ဘူးကြီး တန်းလန်းကိုက်လို့"

"အင်း ဒီနှစ် သီတင်းကျွတ်မှာ သားတွေ သမီးတွေ အိမ်မှာ လာစုကြရင် ဘယ်လောက်ကောင်းမလဲ၊ ငါမသေခင် သားသမီး အစုံနဲ့ စုစုရုံးရုံး ဓာတ်ပုံရိုက်ချင်လိုက်တာ"

ပဌာန်းရွတ်ရင်းလည်းတွေး၊ ရေချိုးရင်းလည်းတွေး၊ အစာစားရင်းလည်း တွေးနှင့် အဘွား၏အဖော်က အတွေးများသာ ဖြစ်နေသည်။ အဘွားကသာ သားသမီးတွေအကြောင်း တတွေးတည်းတွေးနေရသော်လည်း အလုပ်တာဝန် ဖိစီးနေသော သားသမီးတွေကမူ အဘွား၏အကြောင်းကိုတွေးရန် အချိန်သိပ်မရကြတော့ပေ။ ငယ်စဉ်က အဘွား၏အင်္ကျီဟောင်းလေးကို ဖက်အိပ်တတ်သော မောင်မောင်ကြီးပင် ရန်ကုန်တစ်မြို့တည်းတွင် ရှိနေပါလျက် အဘွားဆီသို့ မှန်မှန်မရောက်ဖြစ်သည်မှာ ကြာချေပြီ။ မော်ဘီဘက်တွင် ခြံဝယ်ကာ သီဟိုဠ်သရက်တွေ စိုက်နေ တော့ အချိန်အားလေးရလျှင် မော်ဘီခြံဘက် ပြေးလေ့ရှိတော့ အဘွားဆီ ခြေဦးမလှည့်နိုင်ချေ။

ခင်ခင်ကြီးနှင့် မောင်မောင်ကြီးက ရန်ကုန်တွင် ရှိကြသော်လည်း ကျန်ငါးဦးကတော့ မန္တလေး၊ မကွေး၊ ပုသိမ်၊ ပျဉ်းမနားနှင့် မော်လမြိုင်တို့တွင် ရောက်နေကြသည်မို့ မြန်မာပြည်အနှံ့ ပြန့်လို့နေသည်။

တစ်ခါတလေကျတော့လည်း အဘွားသည် သူငယ်ငယ်တုန်းက ဩဇာစေ့များနှင့် ဇယ်တောက်၍ ကစားခဲ့ဖူးသည်ကို သတိရသည်။ လက်ခုပ်ထဲတွင် စု၍ဆုပ်ထားသော ဩဇာစေ့ကလေးများကို ကြမ်းပေါ်သို့ ကြဲချလိုက်သလို သူ့သား၊ သူ့သမီးများသည် နေရာအနှံ့ ကွဲပြန့်၍ သွားလေသည်။ တစ်ယောက်လျှင် တစ်နေရာ၊ တစ်ယောက်လျှင်

www.burmeseclassic.com

www.burmeseclassic.com


တစ်ဘဝစီနှင့်။ သူတို့၏ ကိုယ်ပိုင် ဘဝထဲတွင်သူတို့နှင့်သက်ဆိုင်သော အလုပ်တာဝန် မိသားစုတာဝန်တို့သာမက လူမှုရေးပြဿနာစီးပွားရေး ပြဿနာများပါ အဖိစီးခံနေကြရလေသည်။ အဘွားဆီသို့ ကြုံလျှင်ကြုံသလို ဝင်လာကြ၊ စာရေးကြ၊ တယ်လီဖုန်းဆက်ကြ၊ စားစရာတွေပို့ကြသော်လည်း သူတို့၏မိခင်အိုကြီးအတွက် သူတို့၏ကိုယ်ပိုင်အချိန်များကို များများစားစားတော့ ဖဲ့ပြီး မပေးနိုင်ကြတော့ပေ။

ဒီလို ဒီလိုနှင့်ပင် ဒီနေ့ဘယ်သူများ ပေါ်လာမလဲ၊ ဘယ်သူများ တယ်လီဖုန်းဆက်မလဲ၊ ဘယ်သူ့ဆီကများ စာလာမလဲ၊ ဘယ်သူ့ဆီကများ လူကြုံရောက်မလဲစသည်ဖြင့် မျှော်ရင်းငေးရင်း အချိန်တွေ ကုန်လာခဲ့သည်။ နေတစ်ခါထွက်လာလိုက်၊ နောက်ပြီး ပြန်ဝင်သွားလိုက်၊ နောက်တစ်ခါ နေထွက်လာလိုက်၊ ပြန်ဝင်သွားလိုက်နှင့် အဘွား၏ နေမင်းများသည် ဘာထူးခြားမှုကိုမှ မပေးခဲ့သည်မှာ ကြာမြင့်လှချေပြီ။

အခုတလောတော့ နည်းနည်းထူးခြားသည်။ အကောင်း ထူးခြားသည်တော့ မဟုတ်ပေ။ နေမကောင်းမဖြစ်ဖူးသော အဘွားခများ ပျို့ချင်ချင် အန်ချင်ချင် ဖြစ်နေခြင်းဖြစ်သည်။ ဗိုက်ထဲတွင် တင်းတင်းကြီးဖြစ်ကာ ထမင်းလေးတစ်လုတ်နှစ်လုတ်လောက် စားပြီးလျှင်ပင် ပြည့်ကယ်ကယ်ကြီး ဖြစ်သွားတတ်သည်။ အစာလည်း ကောင်းကောင်း မကြေဘဲ ချဉ်နံ့တွေ တက်နေတတ် သည်။ ဒီနေ့မနက်တော့ ဗိုက်ကြီးက တင်းနေရုံမျှမကတော့ နာချင်ချင်၊ အောင့်ချင်ချင်နှင့် အနေရ အထိုင်ရ ခက်လာသည်။ မတတ်သာတော့ ခင်ခင်ကြီးကို ခေါ်ရသည်။

"နေမကောင်းရင် စောစောက ပြောရောပေါ့ အမေရယ်၊ ဟုတ်ပါရဲ့ ကျွန်မကလည်း အမေ့နားမကပ်နိုင်"

"အစာမကြေတာ ကြာပြီ သမီးရယ်၊ လျက်ဆားလေး လျက်လိုက်ရင် သက်သာသွားမလားထင်နေလို့ မပြောတာ"

www.burmeseclassic.com

www.burmeseclassic.com


"အခုရောဟင်"

"အခုတော့ ဗိုက်ကြီးတင်းပြီး နာတာတာဖြစ်လာတာနဲ့"

ဒေါ်ခင်ခင်ကြီးက ချက်ချင်းပင် ဆရာဝန်ပြေးခေါ်သည်။ ရပ်ဆွေရပ်မျိုးဖြစ်နေတော့ ဆရာဝန်လေးက ချက်ချင်းလိုက်လာသည်။ အဘွားကို အသေအချာစမ်းပြီးတော့ 'အဘွားက အူအတက်ရောင်နေတာပဲ' ဟု ပြောသည်။

"အဘွားကို ဆေးရုံတင်ဖို့လုပ်ပါ၊ အူအတက်ရောင်တာကကြာရင် ပေါက်ထွက်တတ်တယ်"

"မပေါက်အောင် ဘယ်လိုလုပ်မလဲ လူလေးရယ်"

"ဗိုက်ခွဲပြီး ဖြတ်ပစ်ရမှာ အဘွားရဲ့"

"ဘုရား ဘုရား"

ကလေးခုနစ်ယောက်မွေးဖူးသော်လည်း တစ်ခါမှ ဗိုက်အခွဲမခံဖူးသော အဘွားက ကြောက်ဒူးတုန်သွားသည်။ ဘုရား ဘုရား၊ သူ့ဗိုက်ကြီးကို ဆွဲဖွင့်ပြီး အထဲက အူအတက်ဆိုတာကို ဖြတ်ထုတ်ပစ်မည်တဲ့။

"အဘွားကို အရည်ကလွဲပြီး ဘာမှမပေးနဲ့တော့၊ အရည်တောင် တတ်နိုင်ရင် သိပ်မသောက်နဲ့တော့နော် အဘွား"

ဆရာဝန်လေးပြန်သွားတော့ အဘွားခမျာ ခုတင်ပေါ်တွင် ငြိမ်ငြိမ်လေးအိပ်ခါ ကျန်ရစ်သည်။ သူ့ဗိုက်ကိုသူ လက်ဝါးလေးနှင့်အုပ်ကာ သမ္ဗုဒ္ဓေ ရွတ်သည်။ ဗိုက်ထဲကအနာက သက်သာလာသလိုလို ရှိလိုက်၊ တိုးပြီးနာလာလိုက်နှင့် စိတ်တွေက ဘယ်လိုမှ မငြိမ်။ 'အင်း ဗိုက်ခွဲရင်း ငါသေသွားရင်တော့ သားသမီးတွေကိုတွေ့ရမှာမဟုတ်ဘူး၊ ဒါပေမယ့် သူတို့လည်း လူ လားမြောက်ပါပြီလေ၊ စိတ်ချနေရပြီပဲဟာ'ဟု တွေးရင်း မျက်စိကိုမှိတ်ကာ ဝင်သက်ထွက်သက်ကို ရှုမှတ်သည်။ ခဏ နေတော့ အတန်ငယ် ငြိမ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com


မငြိမ်သူကတော့ ဒေါ်ခင်ခင်ကြီးဖြစ်သည်။ ပေါင်အလေးချိန် တစ်ရာ့ငါးဆယ်ကျော်ရှိသော ခန္ဓာကိုယ်ကြီးကိုသယ်ရင်း အပေါ်တက်လိုက်၊ အောက်ဆင်းလိုက်၊ တယ်လီဖုန်းပြေးဆက်လိုက်နှင့် လှုပ်လှုပ်ရှားရှားဖြစ်နေသည်။ အဘွားကို မဟာမြိုင် တင်ရမလား၊ ဆာကူရာ တင်ရမလား၊ ယူအိတ်(ချ်)စီ ပို့ရမလား မဝေခွဲတတ်။ ဘယ်နေရာက ဘယ်ခွဲစိတ်ဆရာဝန် တော်သနည်းလည်း သူမသိ။ သူက ထမင်းဟင်းချက်တတ် ဈေးသွားတတ်သော်လည်း မြေးထိန်းတတ်သော်လည်း အူအတက်ရောင်ခြင်းတည်းဟူသော ရောဂါကို မည်သည့်နေရာတွင် မည်သူနှင့်ကုရမည် မသိရှာချေ။ ထို့ကြောင့် ယောကျ်ားဆီတယ်လီဖုန်းဆက်လိုက်၊ သမီးနှင့်သမက်ဆီ ဆက်လိုက်၊ ရန်ကုန်တစ်မြို့တည်းရှိနေသူ မောင်ဖြစ်သူဆီ ဆက်လိုက်၊ ကျန်သော မောင်ညီမတွေရှိရာ နယ် အဝေးတွေကို လှမ်းခေါ်လိုက်နှင့် ပျာယာခတ်နေသည်။ သူ့ဟာသူလည်း ဘာမှ မဆုံးဖြတ်တတ်ရှာပေ။

ခဏနေတော့ အိမ်ရှေ့တွင်ကားတစ်စင်းဆိုက်လာသည်။ ပျာယိပျာယာနှင့်ဆင်းလာသူက မောင်မောင်ကြီးဖြစ်လေသည်။

"နင့်ဆီကလည်း ဖုန်းဆက်ရတာခက်လိုက်တာ ငမောင်ရယ်"

"အမေရော"

မောင်မောင်ကြီးက အဘွားဆီသို့ တန်းပြီး တက်လာသည်။ အိပ်ရာထဲတွင် အေးအေးချမ်းချမ်းလဲလျောင်းနေသည်ကို တွေ့သောအခါမှ သက်ပြင်းတစ်ချက်ရှိုက်ကာ 'စိတ်ပူလိုက်တာ အမေရာ'ဟု ပြောသည်။ ခင်ခင်ကြီးကတော့ သူ့မောင်ရောက်လာ၍ အတော်ကြီး အားရှိသွားသည်။ ဝုန်းဒိုင်းကြဲအောင်ဆော့နေသော ဂဂျီနှင့်ဂကျောင်ကို ထမင်းချက် အဝတ်လျှော် တာဝန်ယူထားရသော ဒေါ်လှချစ်နှင့် အဘွား၏ အပါးတော်မြဲ ကောင်မလေးတို့လက်ထဲသို့ တစ်ယောက်တစ်ကောင်စီ

www.burmeseclassic.com

www.burmeseclassic.com


အပ်လိုက်သည်။ သိပ်ပြီး စိတ်ချစရာမရှိသော်လည်း မျက်နှာလွှဲလိုက်သည်။ 'ဒီတစ်နေ့တော့ အမေ့နားမှာပဲ နေတော့မယ်၊ ဒီမျောက်လောင်းနှစ်ကောင် မိုးပျံအောင်ဆော့လည်း မတတ်နိုင်ဘူး၊ ထိပ်ပေါက်ပေါက် ခေါင်းကွဲကွဲ ဖြစ်ချင်တာဖြစ် မတတ်နိုင်ဘူး' ဟု တွေးသည်။

နေ့ခင်းကျတော့ အဘွားကို သားနှင့်သမီးက ဘယ်တစ်ဖက်၊ ညာတစ်ဖက်တွဲကာ ဆေးရုံသို့ခေါ်လာကြသည်။ ပုဂ္ဂလိက ဆေးရုံ ဆိုတော့လည်း နေ့ခင်းပိုင်းတွင် လုပ်စရာရှိသည်များကို ပြုလုပ်ပြင်ဆင်ထားပြီး ညနေကျမှ ခွဲကြရမည်ဖြစ်သည်။

"ခန္ဓာရှိလို့ ဝေဒနာရှိတာပဲ အမေရာ"

အဘွားကြောက်နေမှန်းသိတော့ သားကြီးက တတ်သမျှ မှတ်သမျှ အားပေးသည်။ သားသမီးတွေ စိတ်မပူအောင် ကြိုးစားပြီး ပြုံးသော်လည်း အဘွား၏အပြုံးက မပီပြင်ချေ။ မချိပြုံးလေးဖြစ်နေသည်။ သတိမေ့နေလျှင် တော်ဦးမည်။ အခုတော့ ခါးရိုးထဲ ထုံဆေးထိုးထည့်ပြီး သူ့ဗိုက်ကို ဓားကြီးနှင့်ခွဲချမည်ဆိုတော့ အဘွားခမျာ ဘယ်လိုပင် အားတင်းသော်လည်း မကြောက် ဘဲ မနေနိုင်ရှာပေ။

ည ခုနစ်နာရီတွင် ခွဲမည်ဖြစ်ရာ ခြောက်နာရီလောက်ကျတော့ သားအငယ် မောင်မောင်လေးတစ်ယောက် မောကြီး ပန်းကြီးနှင့် ရောက် လာသည်။

"အလုပ်တွေ အကုန်လွှဲပြီး တောက်လျှောက်မောင်းချလာတာ အမေရေ့၊ ညောင်တုန်းတံတားကြီး ပြီးသွားတာ သိပ်ဟန်ကျတာပဲ၊ ပုသိမ်–ရန်ကုန်ခရီးက မြေကြောရှုံ့သွားသလို တော်တော်မြန်သွားတယ်၊ အရင်လိုသာ ဇက်စောင့်ပြီး မြစ်ကူးနေရရင် အမေ့ကို ခွဲခန်းထဲမသွင်းခင် မီချင်မှ မီမှာ"

မောင်မောင်လေးက အဘွားလက်ကို တင်းတင်းဆုပ်ထား

www.burmeseclassic.com

www.burmeseclassic.com


သည်။ အဘွားကိုချစ်ကြင်နာစွာကြည့်ရင်း 'မကြောက်နဲ့နော် အမေ၊ ကျွန်တော် ဗေဒင်မေးလာတယ်၊ အမေ့အသက် တစ်ရာကျော်မယ်တဲ့' ဟု ပြောသည်။ အတည်ပေါက်နှင့် ဖြီးတတ်သော သူ့သားအကြောင်းကို သိပြီးသားမို့ အဘွားက ကြောက်စိတ်တွေလျော့ကာ ရယ်ချင်လာသည်။ အမေ့ကို ခွဲစိတ်ခန်းထဲမပို့မီ မြင်ချင်၍ တရကြမ်းမောင်းလာသည် ဟူသော စကားကြောင့် တသိမ့်သိမ့်ကြည်နူးသွားသည်။ 'ကြည့်စမ်း၊ ငါ ကံကောင်းလိုက်တာ၊ ငါ့သားသမီးတွေက သိတတ်လိုက်တာ'ဟု အခါခါ တွေးရင်း ခွဲစိတ်ခန်းထဲကို ခပ်ပြုံးပြုံးဝင်သွားသည်။ 'ဘာမှ မပူနဲ့၊ အမေက တရားမှတ်နေလိုက်မှာ၊ မကြောက်တော့ပါဘူး'ဟု ပြန်၍ အားပေးသွားသေးသည်။

အဘွားပြောသလိုပင်ဖြစ်သည်။ အဘွားကို အောင်မြင်စွာ ခွဲစိတ်၍ ပြီးသွားသည်။

ထိုနေ့ညက အဘွားခွဲစိတ်ခန်းထဲမှ အပြင်ရောက်ပြီး တစ်နာရီလောက်နေမှ သားနှစ်ယောက်ပြန်သွားသည်။ ခင်ခင်ကြီး ကတော့ အိမ်မပြန်။ သူနာပြုဆရာမနှင့်အတူ အဘွားဘေးတွင် စောင့်နေရစ်သည်။ ဆေးပိုက်တွေ၊ နှာခေါင်းပိုက်တွေ အကုန် တန်းလန်းထည့်ထား၍ အနေခက်လှသော်လည်း မျက်စိဖွင့်ကြည့်လိုက်တိုင်း သမီးဖြစ်သူ ခင်ခင်ကြီးက 'အမေ၊ ခင်ကြီး ရှိတယ်နော်' ဟု တိုးတိုးပြောတတ်တော့ အဘွားခမျာ အားတွေ အထပ်ထပ်ရှိနေသည်။

နောက်နေ့မနက်ကျတော့ မန္တလေးမှမောင်မောင်လတ်၊မကွေးမှ ခင်ခင်လေးနှင့် မော်လမြိုင်မှ ခင်ခင်လတ်တို့ ရှေ့ဆင့် နောက်ဆင့် ရောက်လာကြသည်။ ပြုံးရယ်နေသော အဘွားကို တွေ့လျက်နှင့် ခင်ခင်လတ်က 'စိတ်ပူလိုက်ရတာ အမေရယ်' ဟုပြောပြီး မျက်ရည်တွေ ကျနေသေးသည်။ မောင်မောင်လတ်ကလည်း 'ရထားက ရရာတွဲနဲ့ လိုက်

www.burmeseclassic.com

www.burmeseclassic.com


လာရတာဆိုတော့ အိပ်စင် မရဘူးလေ၊ ဆောင့်လိုက် ခါလိုက်တာက လည်း အရမ်း၊ ကျွန်တော်က အအိပ်မက်တော့ မီးရထား ဘယ်လောက် ခုန်ခုန် ငိုက်ခနဲ အိပ်တာပဲ၊ အိပ်လိုက်တာနဲ့ အိပ်မက်ထဲမှာ အမေ သေ တယ်ချည်း မက်တော့တာ၊ ဘယ်နှခါမှန်းတောင် မသိဘူး၊ အမလေး စိတ်ဆင်းရဲလိုက်တာ၊ ပင်ပန်းလိုက်တာ ပြောမနေပါနဲ့တော့ အမေရာ'ဟု ညည်းညည်းညူညူ ပြောသည်။ သူ့မျက်စိရှေ့မှ ပျောက်ထွက်သွားမှာစိုးသလိုအဘွား၏လက်ကိုတင်းတင်းဆုပ်ထားတော့ အဘွားက 'အမေ မသေပါဘူးသားရယ်၊ အသက်တစ်ရာ ကျော်မယ်လို့ ဗေဒင်က ဟော သတဲ့' ဟု သူကိုယ်တိုင်မယုံဘဲနှင့်ပြန်ပြောမိသေးသည်။

နောက်ဆုံးရောက်လာသူက အငယ်ဆုံးသမီး ခင်ခင်ထွေးဖြစ် သည်။ သူက အလယ်တန်းကျောင်းအုပ်ဆရာမကြီးဆိုတော့ သူ့တပည့် တပန်းတွေ ကန်တော့သမျှ ဟောလစ်တို့ အိုဗာတင်းတို့ကို အဘွား အတွက် တစ်ထမ်းတစ်ပိုးကြီး သယ်ချလာသည်။

"ဟော့ ဟောလစ်တွေ၊ အိုဗာတင်းတွေ ဘာလုပ်ဖို့လဲ၊ နောက် ဆုံးမှလာပြီး ဒါတွေသယ်လာလို့ ဘာလုပ်ရမှာလဲ"

အတည်ပေါက်နှင့် စ,ဟောက်သူက မောင်မောင်လေး ဖြစ် သည်။ သူက မျက်စိတစ်ဖက်မှိတ်ပြထားတော့ ကျန်အစ်ကို အစ်မများ ကပါ တစ်ယောက်တစ်ပေါက် ဝိုင်းပြီး ဆူကြသည်။

"ဟုတ်သားပဲ၊ အရေးကြီးတာက အမေနေမကောင်းဘူးဆိုရင် ချက်ချင်းအရောက်လာဖို့ပဲ"

"အမေက သမီးမျက်နှာလေး ကြည့်ချင် မြင်ချင်ရှာတာ"

"အလုပ်ကတော့ အလုပ်ပေါ့၊ ဒါပေမယ့် အဲဒီအလုပ်က အမေ့ ထက် အမြဲတမ်း အရေးကြီးနေလား"

ခင်ခင်ထွေးခမျာ သူ့ကျောင်းမှာသာ သူက ကျောင်းအုပ် ဆရာ

www.burmeseclassic.com

www.burmeseclassic.com


မ ကြီးဖြစ်သော်လည်း မိသားစုဝင်ထဲမှာတော့ အငယ်ဆုံးဖြစ်သည်။ အစ်ကိုတွေ အစ်မတွေ ဘယ်သူ့ကိုမှ သူက ပြန်မပြောရဲရှာချေ။ မျက်လုံးလေး ပေကလပ် ပေကလပ်နှင့် ဟိုကြည့် ဒီ ကြည့်ဖြစ်နေရှာသည်။ အားလုံးက မျက်နှာထိ မျက်နှာထားတွေနှင့်ဆိုတော့ မျက်ရည်တွေ ပိုးပိုး ပေါက်ပေါက် ကျလာသည်။ 'ခင်ထွေး ခင်ထွေး လာချင်ပါတယ်၊ အဟုတ် အဟုတ်ကို လာ လာလို့ မရတာပါ"ဟု ထစ်ထစ်ငေါ့ငေါ့ ပြော တော့မှ တဝါးဝါး ဝိုင်းရယ်ကြသည်။ ခင်ထွေး၏ခေါင်းကို ချစ်စနိုး ဝိုင်းပုတ်ကြရင်း 'ငအ မလေး' ဟု ထောမနာပြု ကြသည်။

အဘွားခမျာမှာတော့အသက်လေးဆယ်ကျော် ငါးဆယ်ကျော် သူ့သား သူ့သမီးတွေကို ကြည့်ရင်း ကလေးလေးတွေလိုပင် ထင်နေသည်။ သူတို့ တစ်ဦးနှင့်တစ်ဦး ပြောကြ ဆိုကြ ရယ်ကြ မောကြနှင့် ပျော်နေကြသည်ကို ကြည့်၍မဝ၊ နားထောင်၍ မဝနိုင်အောင်ရှိသည်။

နောက်ရက်တွေကတော့ အဘွားအတွက် ရွှေရောင်လွှမ်းသော နေ့ရက်များဖြစ်သည်။ ရှားရှားပါးပါး လာဆုံသော သားသမီးခုနစ်ဦးနှင့်အတူတွဲပြီးဓာတ်ပုံပင်ရိုက်လိုက်ရသေးသည်။ ရိုက်ရသည့်နေရာကလည်း ကြည့်ဦး။ လူနာခုတင်ပေါ်တွင် အဘွားက ကိုယ်တစ်ပိုင်းမှီကာထိုင်နေရင်း သားသုံးယောက်နှင့်သမီးလေးယောက်က ဘေးမှ ဝိုင်းနေကြသည်။ ခွေးချေလေးနှင့် ထိုင်နေသော မောင်မောင်ကြီးက အဘွား၏ခုတင်ပေါ်တွင် ဟန်ပါပါနှင့် လက်တစ်ဖက် ထောက်ထားသည်။ သူ့နောက်က ခင်ခင်လတ်က နှင်းဆီပန်းတွေ ထိုးထားသော ပန်းအိုးကို သူ၏ခေါင်းနောက်ဘက်တွင် ဗုက်လျက် ကိုင်ထားသည်။ အမှတ်မဲ့ကြည့်လျှင် မောင်မောင်ကြီးခမျာ ပန်းတွေ ဝေနေအောင် ပန်ထားသည်နှင့် တူနေသည်။ ခင်ခင်လတ်၏ ခေါင်းနောက်ဘက်တွင်လည်း မောင်မောင်လေးက လက်ဆယ်ချောင်းကိုဖြန့်ကာ ကားကားကြီး

www.burmeseclassic.com

www.burmeseclassic.com


ထောင်ထားပြန်သည်။ ခင်ခင်ကြီးက အဘွားအတွက် ဆန်ပြုတ် ပန်းကန်ကိုကိုင်ကာ ဓာတ်ပုံရိုက်ရာဘက်လှည့်ပြီး အစွမ်းကုန် ပြုံးပြနေသည်။ သူ့နောက်မှ မောင်မောင်လတ်က ဓာတ်ဘူးကြီး ကိုင်ပြီး (ဓာတ်ဘူးထဲမှာ တကယ်တော့ ဘာမှမရှိ) သူ့ခေါင်းပေါ် လောင်းချမည့်ဟန် ပြင်နေသည်ကို မသိ။ ခင်ခင်လေးနှင့် ခင်ခင်ထွေးက ပန်းတွေနှင့် ဝေနေသော သူတို့အစ်ကိုကြီးအားကြည့်ကာ အားရပါးရရယ်နေကြလေသည်။

အဘွားဘေးတွင် အားလုံးဣန္ဒြေရရ ရပ်ကာ ရိုက်ထားသော ဓာတ်ပုံတစ်ပုံရှိသေးသော်လည်း ပထမပုံလောက် သူတို့က မကြိုက်၊ သား မယားတွေလည်းမပါ၊ ကလေးတွေလည်းမပါဘဲ သူတို့ မောင်နှမ ချည်း သက်သက် ပြန်ဆုံရသဖြင့် သူတို့ကိုယ်သူတို့ လူငယ်တွေလိုပြန်ဖြစ်ပြီး ငယ်တုန်းက အကြောင်းတွေကို ပြောရ၍မဆုံး ရယ်၍ မဆုံးနိုင်အောင် ဖြစ်နေကြသည်။

ဒီလိုနှင့်ပင် အချိန်တွေ လျင်မြန်စွာ ကုန်သွားသည်။ အဘွားလည်း အနာကျက်ကာ ချုပ်ရိုးဖြေရသည်။ ဆီးချိုလည်းမရှိ၊ သွေးတိုးလည်းမတက်၊နှလုံးကလည်းကောင်းသည်၊အဖျားလည်းမတက်၊အနာလည်း ပိုးမဝင်၊ အဘွား၏အခြေအနေကဆရာဝန် လက်ဖျားခါလောက် အောင်ပင်ကောင်းနေသည်။

"ဒီလိုအသက်အရွယ်မှာ ခွဲစိတ်ပြီး ဒီလောက်ကောင်းတာ သိပ်ရှားတာ၊ အဘွားကတော့ ထူးရှယ်ပါပဲ"

အစောင့်သူနာပြုဆရာမလေးက ပြောသည်။ အဘွားကတော့ အရင်တုန်းကလောက် မရွှင်တော့ပေ။ သူ နေကောင်းလျှင် အိမ်ပြန်ရတော့မည်။ အိမ်ပြန်ရောက်ပြီးလျှင်တော့ သူ့သား သူ့သမီးတွေလည်း သူတို့တာဝန် သူတို့မိသားစုများရှိရာသို့ တစ်ယောက်ပြီးတစ်ယောက် ပြန်ကြတော့မည်။

www.burmeseclassic.com

www.burmeseclassic.com


အဘွားစိုးရိမ်သောအချိန်သည် ချက်ချင်းပင် ရောက်လာသည်။ စ၍ပြန်သူက မန္တလေးမှ မောင်မောင်လတ်ဖြစ်သည်။ 'ခွင့်စေ့နေပြီ အမေရဲ့၊ သီတင်းကျွတ်ကျမှ တစ်ခါလာခဲ့မယ်နော်' ဟုပြောကာ အဘွား၏ခြေအစုံကို ခေါင်းနှင့်တိုက်၍ ကန်တော့သွားသည်။ ခင်ခင်လတ်ကိုတော့ သူ့ယောက်ျားက တယ်လီဖုန်းဆက်သည်။ သားအငယ်လေး ဖျားနေသည်။ အမြန်ပြန်လာ ပါတဲ့။ မောင်မောင်လေးကတော့ အဘွားဆေးရုံမှမဆင်းမီကတည်းက ပုသိမ်ကို တစ်ခေါက် ပြန်ပြေးပြီးဖြစ်သည်။ ဟိုက အလုပ်တွေကို ကြည့်ရှုစစ်ဆေးပြီး အဘွားဆီ ပြန်လာသည်။ ဒီမှာ လေးငါးရက်နေပြီးလျှင်တော့ တစ်ခါ မပြန်၍ မဖြစ်တော့။ သူ့အလုပ် တွေက အရေးကြီးသည်။ ပုသိမ်-ရန်ကုန် နီးနီးလေးပါ အမေရာ၊ ဒီတစ်ခါ ကျွန်တော်လာရင် ဗေဒင်ဆရာပါ ခေါ်လာဦးမယ်' ဟု ရယ်မောပြောသွားသည်။

တက္ကသိုလ်မှ ဆရာမဖြစ်သော ခင်ခင်လေးကလည်း စာမေးပွဲကိစ္စ၊ မေးခွန်းကိစ္စ အရေးကြီးနေရှာသည်။ အမေ့ကိစ္စမို့ ဖွတ်ထွက်လာရသော်လည်း သူ့အလုပ်နှင့်တာဝန်က သူ့ကို စောင့်နေသည်။

မောင်မောင်ကြီး၏ခြံမှ သီဟိုဠ်သရက်များ မှည့်ရင့်ခါနီးပြီဖြစ်သည်။ ဒီအချိန်က ကြပ်ကြပ်မတ်မတ် မစောင့်ရှောက်လျှင် သူခိုးလက်ထဲ ပါတတ်၍ သူ၏ခြေဦးက မှော်ဘီဘက်သို့ လှည့်နေပြီဖြစ်သည်။ 'ကျွန်တော့်ခြံကို တစ်ရက်လောက် လိုက်ကြည့်ပါဦး အမေရာ၊ ကျွန်တော်လာခေါ်မယ်နော်၊ အဝင်လမ်းက နည်းနည်းကြမ်းလို့ အမေအားမွေးလိုက်ဦး' ဟု ပြောသည်။

နောက်ဆုံးမှရောက်လာသော ခင်ခင်ထွေးက နောက်ဆုံးမှ ပြန် သည်။ အဘွားနှင့်အတူ အချိန်ပြည့်ကပ်နေရင်း အဘွားကို ကလေးတစ်ယောက်လို ဂရုတစိုက်နှင့်ပြုစုသည်။ တောင်တံကြီးတွေကိုကျောက်

www.burmeseclassic.com

www.burmeseclassic.com


ပျဉ်အပြည့်သွေးပြီး အဘွားတစ်ကိုယ်လုံးမွှေး ကြိုင်နေအောင် လိမ်းပေးသည်။ အဘွားဆံနှပ်ပြုတ်သောက်လျှင် ငါးကြော် အရိုးလေးများ အသေအချာထွင်ပေးသည်။ အဘွား ရောက်တတ်ရာရာ ပြောသမျှကို စိတ်ဝင်တစား နားထောင်သည်။ သူ့ကျောင်းမှ တပည့်လေးများ အကြောင်းကိုလည်း ပုံပြင်တွေလို ပြောပြသည်။ နောင်အခါ အဘွား အဖော်လုပ်ရမည့် အတွေးထဲတွင် ခင်ခင်ထွေး၏တပည့်လေးများလည်း တစ်ခါတစ်ရံ ရောက်လာလိမ့်မည် ဖြစ်လေသည်။

"သူလည်း ပြန်ရမှာပါပဲလေ"

အဘွားက သက်ပြင်းလေးတစ်ရှိုက်ရှိုက်နှင့် တွေးဆဲမှာပင် ခင်ခင်ထွေးက 'ခင်ထွေးလည်း ခွင့်ရက်စေ့ပြီ အမေရယ်' ဟု ပြောသည်။ ဒီမှာသာ ကလေးလုပ်နေသော်လည်း သူ့ကျောင်းမှာ သူက လူကြီးမဟုတ်လားဟု တွေးရင်း အဘွားက 'ပြန်လေ သမီးရယ်၊ စိတ်ချလက်ချပြန်၊ အမေက ကောင်းနေပြီပဲဟာ' ဟု ပြောရသည်။

နောက်ဆုံးတော့ အဘွား၏ဘေးတွင် အတူနေသမီးကြီး ခင်ခင်ကြီးတစ်ယောက်သာ ကျန်လေတော့သည်။

အခုတော့ အဘွားသည် ဘုရားစင်အောက်က ပက်လက်ကုလားထိုင်တွင် ပြန်၍ ထိုင်နေရပြီဖြစ်သည်။ ခါတိုင်းလိုပင် ပဋ္ဌာန်းရွတ်၊ ပရိတ်ရွတ်၊ ပုတီးစိပ်၊ တရားမှတ်နှင့် ရှည်လျားလှသော နေ့တာများကို တရွေ့ရွေ့ ကုန်လွန်စေရသည်။

ပက်လက်ကုလားထိုင်ဘေးက စားပွဲပုလေးပေါ်တွင်ကား အဘွား၏ဆေးပုလင်း၊ စိပ်ပုတီး၊ ရေပုလင်းနှင့် ရေခွက်စသော ပစ္စည်းပစ္စယများအပြင် မှန်ဘောင်သွင်းထားသော မိသားစုဓာတ်ပုံတစ်ပုံပါတိုးလာသည်။ ဇရတ်သုတ်ခရိုက်ထားသော ပုံကလေးကို ငေးကြည့်မိတိုင်း အဘွား၏မျက်နှာတွင် အပြုံးရိပ်ထင်လာတတ်သည်။ အူအတက်

www.burmeseclassic.com

www.burmeseclassic.com


ခွဲခဲ့ရသောနေ့ရက်များကို ပြန်ပြောင်းတွေးရသည်က အဘွားအတွက် ကြည်နူးစရာပင်ဖြစ်သည်။ အဘွားအတွက် ရှည်လျားလှသော နေ့တာများသည် ထိုရက်များအတွင်းက ဘယ်လိုကုန်လွန်သွားမှန်းပင် မသိရအောင် တိုတောင်းခဲ့ရလေသည်။

ဒေါ်ခင်ခင်ကြီးခများလည်း ထုံးစံအတိုင်း 'ဟဲ့ ဂဂျီ၊ ဟဲ့ ဂကျောင်' နှင့် အော်ဟစ်နေရရှာပြီဖြစ်သည်။ လူကလည်း ပိုပြီး ဝ,လာသည်။ ထိုင်လျှင် ထလျှင်ပင် အီးခနဲအဲခနဲ အားယူနေရတော့ အဘွား၏ ကုလားထိုင်သေးက ကြမ်းပြင်တွင် တစ်နေ့ တစ်ခါလောက် ထိုင်နိုင်ဖို့ပင် အတော်လေး ကြိုးစားရရှာသည်။

ဒီနေ့တော့ အဘွားက ထူးထူးဆန်းဆန်း မေးသည်။

"သမီးရေ အူအတက်ဆိုတာ ဘယ်နှခုရှိလဲဟင်"

"ဟာ အမေကလည်း တစ်ခုပဲရှိတာပေါ့"

"အဲဒါဆိုရင် အမေ့မှာ နောက်ထပ် ရောင်စရာ အူအတက်မရှိတော့ဘူးပေါ့"

"ဖြတ်ထုတ်ပစ်လိုက်ပြီလေ အမေရဲ့၊ သူ့ကိုလုံးဝကြောက်စရာ မလိုတော့ဘူး၊ ဘာဒုက္ခမှ မပေးနိုင်တော့ဘူး"

ဒေါ်ခင်ခင်ကြီးက သူ့အမေ တွေးတွေးပြီး ကြောက်နေသည်ထင်၍ အားပေးသည်။


အဘွားကတော့ အားတက်ဟန်မတူ၊ သက်ပြင်းလေးကို မသိမသာရှိုက်ရင်း ငြိမ်သွားသည်။ မိသားစုဓာတ်ပုံလေးကို ငေးကြည့်ရင်း စိတ်ထဲမှ ဝမ်းနည်းပမ်းနည်း ရေရွတ်နေမိလေသည်။

"အူအတက်ဆိုတာ တစ်ခုတည်းပါတာတဲ့၊ ငါ့မှာ ရောင်စရာ အူအတက် မရှိတော့ဘူးတဲ့ကွယ်"

(ကလျာ ၂၀၀၁ ဇူလိုင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com